mgyoe.com

SAMPLE BOOK

မြသန်းတင့်

# ရှားလော့ဟုမ်း၏မှတ်တမ်းများ

# THE MEMOIRS OF SHERLOCK HOLMES

SIR ARTHUR CONAN DOYLE

designed by tin htoon



mgyoe.com

mgyoe.com

SAMPLE BOOK



မြသန်းတင့်

# ရှားလော့ဟုမ်း၏ မှတ်တမ်းများ

# THE MEMOIRS OF SHERLOCK HOLMES

SIR ARTHUR CONAN DOYLE

ငွေကြာ ပျောက်ဆုံးမှု
နန္ဒင်းရောင် မျက်နှာကြီး
ငွေကိုင်စာရေး လိမ်လည်မှု
ရှားလော့ဟုမ်း၏ ပထမဆုံး အမှု
သိုက်သမား
သားနှင့် အဖေ
သူတော်ကောင်း လူဆိုး
ဘရွတ်လမ်း လူသတ်မှု
ဂရိစကားပြန် အမှု
ရေကြောင်းစာချုပ် ပျောက်ဆုံးမှု
ရှားလော့ဟုမ်း၏ ဇာတ်သိမ်း

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | မြန်မာပြန်သူ၏ အမှာ | ၁ |
| | တိုက်စိုး၏ အမှာ | ၃ |
| ၁။ | ငွေကြာ ပျောက်ဆုံးမှု | ၉ |
| ၂။ | နဒွင်းရောင် မျက်နှာကြီး | ၄၉ |
| ၃။ | ငွေကိုင်စာရေး လိမ်လည်မှု | ၇၉ |
| ၄။ | ရှားလော့ဟုမ်း၏ ပထမဆုံး အမှု | ၁၀၉ |
| ၅။ | သိုက်သမား | ၁၄၃ |
| ၆။ | သားနှင့် အဖေ | ၁၇၃ |
| ၇။ | သူတော်ကောင်း လူဆိုး | ၂၀၅ |
| ၈။ | ဘာရွတ်လမ်း လူသတ်မှု | ၂၃၅ |
| ၉။ | ဂရိ စကားပြန် အမှု | ၂၆၅ |
| ၁၀။ | ရေကြောင်း စာချုပ် ပျောက်ဆုံးမှု | ၂၉၇ |
| ၁၁" | ရှားလော့ဟုမ်း၏ ဇာတ်သိမ်း | ၃၅၇ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာပြန်သူ၏ အမှာ

ယခု ဘဝတက္ကသိုလ်မှ ထုတ်ဝေသည့် 'ရှားလော့ဟုမ်း၏ မှတ်တမ်းများ' စာအုပ်ကို 'ပြိုင်မြင်း ငွေကြာ ပျောက်ဆုံးမှုနှင့် အခြား ဝတ္ထုတိုများ' အမည်ဖြင့် ၁၉၈၂ ခုနှစ်တွင် အောင်သိဒ္ဓိ စာပေတိုက်မှ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်တွင် စာမျက်နှာ ဆယ့်ခြောက်ချိုးဖြင့် နှစ်တွဲ ခွဲ၍ ထုတ်ဝေခဲ့ပါသည်။

ယခု ဘဝတက္ကသိုလ်မှ ထုတ်ဝေသည့် အခါတွင် ယခင် နာမည်ကို ပြောင်းလိုက်ပြီး အင်္ဂလိပ် မူရင်း နာမည် ဖြစ်သည့် 'ရှားလော့ဟုမ်း၏ မှတ်တမ်းများ' အမည်ဖြင့် ထုတ်ဝေပါသည်။ ယခု ပုံနှိပ်ရာတွင် ဘဝတက္ကသိုလ်မှ ယခင် ထုတ်ဝေခဲ့သော ရှားလော့ဟုမ်း အတွဲများနှင့် တစ်ရှုယ်တည်း ဖြစ်စေရန် စာအုပ် အရွယ်ကို ပြောင်းထားရုံမျှမက အချို့ကို ပြင်ဆင် တည်းဖြတ်ထားပါသည်။

ထို့ပြင် ထိုအတွဲတွင် ပါသည့် ဝတ္ထုများနှင့် ပတ်သက်၍ ဆစ်ဒနီ ပေးဂျက်၏ မူရင်း ပုံများကို ရှာဖွေ တွေ့ရှိသဖြင့် ထပ်မံ ထည့်သွင်းထား ပါသည်။

ထို့ကြောင့် စာအုပ် အရွယ်ကို ပြောင်းလဲထားခြင်း၊ ပြင်ဆင် တည်းဖြတ်ထားခြင်း၊ သက်ဆိုင်ရာ ဝတ္ထုများတွင် ဆစ်ဒနီ ပေးဂျက် ရေးဆွဲသည့် ပုံများကို ဖော်ပြထားခြင်းတို့သည် အောင်သိဒ္ဓိ စာပေမှ ထုတ်ဝေသော စာအုပ်နှင့် ယခု စာအုပ်၏ ခြားနားချက် ဖြစ်ပါသည်။

ကျွန်တော် မြန်မာပြန်သော ရှားလော့ဟုမ်း ဝတ္ထုများ၏ အောက်ခြေတွင် မူရင်း ဝတ္ထုနှင့် ရွှေဥဒေါင်း မြန်မာပြန်သော ဦးစံရှား ဝတ္ထုများကို ရှာဖွေ၍ ရသမျှ ဖော်ပြခဲ့ပါသည်။ ကွဲလွဲချက်များ ရှိနိုင်ပါသည်။ ရွှေဥဒေါင်း၏ ဦးစံရှား ဝတ္ထုများ ပါဝင်သော မဂ္ဂဇင်းများကို ရှာရသည်မှာ မလွယ်ပါ။ လွန်ခဲ့သည့် အနှစ် ၆၀ ကျော်က မဂ္ဂဇင်းများ ဖြစ်သဖြင့် အချို့မှာ ရှာ၍ မတွေ့သေးပါ။ သုတေသီများ ဆက်လက် သုတေသန ပြုကြရန် ဖြစ်ပါသည်။

မြန်မာပြန်သူ



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## တိုက်စိုး၏ အမှာ

စာရေးဆရာ အာသာ ကိုနင်ဒွိုင်းလ်သည် မူလက ဆရာဝန် ဖြစ်လေသည်။ ဤတွင် သူသည် ငယ်စဉ်ကတည်းက စာရေး ဝါသနာ ပါ၏။ အင်္ဂလိပ် အယ်လင် ပိုး စသူများ၏ လျှို့ဝှက်သည်းဖို ဝတ္ထု၊ စုံထောက် ဝတ္ထုတွေလည်း သူ အဖတ်များလေသည်။

စာပေ ဝါသနာ အခံ ရှိနေသည်တွင် ဆရာဝန် ဘဝကို သူ စွန့်လွှတ်ကာ ဝတ္ထုရေးဆရာ အဖြစ် ဝမ်းကျောင်းရန် အခြေအနေ ပေါ်လာခဲ့လေသည်။ သူသည် အက်ဒင်ဗာရာ တက္ကသိုလ်မှ ဆေးပညာဘွဲ့ ယူပြီးသည်နောက် ဆောက်ဆီး ဒေသသို့ သွားရောက် ဆေးကုလေသည်။ ထိုအခါ ဝင်ငွေက မလုံလောက်။ အာသာ ကိုနင်ဒွိုင်းလ်သည် ဝတ္ထု ရေးရန် စိတ်ကူး ရလေသည်။ ဇာတ်ဆောင် အတွက် နမူနာလည်း တွေ့ပြီးပြီ။

ထိုနမူနာကား အခြား မဟုတ်။ ဆေးကျောင်းသား ဘဝက သူ့ဆရာ ဖြစ်ခဲ့ဖူးသော ဂျိုးဆက် ဗဲ ဆိုသူ ဖြစ်လေသည်။ ဂျိုးဆက် ဗဲသည် စူးစမ်း ဆင်ခြင်ရာတွင် အလွန် တော်သည်။ ခွဲစိတ်ခန်းထဲသို့ ရောက်လာသော အလောင်းကို ရုတ်တရက် ကြည့်ပြီး 'ဒီလူက ဘယ်သန်ပဲ၊ အလုပ်က ဖိနပ် ချုပ်စားတာ ဖြစ်လိမ့်မယ်' ဟူသော မှတ်ချက်မျိုး ပေးတတ်လေသည်။ မှတ်ချက် ပေးသည့် အတိုင်းလည်း မှန်ပါပေ၏။

အာသာ ကိုနင်ဒွိုင်းလ်သည် သူ့ ဆရာကို မူတည်၍ ပုဂ္ဂလိက စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးလေသည်။

ထိုသူ၏ သဏ္ဍာန်မှာ ကိုယ်လုံး သွယ်သွယ်နှင့် အရပ် ခြောက်ပေကျော်သည်။ မျက်စိ အကြည့် စူးသည်။ ဆေးတံ ခဲ၍ စဉ်းစားခန်း ဝင်တတ်သည့် အပြင် တယောထိုး အပန်းဖြေလေ့ ရှိသည် (ရံဖန်ရံခါ ကုတ်ကင်း သုံးစွဲသည်။)။ ပညာအားဖြင့်မူ ဓာတုဗေဒ၊ ခန္ဓာဗေဒ၊ ရာဇဝတ်မှု ဥပဒေ စသည့် စုံထောက်တို့ သိအပ်သမျှ ဆည်းပူးထားလေသည်။



mgyoe.com

mgyoe.com သိုင်းလက်ဝှေ့တို့လည်း လေ့ကျင့်ထားသည်။ တစ်ဖန် အမှုအခင်း လိုက်ရာတွင် ဆိုင်ရာ ပစ္စည်းကို မှန်ဘီလူးဖြင့် စေ့စေ့စပ်စပ် သူ ကြည့်တတ်သည်။ အနီးအနားတွင် တွေ့ရသော စီးကရက်တိုကဲ့သို့ အသေးအဖွဲမျိုးကို ကောက်ယူ သိမ်းဆည်းရန် သူ မမေ့။ ထိုမျှ မကသေး၊ အရေးကြီးသည့် အချက်အလက်များ ထုတ်နုတ် စိစစ်၍ အဖြေ ရှာနိုင်သော ဉာဏ်လည်း သူ့တွင် ရှိသည်။

ဆိုစရာ တစ်ခုမှာ သူ့တွင် ကြောင့်ကြစရာ အိမ်ထောင် မရှိ။ အမှတ် ၂၂၁ ဘီ၊ ဘေကာလမ်းတွင် အဖော် တစ်ဦးနှင့် တိုက်ခန်း ငှားနေထိုင်လေသည်။ ထိုအဖော်မှာ ဒေါက်တာ ဝပ်ဆင် ဖြစ်သည်။ ဝပ်ဆင်က စာဖတ်သူကို ဇာတ်ကြောင်း ပြန်ရလေသည်။

ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ စတင် တွေ့ဆုံကြပုံကို အာသာ ကိုနင်ဒွိုင်းလ်၏ ပထမဆုံး ဝတ္ထု *A Study In Scarlet* (ခရမ်းရောင် အမှု) တွင် တွေ့နိုင်လေသည်။ ထိုအခါ ဒေါက်တာ ဝပ်ဆင်သည် အာဖဂန်နစ္စတန် စစ်မြေပြင်မှ အင်္ဂလန်သို့ ပြန်လာကာစ ဖြစ်သည်။ လန်ဒန်၌ နေရန် တိုက်ခန်း ကောင်းကောင်း ရှာနေဆဲ ဖြစ်သည်။ နှစ်ဦးစပ် နေထိုင်နိုင်အောင် ကြားမိတ်ဆွေ တစ်ဦးက သူတို့ကို ဆုံပေးလေသည်။

ဆုံမိလျှင် ဆုံမိချင်း ရှားလော့ဟုမ်းက 'သြော် ခင်ဗျားက အာဖဂန် နစ္စတန်က ပြန်လာခဲ့တာကိုး' ဟု ဆိုလိုက်၏။ ဒေါက်တာ ဝပ်ဆင် အံ့သြသွားလေသည်။ တိုက်ခန်းတွင် သူတို့ အတူ နေ၍ အသားကျသော အခါ ရှားလော့ဟုမ်းက ဤသို့ ရှင်းလေသည်။

- ခင်ဗျား အာဖဂန်နစ္စတန်က ပြန်လာတာကို ဘယ်သူကမှ မပြောဘူး။ ကျုပ်ဘာသာ ကျုပ် သိတယ်။ ဆက်စပ် တွေးတတ်တဲ့ အလေ့အကျင့် ရှိနေလေတော့ စပ်ကြားက အဆင့်တွေကို ကျော်ပြီး ချက်ချင်း အဖြေ ထွက်လာတာပါပဲ။ စပ်ကြားက အဆင့်တွေ ထည့်ပြောရမယ် ဆိုရင် သည်လိုလေဗျာ။
- လူက ဆရာဝန်ဂိုက်၊ ပြောပုံ ဆိုပုံကတော့ စစ်တပ် လေသံ ပါတယ်။ သည်တော့ စစ်တပ် ဆရာဝန် ဖြစ်ရမယ်လို့ ရှင်းရှင်းကြီး သဘောပေါက်လိုက်တယ်။ ပြီးတော့ လက်ကောက်ဝတ်တွေက ဖြူဖွေးနေရက်ကနှင့် မျက်နှာဟာ ညိုမည်းနေတယ်။ သည်ဟာ နဂို အသားအရောင် မဟုတ်ဘူး။ အပူပိုင်း ဒေသက အခုမှ ပြန်လာသူ ဖြစ်ကြောင်း ပေါ်လာတယ်။ မျက်တွင်း ကျပြီး မျက်နှာ ကြုံလှီနေတာ



mgyoe.com

mgyoe.com SAMPLE BOOK

ဟာလည်း ပင်ပန်းတာ များတာရဲ့ လက္ခဏာပဲ။ သည့်ပြင် ဘယ်ဘက် လက်မောင်းမှာလည်း ထိခိုက် ဒဏ်ရာ ရထားတယ်။ လက်ဟာ မူလ အတိုင်း မဟုတ်ဘဲ တောင့်တောင့်ကြီး ဖြစ်နေတယ်။ အဲဒီ အချက်တွေကို ပေါင်းစပ်ပြီး အင်္ဂလိပ် စစ်တပ် ဆရာဝန် တစ်ယောက်ဟာ အပူပိုင်း ဒေသ ဘယ်နိုင်ငံမှာ ဒုက္ခ တွေ့နိုင်သလဲ၊ လက်မောင်းမှာ ဒဏ်ရာ ရနိုင်သလဲ စဉ်းစားလိုက်စမ်း။ အင်္ဂလိပ်နှင့် စစ်ဖြစ်နေတဲ့ အာဖဂန်နစ္စတန် နိုင်ငံမှာ ဖြစ်ရမှာပေါ့။ သည်လို အကျိုးအကြောင်း ဆက်စပ် စဉ်းစားလိုက်တာ လက်တွေ့မှာ တစ်စက္ကန့်တောင် မကြာဘူး။ ခင်ဗျား အာဖဂန်နစ္စတန်ပြည်က ပြန်လာတဲ့ လူပဲလို့ ကျုပ် အတပ် ဟောလိုက်တယ်။ ခင်ဗျား အံ့သြသွားတယ် မဟုတ်လား။

အထက်ပါ စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် အဖော် ဒေါက်တာ ဝပ်ဆင်တို့ကို အာသာ ကိုနင်ဒွိုင်းလ်သည် ဇာတ်ဆောင် တစ်၊ ဇာတ်ဆောင် နှစ် အဖြစ် ဖန်တီးကာ ၁၈၈၇ ခုနှစ်ထုတ် နှစ်လည် စာစောင် တစ်ခုတွင် *A Study In Scarlet* (ခရမ်းရောင် အမှု) အမည်နှင့် ဝတ္ထု စတင် ထည့်သွင်းနိုင်ခဲ့လေသည်။ တစ်ဖန် ၁၈၉၀ ပြည့်နှစ်တွင် *The Sign Of Four* (လေးပွင့်ဆိုင်) အမည်ဖြင့် ဒုတိယ ဝတ္ထုရှည် ထုတ်ဝေပြန်သည်။ ဤအချိန် အထိ စုံထောက်ကြီး ရှားလော့ဟုမ်းကို စာဖတ်ပရိသတ် အများ သတိ မထားမိကြသေး။ သို့ရာတွင် အာသာ ကိုနင်ဒွိုင်းလ်မှာ စာရေး အရှိန် ရလာလေပြီ။ ၁၈၉၁ ခုနှစ်တွင် ဆရာဝန် အလုပ်ကို စွန့်လွှတ်၍ စာရေးဆရာ အဖြစ် အသက်မွေးဝမ်းကျောင်းစပြုလေသည်။ ထိုနှစ်တွင် စထရင်း မဂ္ဂဇင်း ထွက်ပေါ်လာခြင်းသည် သူ့အဖို့ အခွင့်ကောင်း ဖြစ်လေသည်။ ထိုမဂ္ဂဇင်းတွင် ရှားလော့ဟုမ်း ဝတ္ထုတိုများကို သူ စရေးသည်။ ခြောက်ပုဒ် ပါပြီးသော် စာဖတ် ပရိသတ်သည် ရှားလော့ဟုမ်းကို စွဲမက်လာကြလေပြီ။ ပွဲတောင်းကုန်ကြပြီ။

မဂ္ဂဇင်း အယ်ဒီတာသည်လည်း အာသာ ကိုနင်ဒွိုင်းလ်ကို ဝတ္ထုတို တစ်ပုဒ်လျှင် ပေါင် ငါးဆယ် (မြန်မာ ၇၀၀ ကျပ်) ပေးလာရလေသည်။ အာသာ ကိုနင်ဒွိုင်းလ်သည် ဝတ္ထုတို ခြောက်ပုဒ် ဆက်ရေး၏။ ထို့နောက် ၁၈၉၂ ခုနှစ်တွင် သူ့ ဆရာ ဗဲ အမည်ကို ထည့်သွင်း ရည်ညွှန်းကာ ဆယ့်နှစ်ပုဒ် ပေါင်း၍ လုံးချင်း ထုတ်ဝေခဲ့လေသည်။

ထိုစာအုပ်သည်လည်း အရောင်းလိုက်ပေသည်။ မဂ္ဂဇင်း အယ်ဒီတာသည် အာသာ ကိုနင်ဒွိုင်းလ်ကို နောက်ထပ် ရေးခိုင်းပြန်လေသည်။ ထိုအခါ အာသာ ကိုနင်ဒွိုင်းလ်က ဝတ္ထုတို တစ်ဒါဇင် အတွက် ပေါင်



mgyoe.com

mgyoe.com SAMPLE BOOK

၁၀၀၀ တောင်းတော့၏။ အယ်ဒီတာက ကျေကျေနပ်နပ် ပေးလေသည်။ ထို့ကြောင့် ၁၈၉၂ ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ စထရင်း မဂ္ဂဇင်းတွင် *The Silver Blaze* (ငွေကြာ ပျောက်ဆုံးမှု) ဝတ္ထုတို စပါလာလေသည်။ အာသာ ကိုနင်ဒွိုင်းလ် ဆယ့်တစ်ပုဒ်မြောက် *The Final Problem* (ရှားလော့ဟုမ်း၏ ဇာတ်သိမ်း) ဝတ္ထုတို ထည့်ပြီးနောက် ၁၈၉၄ ခုနှစ်တွင် *The Memoirs Of Sherlock Holmes* (ရှားလော့ဟုမ်း၏ မှတ်တမ်းများ) အမည်ဖြင့် စုပေါင်း ထုတ်ဝေပြန်လေသည်။

နောက်ဆုံး ဝတ္ထုတိုကား စုံထောက်ကြီး ရှား လော့ ဟုမ်း ၏ တကယ့် ဇာတ်သိမ်းပင် ဖြစ်တော့သည်။ အာသာ ကိုနင်ဒွိုင်းလ်သည် သူ့ ဇာတ်ဆောင်ကို ငြီးငွေ့လာခဲ့လေပြီ။ ထို့ကြောင့် နောက်ဆုံး ဝတ္ထုတိုတွင် ရှားလော့ဟုမ်းနှင့် ပါမောက္ခ မော်ရီယာတီ ဆိုသူ လူမိုက် ခေါင်းဆောင်တို့ အားပြိုင်ရင်း ရေတံခွန် ချောက်ကမ်းပါးထဲ ကျဆုံးခဲ့ပုံကို ရေးသားခဲ့လေသည်။

ဤတွင် စာဖတ် ပရိသတ်သည် စုံထောက်ကြီး ရှားလော့ဟုမ်း သေဆုံးခဲ့ရသည်ကို မခံနိုင်။ ဝတ္ထုရေးဆရာထံသို့ ကန့်ကွက်စာ တစ်စောင်ပြီး တစ်စောင် ပို့တော့၏။ ထို့ကြောင့် အာသာ ကိုနင်ဒွိုင်းလ်သည် ရှားလော့ဟုမ်း သေဘေးမှ လွတ်မြောက်ခဲ့သည် ဟူ၍ အကြောင်းပြကာ ဝတ္ထုတို ဝတ္ထုရှည်များ ဆက်လက် ရေးရလေသည်။ ရေးရသည်မှာ သူ ကွယ်လွန်ကာနီး နှစ်များ အထိ ဖြစ်လေသည်။

ယခု မြသန်းတင့် ဘာသာပြန်လိုက်သည်မှာ 'ရှားလော့ဟုမ်း၏ မှတ်တမ်းများ' ပင် ဖြစ်လေသည်။ 'ငွေကြာ ပျောက်ဆုံးမှု' အစ 'ရှားလော့ဟုမ်း၏ ဇာတ်သိမ်း' အဆုံး ဝတ္ထုတိုပေါင်း ဆယ့်တစ်ပုဒ် ပါ၏။ ထိုဝတ္ထုတိုများသည် ရှေးက ရေးခဲ့သော ရှားလော့ဟုမ်း ဝတ္ထုတို၊ ဝတ္ထုရှည်၊ နောင် အခါ ပြန်ရေးသော ဝတ္ထုတို၊ ဝတ္ထုရှည်များ နည်းတူ (ရှေးခေတ်) စုံထောက် ဝတ္ထုဟန်နှင့် ညီညွတ်အောင် ရေးခဲ့သော ဝတ္ထုတိုများ ဖြစ်ကြလေသည်။

အာသာ ကိုနင်ဒွိုင်းလ်ထက် စော၍ အဂ္ဂါ အယ်လင် ပိုးကဲ့သို့ လျှို့ဝှက်သည်းဖို ဝတ္ထု၊ စုံထောက် ဝတ္ထု ရေးခဲ့သူ အနည်းအကျဉ်း ရှိခဲ့လေသည်။ ထိုအထဲမှ ကောင်းပေ့ ဆိုသော ဝတ္ထုများကို ဖတ်ရှုကာ (ရှေးခေတ်) စုံထောက် ဝတ္ထုဟန်၊ (ရှေးခေတ်) စုံထောက် ဥပဒေသကို လည်း အာသာ ကိုနင်ဒွိုင်းလ် လေ့လာခဲ့လေသည်။ ထိုပုံသဏ္ဍာန် ထို ဥပဒေသ အချက်အလက် အနည်း အများ ပါလေအောင် အာသာ ကိုနင်



mgyoe.com

mgyoe.com
SAMPLE BOOK
ဒိုင်းလ်သည် သူ့ ဝတ္ထုများတွင် ကြိုးစား ရေးသား ထည့်သွင်းခဲ့လေသည်။ ထိုအချက်အလက်များမှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

(က) ဝတ္ထုလာ အမှု ပေါ်ရအောင် ပကတိ မျက်မြင်အားဖြင့် ခက်ခဲဟန် ရှိရမည်။ သို့မဟုတ် အမှု အတွက် သဲလွန်စ ပြည့်ပြည့်စုံစုံ ရှာရန် ခက်ခဲဟန် ရှိရမည်။

(ခ) အပေါ်ယံ အထောက်အထား အရ တစ်စုံတစ်ယောက် အပေါ် ပြစ်မှု ကျူးလွန်သူ အဖြစ် မှားယွင်းစွာ စွပ်စွဲစေရမည်။ သို့မဟုတ် သက်သေ မကင်း ဖြစ်ရမည်။

(ဂ) ပုလိပ်ဘက် ရဲဘက်က အမှု ကိုင်တွယ်ပုံ ညံ့ရမည်။

(ဃ) စုံထောက်သည် အမှုကို စေ့စေ့စပ်စပ် လေ့လာတတ်၍ အဆင်ခြင် ဉာဏ် ကြီးရမည်။ သို့ရာတွင် ဘေးလူ အမြင်တွင် သူ့ လုပ်ပုံကိုင်ပုံ ထူးထူး ဆန်းဆန်း ရှိကောင်း ရှိမည်။

(င) စုံထောက်ကဲ့သို့ ဉာဏ်မသွားဘဲ စုံထောက် လုပ်ကိုင်ပုံကို ချီးမွမ်း အံ့သြနေသော အဖော် မိတ်ဆွေက အမှု ကိစ္စကို ပြန်ပြောင်း ရေးပြရမည်။

(စ) သက်သေ အထောက်အထား ခိုင်လုံသည်ဟု ထင်ရသော်လည်း အမှုနှင့် မဆိုင်တတ်ကြောင်း ဥပဒေသ ချပေးရမည်။


တိုက်စိုး


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ငွေကြာ ပျောက်ဆုံးမှု



'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ် သွားမှ ဖြစ်မယ် ထင်တယ်'

တစ်ခုသော မနက်၌ ကျွန်ုပ်တို့ နှစ်ယောက် နံနက် လက်ဖက်ရည် စားပွဲတွင် ထိုင်ကြစဉ် ရှားလော့ဟုမ်းက ပြောလိုက်ခြင်း ဖြစ်၏။

'ဘယ်ကို သွားရမှာလဲဗျ'

'ဒါ့တ်မိုးကိုဗျ၊ ပိုင်လင်းကို'

ဒါ့တ်မိုးကို သူ သွားမည် ဆိုခြင်းကြောင့် ကျွန်ုပ် ဘာမျှ အံ့သြခြင်း မဖြစ်ပါ။ အင်္ဂလန်ကျွန်း တစ်ကျွန်းလုံး ဟိုလေးတကျော် ဖြစ်နေသည့် အလွန် ထူးခြား ဆန်းကြွယ်သည့် ကိစ္စကြီးကို သူ ယခုမှ ဝင်ရောက် ကိုင်တွယ်ခြင်း ပြုမည် ဆိုသည့် အတွက်သာလျှင် ကျွန်ုပ် အံ့သြခြင်း ဖြစ်ရပါသည်။ မျက်မှောင်ကြီး ကုတ်ကာ ခေါင်း ငိုက်စိုက်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း အပြင်းဆုံး ဆိုသည့် ဆေးမည်းမည်းကြီးကို ထည့်ကာ ဆေးတံကို တစ်ဆုံပြီး တစ်ဆုံ ဖွာလျက် ရှိပြီး ကျွန်ုပ်၏ မေးခွန်းများ တင်ပြချက်များကိုပင် မကြားနိုင်ဘဲ လေးနက်စွာ စဉ်းစားလျက် ရှိလေ၏။ သတင်းစာပို့ သူငယ်ကလေးက မနက်ထုတ် သတင်းစာများကို တစ်စောင်ပြီး တစ်စောင် လာပို့သည့်တိုင် ရှားလော့ဟုမ်းသည် သေချာစွာ ဖတ်ရှုနိုင်ခြင်း မရှိဘဲ ဟိုလှန် သည်လှန်မျှသာ လုပ်ကာ ထောင့်တစ်ထောင့်သို့ စုပုံ ပစ်ထားလိုက်လေ၏။ သူက မည်သို့မျှ မပြောသည့်တိုင် ထိုအချိန်က သူ မည်သည့် ပြဿနာကို စဉ်းစားနေကြောင်း ကျွန်ုပ် ကောင်းကောင်း သိပါသည်။ ရှားလော့ဟုမ်း၏ ဉာဏ်စွမ်းကို ပြရမည့် အများသူငါ ပြောဆိုလျက် ရှိသော ပြဿနာမှာ တစ်ခုတည်းသာ ရှိ၏။ ယင်း

mgyoe.com

mgyoe.com SAMPLE BOOK

မှာ အခြား မဟုတ်၊ ဝက်ဆက် ဖလားပွဲတွင် ဖေးဗရိတ် ဖြစ်နေသည့် ပြိုင်မြင်းကြီး ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းနှင့် ၄င်း၏ ထရိန်နာ အသတ်ခံရသည့် ကိစ္စပင် ဖြစ်ပေ၏။ ထို့ကြောင့် အချင်း ဖြစ်ပွားရာသို့ သူ သွားမည်ဟု ပြောလိုက်သည့် အခါတွင် ကျွန်ုပ် မျှော်လင့် တောင့်တသည့် အတိုင်း ဖြစ်လာသည့်အတွက် ကျွန်ုပ်မှာ ထူး၍ အံ့သြခြင်း မဖြစ်တော့ချေ။

'အနှောင့်အယှက် မဖြစ်ဘူး ဆိုရင်တော့ ခင်ဗျားနှင့် အတူ လိုက်ချင်သားဗျ'

'ဘယ့်နှယ် ပြောပါလိမ့်ဗျာ၊ ခင်ဗျား လိုက်မယ် ဆိုရင် ကျုပ် အဖို့ လာဘ်ကြီး တစ်ပါး ဝင်တာနှင့် အတူတူပေါ့၊ လိုက်ရင် ခင်ဗျား အတွက် အကျိုး မယုတ်ဘူးလို့လည်း ထင်သဗျာ၊ ဒီအမှုဟာ တော်တော် ထူးခြားတဲ့ အမှု ဖြစ်မယ့် နိမိတ် လက္ခဏာတွေကို တွေ့နေရတယ်ဗျ၊ ပက်ဒင်တန် ဘူတာကြီးကို သွားရင် ရထား မီလိမ့်ဦးမယ် ထင်တယ်၊ ရထားပေါ်ကျမှ အမှုအကြောင်းကို ပြောပြမယ်၊ ဒါ့ထက် ဝပ်ဆင်ရေ၊ ခင်ဗျား မှန်ပြောင်းက တော်တော် ကောင်းတယ် နော်၊ အဲဒီ မှန်ပြောင်းတော့ ဆွဲခဲ့ဗျာ'

သို့ဖြင့် နောက် တစ်နာရီ ကျော်ကျော်ခန့်မျှ ကြာသည့် အခါ၌ ကျွန်ုပ်သည် အိတ်ဆီတာမြို့ကို ဖြတ်သွားနေသည့် မီးရထား ပထမတန်းတွဲ တစ်တွဲမှ ချောင်တစ်ခုတွင် ထိုင်လျက် ရှိပြီး ထက်မြက် စူးရှသည့် မျက်နှာကို ဖုံးလုနီးပါး ပါးကာ နားကာတပ် ဦးထုပ်ကို ဆောင်းထားသော ရှားလော့ဟုမ်းမှာမူ ပက်ဒင်တန် ဘူတာရုံမှ ဝယ်ခဲ့သည့် မနက်ထုတ် သတင်းစာထပ်ကြီးကို တစ်စောင်ပြီး တစ်စောင် ငုံ့၍ ဖတ်ရင်း လိုက်ပါလာခဲ့လေ၏။ ရက်ဒင်းမြို့ကို လွန်လာပြီးနောက် အတော် လှမ်းလှမ်းသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် နောက်ဆုံး သတင်းစာကို ထိုင်ခုံ အောက်သို့ ပစ်ချလိုက်ကာ ကျွန်ုပ်ထံ ဆေးပြင်းလိပ်ဘူးကို လှမ်းပေးလိုက်လေ၏။

ရှားလော့ဟုမ်းက ပြတင်းပေါက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီးနောက် လက်မှ နာရီကို ငုံ့ကြည့်လိုက်လျက်

'ရထားက တော်တော် မြန်တာပဲဗျ၊ တစ်နာရီကို ငါးဆယ့်သုံးမိုင်ခွဲနှုန်းနှင့် ခုတ်နေတာ'

'ကျွန်တော်ကတော့ မိုင်တိုင်တွေကို သတိထားပြီး မကြည့်မိခဲ့ဘူးဗျ'

'ကျုပ်လည်း မကြည့်မိခဲ့ပါဘူးဗျာ၊ ဒါပေမဲ့ ရထား လမ်းဘေးမှာ စိုက်ထားတဲ့ ကြေးနန်းတိုင်တွေက တစ်တိုင်နှင့် တစ်တိုင် ကိုက် ခြောက်ဆယ်



mgyoe.com

mgyoe.com SAMPLE BOOK

ကွာတယ်ဗျ၊ ဒီကြေးနန်းတိုင်တွေကို ကြည့်ပြီး ရေလိုက်ရင် မီးရထား သွားတဲ့ နှုန်းကို အလွယ်နှင့် တွက်လို့ ရပါတယ်၊ ထရိန်မှာ ပျံ့ စထရေကာ အသတ်ခံရတဲ့ ကိစ္စနှင့် ငွေကြာ ပျောက်သွားတဲ့ ကိစ္စကိုတော့ သတင်းစာတွေထဲမှာ ဖတ်ပြီး လောက်ရောပေါ့'

'အင်း၊ ဒေလီ တယ်လီဂရပ်နှင့် ဒေလီ ကရော်နီကယ်ထဲ ပါတဲ့ သတင်း လောက်ကိုတော့ ဖတ်ပြီးပါပြီ'

'အမှုက နောက်ထပ် သက်သေခံ အထောက်အထား အသစ်တွေတော့ ရစရာ မရှိတော့ပါဘူး၊ ခု ရထားတာကိုက များလှပြီ၊ ရတဲ့ အထောက်အထားထဲက အရေးကြီးတာကို စစ်ထုတ်တတ်ဖို့ပဲ လိုတော့တယ်၊ ဒီဒပ်ရှင်းလို့ ခေါ်တဲ့ ကျိုးကြောင်း ဆက်စပ် ကောက်ချက်ဆွဲတဲ့ အတတ်ပညာကို ဒီနေရာမှာ ကောင်းကောင်း အသုံးချရတော့မှာပဗျာ၊ လူသတ်မှုက တော်တော်လေးလည်း ထူးခြားပြန်၊ အထောက်အထားတွေကလည်း များပြန်၊ ဒီအထဲမှာ လူတွေ စိတ်ဝင်စားတဲ့ အမှုလည်း ဖြစ်ပြန် ဆိုတော့ ကောက်ချက်တွေ ထင်မြင်ချက်တွေ မှန်းဆချက်တွေကတော့ အောတိုက်နေတာပဲ၊ အဲဒီထဲကနေပြီး ထင်မြင်ချက် ပေးသူတွေနှင့် သတင်းထောက်တွေရဲ့ အဖွဲ့အနွဲ့ မပါတဲ့ အချက်အလက်တွေ၊ မငြင်းနိုင်အောင် ခိုင်မာတဲ့ အချက်အလက်တွေကို ခွဲခြား စစ်ထုတ်ဖို့ကတော့ အခက်ဆုံးပဲဗျ၊ ဒီတော့ ကျုပ်တို့ အလုပ်က ခိုင်မာတဲ့ အခြေခံပေါ်မှာ ရပ်ပြီး ဘယ်လို ကောက်ချက်တွေကို ဆွဲထုတ်နိုင်သလဲ၊ ဒီအမှုမှာ အရေးကြီးတဲ့ အချက်တွေက ဘယ်အချက်တွေလဲ ဆိုတာကို ခွဲခြား ကြည့်ဖို့ပဲ၊ အင်္ဂါနေ့တုန်းကပဲ ဒီအမှုမှာ ကျုပ်ဝင်ကိုင်ဖို့ မြင်းပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ်နှင့် အမှုကို ကိုင်နေတဲ့ ပုလိပ် အင်စပက်တော် ဂရီဂိုရီဆီက ကြေးနန်းတွေ ရတယ်'

'ဘာရယ်ဗျ၊ အင်္ဂါနေ့ ညနေက ရတယ် ဟုတ်စ၊ ဒီနေ့ ကြာသပတေးနေ့၊ နို့ နေစမ်းပါဦး၊ မနေ့က ဘာဖြစ်လို့ မသွားတာလဲ'

'အဲဒါပေါ့ဗျာ၊ ကျုပ် တစ်ကွက် မှားသွားတာ၊ ခင်ဗျား မှတ်တမ်းတွေက တစ်ဆင့် ကျုပ်ကို သိနေတဲ့ လူများကတော့ ကျုပ်လို လူဟာ ဒီလောက် တွက်ကိန်း မမှားနိုင်ဘူးလို့ ထင်ကောင်း ထင်ကြမှာပဲ၊ ကျုပ် တွက်တာက ပျောက်သွားတဲ့ ငွေကြာ ဆိုတဲ့ မြင်းဟာ အင်္ဂလန်မှာ တော်တော် နာမည် ကြီးတဲ့ မြင်း၊ ဒီလောက် နာမည် ကြီးတဲ့ မြင်းကို ဒါ့တ်မိုးလို လူနေကျဲတဲ့ နေရာမျိုးမှာ ကြာကြာ ဖွက်မထားနိုင်ဘူးလို့ ယူဆခဲ့တယ်ဗျ၊ မနေ့က ဆိုရင် မြင်းကို ပြန်တွေ့ပြီး မြင်းကို ခိုးသွားတဲ့ လူဟာ လူသတ် တရားခံပဲ ဆိုတဲ့ သတင်းကို ကြားရ



mgyoe.com

mgyoe.com SAMPLE BOOK


မလားလို့ တစ်နေ့လုံး မျှော်နေမိတယ်၊ ဒါပေမဲ့ တစ်နေကုန်လို့ ဒီနေ့သာ ရောက်လာရော၊ ဖစ်ဇရွိုင်း ဆင်ပဆင် ဆိုတဲ့ လူကို ဖမ်းတယ် ဆိုတဲ့ သတင်းက လွဲလို့ တခြား ဘာမှ ထူးထူးခြားခြား မကြားရတော့ ကျုပ် ကိုယ်တိုင် ဝင်မှ ဖြစ်မယ်လို့ ယူဆမိသဗျ၊ သို့သော်လည်း တစ်နည်း ပြောရရင် မနေ့ကလည်း အချည်းနှီးတော့ မဖြစ်ပါဘူးလေ'

'ဒီလိုဆိုရင် ခင်ဗျားရဲ့ ကိုယ်ပိုင် ထင်မြင်ချက် တစ်ခုတော့ ရှိပြီးပြီ ဆိုပါတော့'

'အနည်းဆုံး အမှုနှင့် ပတ်သက်တဲ့ အချက်အလက်တွေကိုတော့ ဆုပ်မိကိုင်မိပါပြီ၊ အမှု ဆိုတာမျိုးက သူများကို အမှုသွား အမှုလာ ရှင်းပြရင်း ပြရင်းနှင့် လိပ်ပတ် လည်ပြီးသား ဖြစ်ချင် ဖြစ်သွားတတ်တာမျိုးဗျ၊ ပြီးတော့ ခင်ဗျားကို အစကနေ ရှင်းပြထားမှ ခင်ဗျား အနေနှင့်လည်း ကျုပ်ကို ကူညီနိုင်မှာကိုး၊ ဒီတော့ အမှုသွား အမှုလာကို ကျုပ် ပြောပြမယ်'

ကျွန်ုပ်က မီးရထား ထိုင်ခုံ နောက်မှီကို မှီလိုက်ရင်း ဆေးပြင်းလိပ်ကို ဖွာလျက်ရှိစဉ် ရှားလော့ဟုမ်းသည် ရှေ့သို့ ခပ်ကိုင်းကိုင်း ထိုင်ရာမှ ဘယ်ဘက်လက်ဖဝါးကို သေးသွယ် ရှည်လျားသည့် လက်ချောင်းဖြင့် ထောက်ရင်း ယခု ကျွန်ုပ်တို့ သွားရောက် စုံစမ်းမည့် အမှု အကြောင်းကို ပြောဆိုလျက် ရှိလေ၏။

'ငွေကြာ ဆိုတဲ့ မြင်းက အီဇိုနိုမီ ဆိုတဲ့ နာမည်ကျော် ပြိုင်မြင်းကြီးက ပေါက်တဲ့ မြင်းကြီးဗျ၊ သူ့ရှေ့ မြင်းကြီးလိုပဲ သူလည်း ပွဲတိုင်းလောက်မှာ အနိုင်ရတာချည်းပဲ၊ ငါးနှစ်သားထဲ ရောက်နေပြီး ပြိုင်တိုင်း မြင်းပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ် မှာ တော့ ဖလား



ရှားလော့ဟုမ်းက အမှု အကြောင်းကို
ရှင်းလင်း ပြောဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တွေ တစ်လုံးပြီး တစ်လုံး ရနေတာပဲ၊ ခုပျောက်သွားတဲ့ အချိန်မှာ ဝက်ဆက် ဖလားပွဲ အတွက် ဖေးဗရိတ် ဖြစ်နေတယ်၊ ဘယ်လောက်များ ဖေးဗရိတ် ဖြစ်နေသလဲ ဆိုရင် သုံးလေး တစ်လေးတောင် လောင်းကြေး ထပ်နေကြတယ်၊ မြင်းပွဲ ပရိသတ်က ဆိုရင် မပြောနှင့်တော့၊ ဘယ်လောက်ပဲ ငုပ်ကောင် ဖြစ်နေပေ့စေ၊ သူ့ဘက်က ငွေတွေ ပုံပြီး လောင်းကြတာပဲ၊ ဒါကြောင့်မို့ လာမယ့် အင်္ဂါနေ့ ပွဲမှာ ငွေကြာ ဝင်မပြိုင်စေချင်တဲ့ လူလည်း တော်တော် များများ ရှိနေတယ်။

'ဒီအချက်ကို ဗိုလ်မှူးကြီး ရော့စ်ရဲ့ မြင်းဇောင်းတွေ ရှိတဲ့ ပိုင်လင်း တစ်ဝိုက်ကလည်း ကောင်းကောင်း သိနေကြတယ်၊ ဒါကြောင့် ဒီဖေးဗရိတ် မြင်းကြီးကို အစောင့်အကြပ် ကောင်းကောင်းနှင့် ထားတယ်၊ ထရိန်နာ ဂျွန် စထရေကာ ဆိုတဲ့ လူကတော့ အငြိမ်းစား ဂျော်ကီဗျ၊ ကိုယ်အလေးချိန် များလာလို့ ဗိုလ်မှူးကြီး ရော့စ်ရဲ့ ဂျော်ကီ ဘဝက အနားယူခဲ့တယ်၊ အနား မယူခင် အထိ ဗိုလ်မှူးကြီး ရော့စ်ရဲ့ မြင်းတွေကို စီးလာတဲ့ သက်တမ်း တစ်လျှောက်မှာ အမြဲတမ်း အနိုင် စီးခဲ့တာချည်းပဲ၊ ဗိုလ်မှူးကြီးဆီမှာတွင် ဂျော်ကီ လုပ်ခဲ့တာ ငါးနှစ် ရှိပြီ၊ ထရိန်နာ လုပ်ခဲ့တာကတော့ ခုနစ်နှစ်လောက် ရှိရော့မယ်၊ အလုပ်လည်း ကြိုးစားတယ်၊ သစ္စာလည်း ရှိတယ်၊ စထရေကာရဲ့ အောက်မှာ မြင်းထိန်းတဲ့ ကောင်လေး သုံးယောက်ပဲ ရှိတယ်၊ ဇောင်းကလည်း သိပ်မကြီးဘူးလေ၊ အားလုံး ပေါင်းမှ မြင်း လေးကောင်လောက်ပဲ ရှိတာကိုး၊ မြင်းဇောင်းမှာ ကောင်လေး တစ်ယောက် ညတိုင်း စောင့်အိပ်ပြီး ကျန်တဲ့ နှစ်ယောက်က မြင်းဇောင်း အပေါ်ထပ်က ထပ်ခိုးလေးမှာ အိပ်ကြတယ်၊ သူတို့ သုံးယောက်စလုံးမှာလည်း အကျင့် စာရိတ္တနှင့် ပတ်သက်လို့ ဘာမှ ပြောစရာ မရှိလှပါဘူး၊ ထရိန်နာ ဂျွန် စထရေကာကတော့ လူလွတ် မဟုတ်ဘူးဗျ၊ အိမ်ထောင်နှင့်၊ မြင်းဇောင်းနှင့် ကိုက် နှစ်ရာလောက် ဝေးတဲ့ နေရာမှာ အိမ်ကလေး တစ်အိမ်နှင့် သတ်သတ် နေတယ်၊ သားသမီး မရှိဘူး၊ မိန်းမ အစေခံ တစ်ယောက် ရှိတယ်၊ စီးပွားရေးလည်း သိပ်မဆိုးလှပါဘူး၊ ချောင်ချောင်လည်လည်ပဲ ဆိုပါတော့၊ အဲဒီနား တစ်ဝိုက်က တော်တော်လေး လူ အသွားအလာ ပြတ်တယ်ဗျ၊ ဒါပေမဲ့ မြောက်ဘက် မိုင်ဝက်လောက်မှာတော့ လူနာတွေနှင့် ဒါ့တ်မိုး လေကို ရှူချင်သူများ အတွက် တာဗစ်စတော့က ကန်ထရိုက်တာတွေ ဆောက်ထားတဲ့ နာလန်ထ စခန်းကလေး တစ်ခု ရှိတယ်၊ တာဗစ်စတော့ကတော့ အနောက်ဘက် နှစ်မိုင်လောက် သွားရသေးတယ်၊ အဲဒီက အနောက် နောက်ထပ် နှစ်မိုင်လောက် သွားရင် စားကျက် ကွင်းကြီး တစ်ခု ရှိတယ်၊ အဲဒီမှာ လော့ဒ် ဘက်ဝါးတား



mgyoe.com

mgyoe.com SAMPLE BOOK

ပိုင်တဲ့ တော်တော် ကြီးတဲ့ မြင်းဖောင်းတွေ ရှိတယ်၊ အဲဒီ မြင်းဖောင်းတွေကို အုပ်ချုပ်တဲ့ လူက ဆီလာ ဘရောင်းတဲ့၊ ဒါက လွဲရင်တော့ စားကျက် ကွင်းပြင်ကြီး တစ်လျှောက်မှာ လူနေ အိမ်ခြေ ဆိုလို့ ဘာမှ မရှိဘူး၊ ဖြူတ်တောကြီးပဲ၊ တစ်ခါတလေတော့ ဂျစ်ပစီတွေ လာပြီး စခန်း ချတတ်ကြရဲ့၊ အဲဒါကတော့ တနင်္လာနေ့ ငွေကြာ ပျောက်မသွားခင် အခြေအနေပဲ။

'ပျောက်တဲ့နေ့ ညတုန်းက မြင်းတွေကို အညောင်းပြေ လေ့ကျင့်ပြီး ထုံးစံအတိုင်း ရေဝိုက်တယ်၊ ပြီးတော့ မြင်းတွေကို ဖောင်းမှာ သွင်းပြီး ဖောင်းကို ပိတ်လိုက်သတဲ့၊ ပိတ်ပြီး ကောင်လေး နှစ်ယောက်က ထရိန်နာ အိမ်က မီးဖိုထဲမှာ ထမင်း စားနေကြတုန်း နက် ဟန်းတား ဆိုတဲ့ ကောင်လေးက ဖောင်းမှာ စောင့်ကျန်ခဲ့တယ်၊ ကိုးနာရီကျော်ကျော်လေးကျတော့ အိမ်စေ အမျိုးသမီး အီးဒစ် ဘက္ကစတားက ဖောင်းမှာ စောင့်နေတဲ့ ကောင်လေးဆီကို ညစာ သွားပို့တယ်၊ ဟင်းကတော့ အမဲသားဟင်း တစ်ခွက်ပဲ ပါသတဲ့ဗျ၊ အိမ်စေ အမျိုးသမီးက ကောင်လေးဖို့ ရေတို့ ဘာတို့တော့ ယူမသွားတော့ဘူးတဲ့၊ ဖောင်းထဲမှာ ရေဘုံပိုင် ရှိသားပဲ၊ ရေဘုံပိုင်က သောက်လိမ့်မယ် ဆိုပြီး မယူတာတဲ့၊ ပြီးတော့ ကောင်လေးတွေ မြင်းဖောင်း စောင့်ဖို့ ဂျူတီ ကျရင် အရက်တို့ ဘာတို့ကို မသောက်ရဘူးလို့ စည်းကမ်း လုပ်ထားသတဲ့၊ အဲဒီ ညက တော်တော် မှောင်ပြီး စားကျက်ကွင်းကြီး ဖြတ်သွားရမှာ ဆိုတော့ အမျိုးသမီးက မှန်အိမ် တစ်လုံး ယူသွားသတဲ့။

'အီးဒစ် ဘက္ကစတားလည်း မြင်းဖောင်းနှင့် ကိုက် သုံးဆယ်လောက် အကွာ ရောက်ရော အမှောင်ရိပ်ထဲက လူတစ်ယောက် ထွက်လာပြီး သူ့ကို အရပ် ခိုင်းတယ်၊ ရှေ့က မီးရောင်ထဲ ထွက်လာလို့ ကြည့်လိုက်တော့ လူက သားသားနားနား မွန်မွန်ရည်ရည်ပဲတဲ့၊ သက္ကလတ် ဝတ်စုံ မီးခိုးရောင်ကို ဝတ်ထားပြီး အဝတ် ဦးထုပ်ပျော့ တစ်လုံးကို ဆောင်းထားတယ်၊ ခြေထောက်မှာ ခြေပတ် ပတ်ထားပြီး လက်ကိုင်ဘု တပ်ထားတဲ့ ဟန်တိန်တုတ် တစ်ချောင်းကို ကိုင်ထားတယ်၊ သူ့ မျက်နှာက ဖြူဖပ် ဖြူရော် ဖြစ်နေပြီး အမူအရာကလည်း ဂနာမငြိမ်တော့ သိပ်ပြီး အကဲမရဘူးပေါ့၊ အသက်ကတော့ သူ့ အထင် သုံးဆယ် ကျော်လောက်ပြီတဲ့။

' "ညီမလေး၊ မျက်စိ လည်လာလို့ပါကွယ်၊ ခု ဘယ်နေရာ ရောက်တာလဲ၊ မီးရောင်ကိုသာ မမြင်မိလိုက်ရင် ငါတော့ စားကျက်ကွင်းကြီးထဲ အိပ်ရတော့မှာပဲ"



mgyoe.com

mgyoe.com SAMPLE BOOK

"ရှေ့နားက ပိုင်လင်း မြင်းဇောင်းတွေပဲတော်"

"ဟာ ဟုတ်လား၊ ကံ ကောင်း လိုက် တာ ကွယ်၊ အဲဒီ ဇောင်းမှာ သူငယ်ကလေး တစ်ယောက်တည်း ည ည စောင့်အိပ်တယ်လို့ ကြားရတယ်၊ ခု အဲဒီ ကောင်လေးဆီ ထမင်း သွားပို့ မလို့လား၊ ညီမလေး အဝတ်အစား သစ်ကလေးများ မလိုချင်ဘူးလား၊ လိုချင်ရင် ဟောဒါကလေးကို ကောင်လေးကို ပေးပေးပါလား၊ ညီမလေး ကျေးဇူးကို မမေ့ပါဘူးကွယ်" လို့ ပြောပြီး အိတ်ထဲက စာရွက် ခေါက်ကလေး တစ်ခုကို ထုတ်ပေးသတဲ့။

ကောင်မလေးလည်း သူ့ ကြည့်ပြီး အကဲ မရတာနှင့် သူ့ ထမင်းချိုင့် ပေးနေကျ မြင်းဇောင်း ထပ်ခိုး ပြတင်းပေါက်နားကို ကြောက်ကြောက်နှင့် ပြေးလာခဲ့တယ်၊ ပြတင်းပေါက်က ပွင့်လို့တဲ့ဗျ၊ ဟန်းတားကလည်း အထဲက စားပွဲကလေး တစ်လုံးမှာ ထိုင်လို့၊ ကောင်မလေးက လမ်းမှာ သူ တွေ့ခဲ့ရတာကို ပြန်ပြောနေတုန်း အဲဒီလူနောက်က လိုက်လာပြီး ပြတင်းပေါက်နားလာရပ်ရင်း



'အမှောင်ရိပ်ထဲက
လူတစ်ယောက် ထွက်လာတယ်'

"ညီလေးနှင့် စကား တစ်ခွန်းလောက် ပြောချင်တယ်ကွာ" လို့ ပြောသတဲ့၊ အဲဒီလို ပြောတုန်းက သူ့ လက်ထဲမှာ စာရွက်ခေါက်ကလေးကို ဆုပ်ကိုင်ထားသတဲ့၊ ဒီတော့ ကောင်လေးက "ဘာကိစ္စ ပြောချင်တာလဲ" လို့ မေးတယ်။

"ညီလေး အတွက်လည်း အကျိုး ရှိမယ့် အလုပ်ပါကွာ၊ ဒီအပတ် ဝက်ဆက် ဖလားပွဲမှာ ညီလေးတို့ ဇောင်းက နှစ်ကောင် ပြေးမယ် မဟုတ်လား၊ ငွေကြေးရယ် ဘေးယတ်ရယ်လေ၊ အစ်ကို့ကို တစ် ကောင်းကောင်း ပေးပါကွာ၊ မင်းလည်း ထိုက်သင့်သလောက် အကျိုး ခံစားရပါစေ့မယ်၊ ဒီအလေးချိန် အတိုင်း



mgyoe.com

mgyoe.com SAMPLE BOOK

ပြေးရင် ဘေးယတ်က ငွေကြောကို ငါးဖာလုံတန်းမှာ ကိုက်တစ်ရာလောက် အသာပေး ပြေးနိုင်တယ်ဆို၊ အဲဒါ ဟုတ်သလား ညီလေးရာ၊ အစ်ကို့ကို ပြောပြစမ်းပါ၊ မင်းတို့ ဇောင်းက ဘေးယတ်ကို လောင်းမှာ မဟုတ်လား''

' ''ခင်ဗျား ဘယ်က မြင်းတစ် ကြမ်းပိုးလဲဗျ၊ ဘာတွေ လာပြောနေတာလဲ၊ ကျုပ်တို့ ဇောင်း အကြောင်း ခင်ဗျား သိသွားချင်သလား'' ဆိုပြီး ကောင်လေးက ချည်ထားတဲ့ ခွေးကြီးနှင့် တိုက်မလို့ မြင်းဇောင်းဆီ ထပြေးသတဲ့၊ ကောင်မလေးကတော့ ကြောက်ကြောက်နှင့် အိမ်ဘက်ကို ပြန်ပြေးလာတာပေါ့လေ၊ ပြေးရင်း နောက်ဘက်ကို ပြန်လှည့်ကြည့်လိုက်တော့ အဲဒီ လူက ပြတင်းပေါက်ကနေ အထဲကို ကုန်းနေတာ မြင်လိုက်ရသတဲ့၊ ဒါပေမဲ့ နောက်တစ်မိနစ်လောက် ကြာလို့ ကောင်လေးက ခွေးကြီးနှင့် ထွက်လာတဲ့ အခါတော့ အဲဒီ လူကို မတွေ့ရတော့ဘူးတဲ့ဗျ၊ မြင်းဇောင်း တစ်ဝိုက်မှာ လျှောက်ရှာတော့လည်း အဲဒီ လူရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရတော့ဘူးတဲ့'

'ခဏကလေးဗျ၊ ကောင်လေးက ခွေးနှင့် လိုက်ရှာတော့ မြင်းဇောင်းက သော့ကို ဖွင့်ပစ်ခဲ့သတဲ့လား' ဟု ကျွန်ုပ်က မေးလိုက်၏။

'ဟုတ်တယ်လေဗျာ၊ သိပ်မှန်တဲ့ မေးခွန်းပဲ၊ ကျုပ်လည်း ဒီအချက်ကို သတိပြုလိုက်မိတယ်ဗျ၊ ဒါ့ကြောင့် မနေနိုင်တာနှင့် ဒီအချက်ကို မနေ့ကတည်းက ဒါ့တ်မိုးကို ကြေးနန်း ရိုက်ပြီး လှမ်းမေးတယ်၊ ကောင်လေးကတော့ သော့ခတ်ပစ်ခဲ့သတဲ့ဗျ၊ ပြီးတော့ ပြတင်းပေါက်ကလည်း လူတစ်ယောက် ဝင်သာအောင် မကြီးဘူးတဲ့။

'ဒါနှင့် ကောင်လေးကလည်း သူ့ အဖော်တွေ ထမင်း စားရာက ပြန်လာအောင် စောင့်ပြီး အကျိုးအကြောင်းကို ထရိန်နာ စထရေကာကို သွားပြောပြတယ်၊ စထရေကာဟာ ဒီသတင်းကို ကြားတော့ တော်တော်ကလေး ချောက်ချားသွားတယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာကိုတော့ သိပုံ မပေါ်ဘူးတဲ့ဗျ၊ သို့သော်လည်း ဘာဖြစ်ဖြစ် ကိုယ့် မြင်းဇောင်းမှာ ဒီလို မသင်္ကာစရာတွေ တွေ့တော့ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်တာပေါ့ဗျာ၊ ည နာရီပြန် တစ်ချက် ထိုးလို့ သူ့ မိန်းမ အိပ်ရာက တစ်ရေးနိုးလာတော့ စထရေကာဟာ အဝတ်အစားတွေ လဲနေတာကို တွေ့ရသတဲ့၊ ဘယ်သွားမလို့လဲ ဘာလဲလို့ မေးတော့ မြင်းတွေကို သူ စိတ်မချဘူးတဲ့၊ မြင်းဇောင်းဘက်ကို သွားကြည့်လိုက်ဦးမယ်လို့ ပြောသတဲ့၊ အဲဒီ အချိန်က မိုးကလေးကလည်း တဖြောက်ဖြောက်ရွာနေတော့ မနက် လင်းမှ သွားပါလားလို့ ပြောပြီး တားသေးသတဲ့၊ ဒါပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK

စထရေကာဟာ မိုးကာ အင်္ကျီကြီးကို ခြုံပြီး ထွက်သွားသတဲ့။

'သူ့ မိန်းမက မနက် ခုနစ်နာရီ ထိုးလို့ အိပ်ရာက နိုးတဲ့ အထိ စထရေကာ ပြန်မရောက်သေးဘူးတဲ့၊ ဒါနှင့် သူလည်း အဝတ်အစား ကမန်းကတန်းလဲ၊ ကောင်မလေးကို ခေါ်ပြီး မြင်းဇောင်းဘက်ကို လိုက်လာခဲ့တယ်၊ မြင်းဇောင်းထဲမှာတော့ ဟန်းတား ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်လျက်ကြီး မေ့လို့တဲ့၊ ငွေကြာရဲ့ ဇောင်းထဲမှာလည်း ဟာလာဟင်းလင်းတဲ့၊ ထရိန်နာ စထရေကာကိုလည်း မတွေ့ရဘူးတဲ့။

'မြင်းကုန်းနှီးတွေ ထားတဲ့ အခန်းရဲ့ အပေါ်က ထပ်ခိုးလေးပေါ်မှာ အိပ်နေတဲ့ ကောင်လေး နှစ်ယောက်ကို နှိုးရတာပေါ့၊ ကောင်လေး နှစ်ယောက်က အအိပ်ကြီးလေတော့ မနေ့ညက တစ်ညလုံး ဘာသံမှ မကြားရဘူးတဲ့၊ ဟန်းတားကို ကြည့်ရတာကလည်း တော်တော် ပြင်းတဲ့ အိပ်ဆေး မိထားလေတော့ သူ့ကို မေးလို့ ဘာမှ ရေရေရာရာ မသိရဘူးပေါ့၊ ဒါနှင့် ကောင်လေး နှစ်ယောက်ရော စထရေကာရဲ့ မိန်းမနှင့် အိမ်ဖော် ကောင်လေးရော မြင်းနှင့် စထရေကာကို လိုက်ရှာကြတယ်၊ စထရေကာများ မနက် စောစော မြင်းကို ထုတ်ပြီး လမ်းလျှောက် နေလေသလားပေါ့၊ ဒီလိုနှင့် သူတို့ အိမ်နားက တောင်ပူစာကလေး ထိပ်ကို ရောက်လာခဲ့ကြတယ်၊ အဲဒီကနေပြီး ကြည့်ရင် ဘေးပတ်ဝန်းကျင်က စားကျက် ကွင်းတွေ အားလုံးလောက်ကို စီး မြင်နေရတယ်၊ အဲဒီနေရာ ရောက်တော့ မြင်းရဲ့ အရိပ်အယောင်ကို မတွေ့ရတဲ့ အပြင် တစ်ခုခုတော့ ဖြစ်ပြီ ဆိုတာကို နိမိတ်ပြတဲ့ အရာ တစ်ခုကို သွားတွေ့ရတော့တာပဲ။

'မြင်းဇောင်းနှင့် မိုင်တစ်မတ်လောက် အကွာ ဆူးချုံ တစ်ခုပေါ်မှာ တင်နေတဲ့ စထရေကာရဲ့ မိုးကာအင်္ကျီကို သွားတွေ့ရသတဲ့၊ အဲဒီ တောင်ပူစာကလေး အတိုင်း ဆင်းသွားရင် အောက်က စားကျက်က အင်တုံကြီးလို ဖြစ်နေတဲ့ လျှိုကြီးတဲ့ဗျ၊ အဲဒီ လျှိုထဲလည်း ရောက်ရော ထရိန်နာ စထရေကာရဲ့ အလောင်းကို သွားတွေ့ရတာပဲ၊ ခပ်လေးလေး လက်နက် တစ်ခုနှင့် တအား ရိုက်ထားတဲ့ အတွက် သူ့ ခေါင်းက ကြေလို့တဲ့၊ ပေါင်မှာ ဒဏ်ရာကြီးနှင့်၊ ဒဏ်ရာက ချွန်ထက်တဲ့ အရာ တစ်ခုနှင့် ထိုးပြီး ဆွဲချထားတဲ့ လက္ခဏာပဲ၊ ရှည်မျောမျောနှင့် ဟက်တက်ကြီး ကွဲနေတယ်၊ သို့သော်လည်း စထရေကာရဲ့ ညာဘက် လက်ထဲမှာ ဓားမြှောင် တစ်ချောင်းကို ဆုပ်လျက်သား တွေ့ရတဲ့အတွက် စထရေကာဟာ လူဆိုးတွေကို ခုခံ သတ်ပုတ်ထားတယ် ဆိုတာ ထင်ရှားတယ်ဗျ၊ ဓားမြှောင်မှာလည်း လက်ကိုင်အထိ သွေးတွေ စွန်းလို့ ကြပ်ခဲကြီး ဖြစ်နေတယ်၊ သူ့ ဘယ်ဘက် လက်ထဲ

mgyoe.com

mgyoe.com

SAMPLE BOOK



'လှိုဏ်ထဲမှာ ထရိုဂိုမှာ စထရေကာရဲ့ အလောင်းကို တွေ့ရတယ်'

မှာတော့ အနီနှင့် အနက်ကြား ပိုး လည်စည်း တစ်ခုကို တွေ့ရတယ်၊ မနေ့ညတုန်းက မြင်း ဇောင်း ကို လာ တဲ့ လူ ပတ်လာတဲ့ လည်စည်း ဆိုတာ ကောင်မလေး မှတ်မိတယ်။

'သတိ ပြန်ရလို့ ဟန်းတားကို မေးတဲ့ အခါ ကျတော့ လည်း ဒီလည်စည်းဟာ မနေ့ညက လာတဲ့ လူရဲ့ လည်စည်းလို့ အသေအချာ ထွက်တယ်၊ ပြတင်းပေါက်မှာ ရပ်ပြီး အမဲသားဟင်းထဲကို အိပ်ဆေး ခတ်သွားတာလည်း သူပဲ ဖြစ်မယ်တဲ့၊ မြင်းဇောင်းမှာ စောင့်တဲ့လူ မရှိဘဲ ဖြစ်သွားအောင် လုပ်ပုံရဟယ်တဲ့။

'စထရေကာနှင့် လူဆိုးတွေ သတ်ပုတ်နေကြတုန်းက ပျောက်သွားတဲ့ မြင်းကြီးဟာ အဲဒီ နားမှာ ရှိသေးတယ်ဗျ၊ လှိုဏ်ထဲက ဗွက်တွေထဲမှာ ခြေရာတွေ တွေ့တာကို ကြည့်ရင် သိနိုင်တယ်၊ ဒါပေမဲ့ အဲဒီနောက်တော့ အစ ရှာလို့ကို မရအောင် ဖြစ်နေတယ်၊ ဆုငွေ ပေးမယ်ဆိုပြီး စားကျက်ထဲမှာ ရှိတဲ့ ဂျစ်ပစီတွေကို လိုက်အရှာ ခိုင်းထားပေမဲ့ ခုထိ ဘာမှ အကြောင်း မထူးသေးဘူး၊ မြင်းထိန်း ကောင်လေး စားတဲ့ အမဲသားဟင်း အကျန်တွေကို ဓာတုဗေဒဌာန ပို့ကြည့်တော့ အဲဒီထဲမှာ ဘိန်းမှုန့် တော်တော်များများ ထည့်ထားတာကို တွေ့ရသတဲ့၊ အဲဒီ ညက အိမ်က လူတွေလည်း ဒီ အမဲသားဟင်းကိုပဲ စားကြတာပဲ၊ ဒါပေမဲ့ ဘာမှ မဖြစ်ကြဘူး။

'အဲဒါတွေကတော့ အမှုမှာ အရေးကြီးတဲ့ အချက်အလက်တွေပဲ၊ ထင်မြင်ချက်တွေ ကောက်ချက်တွေ ဘာမှ မပါဘူး၊ ထားတော့၊ ဒါနှင့် ပတ်သက်လို့ ပုလိပ်ဘက်က ဘာလုပ်ထားတယ် ဆိုတာ ကျုပ် ပြောပြဦးမယ်။

'ဒီအမှုကို ကိုင်တဲ့ ပုလိပ် အင်စပက်တော် ဂရီဂိုရီဟာ တော်တော်စေ့စပ် သေချာတဲ့ လူဗျ၊ စိတ်ကူးဉာဏ်ကတော့ သိပ်မကောင်းလှဘူး၊ စိတ်ကူး

mgyoe.com

mgyoe.com SAMPLE BOOK

ဉာဏ်ကလေးသာ ရှိရင် ခုလောက်ဆိုရင် အင်စပက်တော် ဘယ်ကတော့မလဲ၊ သူ ရောက်ရောက်ချင်း မသင်္ကာ ဖြစ်တဲ့ လူတွေကို ချက်ချင်း ကောက်ဖမ်းပစ် လိုက်တယ်၊ ဒီလူကို ရှာရတာကလည်း သိပ်မခက်လှပါဘူး၊ အဲဒီနား တစ်ဝိုက် မှာ အားလုံး သိပြီးသားပါ၊ သူ့ နာမည်က ဖစ်ဇရွိုင်း ဆင်ပဆင်တဲ့ဗျ၊ လူက မျိုးကောင်းရိုးကောင်း၊ ပညာလေးကလည်း အသင့်အတင့် တတ်တယ်၊ မြင်း လောင်းလွန်းအားကြီးလို့ မွဲသွားပြီး ခုတော့ လန်ဒန်က မြင်းပွဲတွေ အတွက် ဘွတ်ကီဒိုင် ဖွင့်စားနေတယ်၊ ဒါနှင့် ပုလိပ်က သူ့ ဘွတ်ကီဒိုင်မှာ အလောင်း အစား လုပ်တဲ့ စာရင်း စာအုပ်ကို စစ်ကြည့်လိုက်တော့ ဖေးဗရိတ် ဖြစ်နေတဲ့ မြင်း ဖြစ်တဲ့ ငွေကြာ အရှုံးဘက်ကနေပြီး သူက ပေါင် ငါးထောင် လောင်းထား တာ သွားတွေ့ရတယ်ဗျ။

'သူ့ကို ဖမ်းလိုက်တော့ ဖစ်ဇရွိုင်းက ပိုင်လင်း မြင်းဇောင်းက မြင်းတွေ အကြောင်း သိချင်လို့ ဒါ့တ်မိုးကို လာတယ် ဆိုတာ ဝန်ခံတယ်ဗျ၊ ဒါတွင် မကဘူး၊ ကက်ပယ်တန်ရဲ့ ဇောင်းက ဒုတိယ ဖေးဗရိတ်မြင်း ဖြစ်တဲ့ ဒက်စဘာရို အကြောင်းကိုလည်း သွားစုံစမ်းတယ်တဲ့၊ အချင်း ဖြစ်တဲ့ ညက သူဟာ ပိုင်လင်း ဇောင်းနား ရောက်တယ် ဆိုတာကိုလည်း ငြင်းဖို့ မကြိုးစားဘူးဗျ၊ ဒါပေမဲ့ ဇောင်းကို သွားတာဟာ မကောင်းတဲ့ အကြံနှင့် သွားတာ မဟုတ်ပါဘူးတဲ့၊ မြင်းတစ်ကလေးများ ရလိုရငြား ဆိုပြီး သွားတာပါလို့ ပြောသဗျ၊ ပုလိပ်က သူ့ လည်စည်းကို ထုတ်ပြလိုက်တော့ ဖစ်ဇရွိုင်း မျက်နှာဟာ သွေးမရှိတော့ သလို ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး ဒီလည်စည်း ဘာ့ကြောင့် သေသူ့ လက်ထဲ ရောက်နေရတာကို လိပ်ပတ်လည်အောင် မပြောနိုင်ဘူး၊ ယီးတီးယားတား ဖြစ်နေ တယ်၊ သူဟာ အချင်းဖြစ်တဲ့ ညက အပြင် မိုးထဲလေထဲ ထွက်ခဲ့တယ် ဆိုတာ ကိုလည်း စိုရွှဲနေတဲ့ သူ့ အဝတ်အစားတွေက သက်သေ ပြနေတယ်၊ ပြီးတော့ ပီနန်ကြိမ်မှာ ခဲသီး တပ်ထားတဲ့ သူ့ လမ်းလျှောက်တုတ်ကလည်း ဆက်တိုက် အားနှင့် ရိုက်ရင် ထရိန်နာ စထရေကာရဲ့ ခေါင်းမှာ တွေ့ရတဲ့ ဒဏ်ရာမျိုးကို ရစေနိုင်တဲ့ လက်နက်မျိုး ဖြစ်တယ် ဆိုတာ တွေ့ရတယ်ဗျ။

'သို့သော်လည်း တစ်ချက် ရှိတာက ဖစ်ဇရွိုင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာ ဆိုလို့ ဘာမှ မတွေ့ရတဲ့ အချက်ပဲ၊ စထရေကာရဲ့ လက်ထဲက ဓားမြှောင် အခြေအနေကို ကြည့်လိုက်ရင် ရန်သူမှာ အနည်းနှင့် အများ ဆိုသလို ဒဏ်ရာ ရှိရမယ်၊ အဲဒါကတော့ အမှုသွား အမှုလာ အကျဉ်းချုပ် ဆိုပါတော့ဗျာ၊ အကြံ ဉာဏ်ကလေး ဘာလေး ပေးနိုင်ရင် ပေးစမ်းပါဦး'



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်ုပ်သည် ရှားလော့ဟုမ်းက သူ့ ထုံးစံအတိုင်း ရှင်းလင်းစွာ ပြောပြသည်ကို စိတ်ဝင်စားစွာဖြင့် နားထောင်ခဲ့ပြီး ဖြစ်ပါသည်။ အချက်အလက်အများစုမှာ ကျွန်ုပ် သိပြီးသား အချက်အလက်များ ဖြစ်သည့်တိုင် ၄င်းတို့၏ အရေးကြီးပုံနှင့် ၄င်းတို့ အချင်းချင်း ဆက်နွယ်နေကြပုံတို့ကိုမူ ကောင်းစွာ သဘောပေါက်ခြင်း မရှိသေးချေ။

'စထရေကာရဲ့ ပေါင်မှာ တွေ့တဲ့ ဓားဒဏ်ရာဟာ ဦးနှောက်ကို ထိခိုက်လို့ ကယောင်ကတမ်း ရုန်းကန်ရင်း ကိုယ့် ဓားနှင့် ကိုယ် ပြန်ခိုက်မိတာ မဖြစ်နိုင်ပေဘူးလား'

'ဖြစ်နိုင်ရုံတွင် မကဘူးဗျ၊ ဒီအတိုင်း ဖြစ်ဖို့ တော်တော်ကြီးကို အလားအလာ များနေတယ်၊ ဒီအတိုင်းသာ မှန်ရင်တော့ တရားခံ အဖို့ အားကိုးရမယ့် အချက် တစ်ချက် လျော့သွားပြီဗျ'

'ပုလိပ်ဘက်ကကော ဘယ်လိုများ ယူဆသတုံးဗျ'

'ဘယ်လိုပဲ ယူဆ ယူဆ ယူဆချက်တွေထဲမှာ ဟာကွက်တွေ ရှိစမြဲပဲဗျ၊ စင်းလုံး ချောမနေဘူး၊ ပုလိပ်ကတော့ ဖစ်ဇရွိုင်းဟာ မြင်းထိန်း ကောင်လေးကို ဆေးခတ်ပြီး သော့တူနှင့် မြင်းဇောင်းကို ဖွင့်တယ်၊ အစွေးခိုင်းဖို့ ရည်ရွယ်ချက်နှင့် မြင်းကို ပြန်ပေးဆွဲတယ်လို့ ယူဆတယ်ဗျ၊ မြင်းဇက် ပျောက်နေပုံထောက်တော့ တရားခံဟာ မြင်းကို ဇက်တပ်ပြီး ယူသွားပုံ ရတယ်၊ တရားခံဟာ မြင်းကို ထုတ်၊ တံခါးကို ဟင်းလင်း ဖွင့်ထားပြီး မြင်းကို စားကျက်ကွင်းဘက်ကို ဆွဲသွားဟန် တူတယ်၊ အဲဒီမှာတွင် နောက်က ထရိန်နာ စထရေကာ လိုက်လာပြီး နှစ်ယောက်သား စကား များကြတယ်၊ ဖစ်ဇရွိုင်းဟာ လက်ထဲမှာ ပါလာတဲ့ ခဲသီးတုတ်နှင့် ထရိန်နာ ခေါင်းကို ရိုက်လိုက်တယ်၊ ပြန့်ပြီး ကာကွယ်တဲ့ အနေနှင့် စထရေကာက ဓားနှင့် ထိုးလိုက်ပေမဲ့ တရားခံကို မထိဘူး၊ မြင်း သူခိုးဟာ မြင်းကို တစ်နေရာမှာရင်လည်း ဝှက်ထားရမယ်၊ ဒါမှမဟုတ် သူတို့ နှစ်ယောက် လုံးထွေး သတ်ပုတ်နေတုန်း မြင်းဟာ လွတ်ထွက်သွားပြီး ခုလောက် ဆိုရင် စားကျက်ထဲမှာရင်လည်း ရှိနေရမယ်လို့ ပုလိပ်က ယူဆတယ်၊ ကျုပ်ကတော့ သူတို့ အဆိုကို သိပ် လက်မခံချင်လှဘူး၊ ဒီပြင် ယူဆချက်တွေကတော့ သာပြီး တောင် မဖြစ်နိုင်သေးတယ်၊ ဒါပေမဲ့ အချင်း ဖြစ်တဲ့ နေရာကို ရောက်သွားရင်တော့ လက်တွေ့ စမ်းသပ်လို့ ရတော့မှာပါလေ၊ ခုနေ အချက်အလက် မပြည့်စုံသေးဘဲနှင့် တောင်စဉ် ရေမရ လျှောက်စဉ်းစားနေလို့ကတော့ ဒီထက် ဘာမှ ထူးပြီး အဖြေ ထွက်မှာ မဟုတ်ပေဘူး'



mgyoe.com

mgyoe.com
SAMPLE BOOK

ဒိုင်း တစ်ခု အလယ်မှ ပန်းကြွ တံဆိပ် တစ်ခုကဲ့သို့ စက်ဝိုင်း သဏ္ဌာန် ရှိနေသော ဒါ့တ်မိုးနယ် အလယ်တွင် ရှိသည့် တာဗစ်စတော့ မြို့ကလေးသို့ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်၌ နေ အတော် စောင်းခဲ့လေပြီ။ ဘူတာရုံတွင် ကျွန်ုပ်တို့အား စောင့်ကြိုလျက်ရှိသည့် လူနှစ်ယောက်ကို တွေ့ရ၏။ တစ်ယောက်မှာ အရပ် မြင့်မြင့်၊ ဥပဓိရုပ် ကောင်းကောင်း လူတစ်ယောက် ဖြစ်ပြီး ခြင်္သေ့ လည်ဆံကဲ့သို့ ရှည်လျားသည့် ဆံပင်၊ မုတ်ဆိတ်မွေးနှင့် စူး၍ ပြာလဲ့သော မျက်လုံးများ ရှိလေ၏။ အခြား တစ်ယောက်မှာ လူ သေးသေးနှင့် ခပ်သွက်သွက် ဖြစ်ပြီး အဝတ်အစားကို သပ်ရပ် သန့်ရှင်းစွာ စတိုင်ကျကျ ဝတ်ဆင်တတ်သူ တစ်ယောက် ဖြစ်လျက် ကုတ်အင်္ကျီရှည်၊ ခြေပတ် တိုတို ဝတ်ဆင်ထားလေ၏။ သပ်ရပ်စွာ ဖြတ်ထားသည့် နှုတ်ခမ်းမွေး ကျင်စွယ်များ ရှိပြီး မျက်မှန် တစ်ဖက်ကိုလည်း တပ်ထားလေ၏။ ထိုလူမှာ နာမည်ကျော် မြင်း ပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ် ဖြစ်ပြီး နောက်တစ်ယောက်မှာ အင်္ဂလန် စုံထောက် လောကတွင် နာမည်ကြီးသည့် အင်စပက်တော် ဂရီဂိုရီ ဖြစ်လေ၏။

'မစ္စတာ ဟုမ်း ဆင်းလာတဲ့ အတွက် ဝမ်းသာတယ် ခင်ဗျာ၊ ဟောဒီက အင်စပက်တော်ကြီး ကတော့ လုပ်စရာ ရှိတာတွေကို အားလုံး လုပ်ပြီးသလောက် ရှိပါပြီ၊ ဒါပေမဲ့ ကျွန်တော့် ထရိန်နာ သေရတဲ့ အတွက်ရယ်၊ ကျွန်တော့် မြင်းကြီး ပြန်တွေ့ဖို့ ကိစ္စရယ်နှင့် ပတ်သက်လို့ကတော့ လုပ်စရာ ရှိတာကို အကုန် လုပ်ပြီး ရေဆုံးရေဖျား လိုက်ကြည့်ချင်တယ် ခင်ဗျာ'

ဗိုလ်မှူးကြီး ရော့စ်က ပြောလေ၏။



'မစ္စတာ ဟုမ်း ဆင်းလာတဲ့ အတွက် ဝမ်းသာတယ် ခင်ဗျာ'



mgyoe.com

mgyoe.com SAMPLE BOOK

'နောက်ထပ် ဘာများ ထူးသေးသလဲ' ဟု ရှားလော့ဟုမ်းက မေး၏။

'သိပ်တော့ မထူးလှပါဘူး မစ္စတာ ဟုမ်း' ပုလိပ် အင်စပက်တော် ဂရီဂိုရီက ပြော၏။ 'ဘူတာ အပြင်ဘက်မှာ အမိုးဖွင့် ရထား ပါတယ်၊ မမှောင်ခင် ရှုခင်းလေး ဘာလေး ကြည့်ချင်ရင် ကြည့်နိုင်အောင် ဆိုပြီး အမိုးဖွင့် ရထားကိုပဲ ယူလာခဲ့တာ၊ အမှု အကြောင်းကိုတော့ လမ်းကျမှပဲ ဆွေးနွေးကြသေးတာပေါ့'

နောက် တစ်မိနစ်ခန့် ကြာသော အခါ၌ ကျွန်ုပ်တို့သည် အမိုးဖွင့် ရထားကလေးပေါ်သို့ ရောက်လျက် ရှိကြပြီး ခဏ ကြာလျှင် ထူးဆန်းသည့် ဒီဗွန်ရှိုင်းယား မြို့ကလေးထဲမှ ဖြတ်၍ မောင်းလာခဲ့ကြလေ၏။ ပုလိပ် အင်စပက်တော် ဂရီဂိုရီမှာ အမှု အကြောင်းအရာများကို မိုးမွှန်အောင် ပြောဆိုလာကာ ထင်မြင်ချက် ပေးလျက် ရှိ၍ ရှားလော့ဟုမ်းမှာမူကား စကား မပြောလှဘဲ တစ်ခါတစ်ရံတွင် မေးခွန်း ထောက်မေးခြင်း၊ အာမေဋိတ်သံ ပြုခြင်း စသည်တို့လောက်သာ ပြုလုပ်တတ်ပေ၏။ ဖိုလ်မှူးကြီး ရော့စ်မှာ ထိုင်ခုံကို မှီ၍ လက်ပိုက် လိုက်လာလေရာ ခေါင်းပေါ်တွင် ဆောင်းထားသည့် ဦးထုပ်သည် သူ့ မျက်နှာပေါ်သို့ လျှောကျလျက် ရှိလေ၏။ ကျွန်ုပ်ကား စုံထောက် နှစ်ယောက် ပြောဆိုနေသည့် စကားများကို စိတ်ပါဝင်စားစွာ နားထောင်လျက် လိုက်ပါလာခဲ့လေ၏။ ပုလိပ် အင်စပက်တော် ဂရီဂိုရီသည် ရထားပေါ်တုန်းက ရှားလော့ဟုမ်း ပြောခဲ့သည့် အတိုင်း သူ့ ကိုယ်ပိုင် အယူအဆကို တင်ပြလျက် ရှိပေ၏။

'ခုထိတော့ ဖစ်ဇရွိုင်းဟာ ပိုက်ကွန်ထဲမှာ အစင်းသား မိနေပြီဗျ၊ ကျွန်တော်တို့ လိုချင်တဲ့ လူဟာ သူပဲ ဖြစ်ရမယ်လို့ ကျွန်တော် ထင်နေတယ်၊ ဒါပေမဲ့ မျက်မြင် သက်သေ မရှိဘဲ ပတ်ဝန်းကျင် သက်သေ အထောက်အထားနှင့် စွဲရတာ ဖြစ်နေလေတော့ နောက်ထပ် အထောက်အထား တစ်ခု တွေ့တာနှင့် တစ်ပြိုင်နက် အခြေအနေ တစ်မျိုး ပြောင်းချင် ပြောင်းသွားနိုင်တယ် ဆိုတာကို လည်း ကျွန်တော် အသိအမှတ် ပြုပါတယ်'

'စထရေကာရဲ့ ဓားဒဏ်ရာကရော'

'လဲကျသွားတုန်းမှာ ကိုယ့် ဓားမြှောင်နှင့် ကိုယ် ပြန်ထိုးမိတယ်လို့ပဲ ကျွန်တော်တို့ ယူဆတယ်'

'ရထားပေါ်မှာတုန်းက ကျုပ် မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်ကလည်း ဒီအတိုင်းပဲ ထင်မြင်ချက် ပေးခဲ့တယ်ဗျ၊ ဒီလိုဆိုရင် ဖစ်ဇရွိုင်း အပေါ်မှာ ပိုပြီး ပိသွားပေတာပေါ့'

'ဒါပေါ့၊ ပိုပြီး လေးသွားတာပေါ့၊ သူ့ လက်ထဲမှာ ဓားလည်း မရှိဘူး၊



mgyoe.com

mgyoe.com SAMPLE BOOK

ဒဏ်ရာ ရထားတဲ့ လက္ခဏာလည်း မတွေ့ရဘူး၊ ပြီးတော့ သက်သေခံ အထောက် အထားကလည်း တော်တော်ကြီးကို ခိုင်လုံနေတယ်၊ ဖစ်ဇရွိုင်းဟာ ဖေးဗရိတ် ဖြစ်တဲ့ မြင်းကြီး ပျောက်သွားစေချင်တယ်၊ မြင်းထိန်း ကောင်လေးကို ဆေးခတ် တယ်လို့ ထင်စရာ အကြောင်းတွေ ရှိနေတယ်၊ အချင်းဖြစ်တဲ့ ညက မိုးထဲ လေ ထဲမှာ အပြင် ရောက်နေတယ်၊ သူ့ လက်ထဲမှာလည်း ခဲသီး တပ်တဲ့ ဟန်တိန် တုတ်ကြီးကို ကိုင်ထားတယ်၊ သူ့ လည်စည်းကို သေသူ့ လက်ထဲမှာ သွားတွေ့ ရတယ်၊ ဒီလောက်ဆိုရင် ရုံးတင်ဖို့ အတော်ကြီးကို ခိုင်သွားပြီ ထင်တယ် ခင်ဗျ'

ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်ရင်း

'ဒီလောက်နှင့်တော့ မရသေးဘူးလေ၊ ရှေ့နေ ကောင်းကောင်းနှင့် တွေ့ လိုက်ရင် ဒါတွေ အားလုံး ဖရိုဖရဲ ဖြစ်သွားနိုင်တယ်၊ တရားခံဟာ ဘာဖြစ်လို့ မြင်းကို မြင်းဇောင်း အပြင်ဘက် ထုတ်သွားရသလဲ၊ မြင်းကို တစ်စုံတစ်ရာ ဒဏ်ရာ ရအောင် လုပ်ခဲ့ချင်တယ် ဆိုရင် ဇောင်းထဲမှာပဲ လုပ်လို့ မဖြစ်နိုင်ဘူး လား၊ ဘိန်းမှုန့်ကို ဘယ် ပရဆေးဆိုင်က ဝယ်လာခဲ့တာလဲ၊ သူ့ကို ဘာ့ကြောင့် ရောင်းရသလဲ၊ ပြီးတော့ တရားခံဟာ တစ်နယ်သား၊ ဒီနယ်ကို ကောင်းကောင်း ကျွမ်းတာ မဟုတ်ဘူး၊ ဒီလို လူစိမ်း တစ်ယောက်ဟာ ငွေကြာလို နာမည်ကျော် မြင်းတစ်ကောင်ကို ဘယ်နေရာမှာ သွားဝှက်ထားမလဲ၊ မြင်းထိန်း သူငယ်ကလေး ကို ပေးပေးပါလို့ ပြောပြီး ကောင်မလေးကို ထုတ်ပြတဲ့ စာရွက်ဟာ ဘာစာရွက် လို့ သူက ထွက်ထားသလဲ'

'သူကတော့ အဲဒီ စာရွက်ဟာ ဆယ်ပေါင်တန် ငွေစက္ကူ တစ်ရွက်ပါ လို့ ထွက်ထားတယ်ဗျ၊ အလားတူ ဆယ်တန် တစ်ရွက်ကိုလည်း သူ့ သားရေ အိတ်ထဲမှာ တွေ့ရသေးတယ်၊ ဒါပေမဲ့ တခြား အချက်တွေကတော့ ဒီလောက် ကြောက်စရာ မရှိလှပါဘူး၊ ဒီတရားခံဟာ ဒီနယ်မှာ လူစိမ်း သက်သက်တော့ မဟုတ်ဘူးဗျ၊ နွေတုန်းက တာဗစ်စတော့ကို နှစ်ကြိမ်တောင် လာနေသွားဖူး တယ်၊ ဘိန်းမှုန့်ကတော့ ဒီမှာ မဝယ်ဘဲ လန်ဒန်က ဝယ်လာတာ ဖြစ်မှာပေါ့၊ သော့ကလည်း သုံးပြီး ဖြစ်လေတော့ မလိုတော့တဲ့ အတွက် တစ်နေရာမှာ လွှင့်ပစ်ခဲ့တာ မဖြစ်နိုင်ပေဘူးလား၊ မြင်းကတော့ လျှို တစ်ခုခုထဲမှာ ဖြစ်ဖြစ် စားကျက်ကွင်းထဲက ကျောက်ကျင်း တစ်ကျင်းထဲမှာ ဖြစ်ဖြစ် ရှိနိုင်တယ်ဗျ'

'လည်စည်း ကိစ္စကိုကော သူက ဘယ်လို ထွက်ထားသလဲ'

'လည်စည်းကတော့ သူ့ လည်စည်းပဲတဲ့၊ ဒါပေမဲ့ အဲဒီ လည်စည်းက ပျောက်သွားသတဲ့ဗျ၊ မြင်းကို ဘာဖြစ်လို့ ဇောင်းက ထုတ်သွားသလဲ ဆိုတာနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပတ်သက်လို့တော့ အမှုထဲမှာ နောက်ထပ် စဉ်းစားစရာ အသစ် တစ်ခု ပေါ်လာတယ်'

ရှားလော့ဟုမ်းက နားကို စွင့်ထားလိုက်သည်။

'အချင်း ဖြစ်တဲ့ တနင်္လာနေ့ ညတုန်းက အချင်း ဖြစ်နေတဲ့ နေရာနှင့် တစ်မိုင်လောက် အကွာမှာ ဂျစ်ပစီ တစ်သိုက် စခန်း ချသွားတဲ့ လက္ခဏာတွေကို တွေ့ရတယ်ဗျ၊ နောက်တစ်နေ့ကျတော့ သူတို့ မရှိကြတော့ဘူး၊ ပြောင်းသွားကြတယ်၊ ဒီတော့ အကယ်၍ ဖစ်ဇရွိုင်းနှင့် ဂျစ်ပစီတွေ ကြားမှာ နားလည်မှု ရှိခဲ့ရင် စထရေကာ နောက်က လိုက်လာတဲ့ အချိန်မှာ သူဟာ မြင်းကို ဂျစ်ပစီတွေ ရှိရာကို ဆွဲသွားနေတာ မဖြစ်နိုင်ပေဘူးလား၊ ခုနေဆိုရင် မြင်းဟာ ဂျစ်ပစီတွေ လက်ထဲမှာ ရောက်မနေနိုင်ပေဘူးလား'

'အင်း ဖြစ်နိုင်ပေတာပေါ့'

'ခု ကျွန်တော်တို့ လူတွေ စားကျက်ကွင်းကြီးကို ပိုက် စိပ် တိုက် ပြီး ဂျစ်ပစီတွေကို ရှာနေကြတယ် ခင်ဗျ၊ ပြီးတော့ တာဗစ်စတော့နှင့် ဆယ်မိုင်ပတ်လည်မှာ ရှိတဲ့ မြင်းဇောင်းတွေကိုလည်း လိုက်ရှာပြီးပြီ'

'အဲဒီ နားမှာလည်း တခြား ထရိန်နာရဲ့ မြင်းဇောင်း တစ်ခု ရှိသေးတယ် မဟုတ်လား'

'ရှိတယ် ခင်ဗျ၊ ကက်ပယ်တန်ရဲ့ ဇောင်း၊ ဒီအချက်ကိုလည်း ကျွန်တော်တို့ လျစ်လျူပြုထားလို့ မဖြစ်ဘူး၊ အဲဒီ ဇောင်းက မြင်းက ဒက်စဘာရိုတဲ့၊ ငွေကြေး ပြီးရင် သူလည်း ဖေးဗရိတ်ပဲ၊ ဒီတော့ အဲဒီ ဇောင်းဟာလည်း ငွေကြေး ပျောက်ဆုံးတဲ့ အတွက် အကျိုး ရှိနိုင်တဲ့ မြင်းဇောင်း ဖြစ်တယ်၊ အဲဒီ ဇောင်းရဲ့ ထရိန်နာ ဆီလာ ဘရောင်းကလည်း တော်တော်များများ လောင်းထားပြီး သေသူ စထရေကာနှင့်လည်း မသင့်မြတ်ကြဘူး ခင်ဗျ၊ သို့သော်လည်း သူ့ မြင်းဇောင်းကို ကျွန်တော်တို့ စစ်ဆေးကြည့်ခဲ့ပြီးပြီ၊ ခုကိစ္စနှင့် ပတ်သက်လို့ တစ်စုံတစ်ရာ ပတ်သက်တဲ့ သဲလွန်စ ဆိုလို့ ဘာမှ မတွေ့ခဲ့ဘူး ခင်ဗျ'

'တရားခံ ဖစ်ဇရွိုင်းနှင့် ကက်ပယ်တန် မြင်းဇောင်းနှင့် ပတ်သက် ဆက်စပ်တာမျိုး ဆိုလို့ တစ်ခုမှ မတွေ့ရဘူးပေါ့'

'ဘာမှ မတွေ့ရဘူးဗျ'

ရှားလော့ဟုမ်းက ရထား နောက်ခုံကို မှီ၍ ထိုင်လိုက်သည်တွင် သူတို့နှစ်ယောက် စကား ပြတ်သွားလေ၏။

မိနစ် အနည်းငယ် ကြာသည့် အခါ၌ ကျွန်ုပ်တို့၏ ရထားသမားသည်

mgyoe.com

mgyoe.com SAMPLE BOOK

တံစက်မြိတ် ချထားသည့် အုတ်တိုက် အနီကလေး တစ်လုံးရှေ့တွင် ရထားကို ရပ်လိုက်လေသည်။ အဝေးရှိ မြင်ကွင်း တစ်ဖက်တွင် သင်ပုန်းရောင် အုတ်ကြွပ် မိုးထားသည့် အဆောက်အအုံ ခပ်ရှည်ရှည် တစ်ခုကို မြင်နေရ၏။ အခြားဘက် သုံးဖက်တွင်မူ စားကျက် အောက်ခြေရှိ ချိုင့်ဝှမ်းကို လှမ်းမြင်နေရပြီး ကြည့်လေရာတွင် ရွက်ဟောင်းတို့ ကြွေစပြုနေသည့် ချုံနွယ်များကြောင့် ရှခင်းသည့် ကြေးနီရောင် ပေါက်လျက် ရှိလေ၏။ ကောင်းကင် နောက်ခံတွင် စားကျက် ကွင်းပြင်ကြီးမှာ မျှော်မဆုံးနိုင်အောင် ကျယ်ပြန့်လျက် ရှိ၍ တစ်နေရာတွင်မူ တာဗစ်စတော့ မြင်းဇောင်းများနှင့် အနောက်ဘက်တွင် ကက်ပယ်တန် မြင်းဇောင်း ရှိရာ အိမ်စုကို မြင်နိုင်ပေ၏။ ကျွန်ုပ်တို့ အားလုံး ရထားပေါ်မှ ဆင်းကြသော်လည်း ရှားလော့ ဟုမ်းမှာ ရထား နောက်မှီခုံကို မှီကာ သူ့ရှေ့တွင် မြင်နေရသည့် ကောင်းကင် ကြီးကို စူးစိုက်ကြည့်လျက် ရှိပြီး ကိုယ့် အတွေးနှင့် ကိုယ် ငြိမ်သက်လျက် ရှိလေ၏။ ကျွန်ုပ်က ပခုံးကို တို့လိုက်သည့် အခါကျမှ ရှားလော့ဟုမ်းသည် အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ ဖြုန်းခနဲ ထကာ ရထားပေါ်မှ ဆင်းခဲ့လေ၏။

ရှားလော့ဟုမ်းသည် ၎င်းအား တအံ့တသြ ကြည့်လျက် ရှိသည့် ဗိုလ်မှူးကြီး ရော့စ်ဘက်သို့ လှည့်ကာ 'ဗိုလ်မှူးကြီးရေ ခွင့်လွှတ်ဗျနော်၊ ကျုပ်က ကျုပ် စိတ်ကူးနှင့် ကျုပ် မှိန်းနေတာ' ဟု ပြောဆိုလေ၏။ ထိုအချိန်၌ ရှားလော့ ဟုမ်း၏ မျက်လုံးများမှာ အရောင် တလက်လက် တောက်ပလျက် ရှိပြီး စိတ် လှုပ်ရှားနေသဖြင့် မနည်း ချုပ်တည်းထားရသည့် ဟန်မျိုးကို သူ့ အမူအရာထဲ တွင် ကျွန်ုပ် သတိပြုလိုက်မိလေ၏။ အမှုနှင့် ပတ်သက်၍ သဲလွန်စ တစ်ခုကို တွေ့ထားလျှင် ဤသို့ ဖြစ်လေ့ ရှိကြောင်းကို ကျွန်ုပ် အတွေ့အကြုံ အရ သိလိုက် သော်လည်း ထိုသဲလွန်စကို မည်သို့ မည်ပုံ ရလိုက်သည်ကိုကား ကျွန်ုပ်မှာ မစဉ်းစားတတ်အောင် ဖြစ်လျက် ရှိလေ၏။

'အချင်းဖြစ်တဲ့ နေရာကို ခုချက်ချင်း သွားကြည့်ချင်သလား မစ္စတာ ဟုမ်း'

အင်စပက်တော် ဂရီဂိုရီက မေး၏။

'ဒီနေရာမှာ ခဏလောက် နေပြီး မေးခွန်းကလေး တစ်ခု နှစ်ခုလောက် မေးချင်သေးတယ်ဗျ၊ စထရေကာရဲ့ အလောင်းကို ဒီ ပြန်သယ်လာခဲ့တယ်နော် ဟုတ်စ'

'ဟုတ်တယ် ခင်ဗျ၊ သူ့ကို အပေါ်ထပ်မှာ ထားတယ်၊ မနက်ဖြန်မှာ ရုံးစစ်ချက် ရှိတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'ဗိုလ်မှူးကြီးဆီမှာ စထရေကာ အလုပ် လုပ်လာတာ တော်တော် ကြာပြီပေါ့'

'အလွန် သစ္စာ ရှိတဲ့ တပည့်ကောင်း တစ်ဦးပါဗျာ'

'စထရေကာရဲ့ အလောင်းကို တွေ့တုန်းက သူ့ အိတ်ထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေကို စာရင်း လုပ်ထားတယ်နော် အင်စပက်တော်ကြီး'

'ပစ္စည်းတွေကို သူ့ အတိုင်း ခြေကုန် လက်ရော မပျက်မယွင်း ထားပါတယ် မစ္စတာ ဟုမ်း၊ ကြည့်ချင်ရင် ညွှေ့ခန်းထဲမှာ ရှိပါတယ်'

'ဟာ သိပ်ကောင်းတာပေါ့ဗျာ'

ကျွန်ုပ်တို့သည် အိမ်ရှေ့ခန်းသို့ ဝင်ရောက်ခဲ့ကြပြီးနောက် အလယ်ရှိ စားပွဲကြီး တစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏။ အင်စပက်တော် ဂရီဂိုရီသည် စတုရန်းပုံ သံသေတ္တာကလေး တစ်လုံးကို သော့ဖွင့်လိုက်ပြီး အထဲမှ ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချလိုက်လေ၏။ ထိုပစ္စည်းများမှာ မီးခြစ်ဘူး နှစ်ဘူး၊ နှစ်လက်မခန့်ရှိ ဖယောင်းတိုင် တစ်တိုင်၊ ဘရိုင်ယာမြစ်ဖြင့် လုပ်ထားသည့် ဆေးတံ တစ်ချောင်း၊ ခပ်ရှည်ရှည် လိမ်းထားသော ဆေးတံ သောက်ဆေး အိတ် တစ်လုံး၊ ရွှေကြိုးတပ် ငွေရောင် လက်ပတ်နာရီ တစ်လုံး၊ ရွှေဒင်္ဂါး ငါးပြား၊ အလူမီနီယန် ခဲတံဘူး တစ်ဘူး၊ စာရွက် အချို့နှင့် ဝိုက်ဇ် အင် ကုမ္ပဏီ လန်ဒန်ဟု အမှတ်အသား ပါ၍ အသွားထက်ထက်တွင် ဆင်စွယ် လက်ကိုင် တပ်ထားသည့် ဓားမြှောင် တစ်ချောင်းတို့ ဖြစ်ကြပေ၏။

ရှားလော့ဟုမ်းသည် ဓားမြှောင်ကို ကောက်၍ လက်ဖြင့် ဆကာ သေချာစွာ ကြည့်ရှုပြီးနောက်

'အင်း၊ ဓားမြှောင်က တော်ဟော် ထူးခြားတဲ့ ဓားမြှောင်ပဲ၊ သွေးတွေ စွန်းနေတာကို ထောက်ရင် ဒီဓားမြှောင်ဟာ သေသူ့ လက်ထဲမှာ တွေ့ရတဲ့ ဓားမြှောင်နှင့် တူတယ် ဟုတ်စ၊ ဒေါက်တာ ဝပ်ဆင်ရေ၊ ဓားမြှောင်ကို စစ်ဆေးကြည့်ဖို့ကတော့ ခင်ဗျားနှင့် ဆိုင်တယ်ဗျ'

'ကျွန်တော်တို့ အခေါ်တော့ မျက်စိ ခွဲတဲ့ ဓားလို့ ခေါ်တာပေါ့'

'ဟုတ်တယ်၊ ကျုပ်လည်း ဒီအတိုင်း ထင်လို့ မေးကြည့်တာ၊ အလွန် နူးညံ့တဲ့ ခွဲစိတ်မှုတွေကို လုပ်ဖို့ အတွက် အထူး လုပ်ထားတဲ့ ဓားဗျ၊ အသွားက သိပ်နူးညံ့ပြီး သိပ်ထက်တာ၊ ညကြီးမင်းကြီး ခရီးကြမ်းကြီးမှာ ဒီလောက် နူးညံ့ပြီး ဒီလောက် ထက်တဲ့ ဓားကို ကိုင်တာကတော့ တော်တော် ထူးဆန်းတာပဲ၊ ဒီအထဲမှာ ဓားကို မောင်းချ ပိတ်မထားဘူးဗျ၊ ဖွင့်ထားလိုက်သေးတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'စားဦးကိုတော့ ဖော့ပိုင်းလေး တစ်ခုနှင့် စွပ်ထားတယ် ခင်ဗျ၊ ဒီဖော့ပိုင်းကလေးကို အလောင်း ဘေးနားက တွေ့ရတယ်၊ သူ့ မိန်းမက ပြောတော့ ဒီစားကလေးကို သူတို့ အခန်းက စားပွဲပေါ်မှာ တွေ့နေတာ သုံးလေးရက် ရှိပြီတဲ့၊ အိမ်က အထွက်မှာ ကောက်သွားတာတဲ့၊ ဒီစားကလေးက ဘာလုပ်လို့ ရမှာလဲဗျာ၊ ဒါပေမဲ့ ကြည့်ရတာကတော့ အပြင် ထွက်ကာနီးမှာ တွေ့ရာ လက်နက်ကို ကောက်ယူသွားတာ ထင်ပါရဲ့'

'အင်း ဖြစ်နိုင်ပါတယ်၊ ဒီစာရွက်တွေကကော ဘာစာရွက်တွေလဲ'

'သုံးရွက်ကတော့ ကောက်ရိုးစက်က ကောက်ရိုး ဝယ်တဲ့ ဖြတ်ပိုင်းတွေ ခင်ဗျ၊ တစ်ခုက ဗိုလ်မှူးကြီး ရော့စ်က ညွှန်ကြားထားတဲ့ စာတစ်စောင်၊ နောက်တစ်စောင်ကတော့ လန်ဒန်မြို့၊ ဘွန်းလမ်းက မဒမ် လေဆူးရီးယားရဲ့ အမျိုးသမီး အလှကုန်တွေ ရောင်းတဲ့ စတိုးဆိုင်ကြီးက သုံးဆယ့် ခုနစ်ပေါင် ဆယ့်ငါးသျှီလင်ဖိုး ဝယ်ထားတဲ့ ပြေစာ ခင်ဗျ၊ ဝယ်သူက ဝီလျံ ဒါဘီရှိုင်းယားတဲ့၊ စထရေကာရဲ့ မိန်းမက ပြောတော့ ဒါဘီရှိုင်းယား ဆိုတာ သူ့ ယောကျ်ားရဲ့ မိတ်ဆွေ တစ်ယောက်တဲ့၊ တစ်ခါတလေမှာ သူ့စာတွေကို သူတို့ အိမ်လိပ်စာနှင့် ပေးထားတယ်တဲ့'

ရှားလော့ဟုမ်းက ပြေစာ စာရွက်ကို ငုံ့ကြည့်လိုက်ကာ

'အင်း၊ ဒါဘီရှိုင်းယား ကတော် ဝတ်တာကလည်း အကောင်းစားတွေ ချည်းပါပဲကလားဗျ၊ ကြည့်စမ်းပါဦး၊ တစ်စုံကို နှစ်ဆယ့်နှစ် ဂီနီ ပေးရတယ် ဆိုတော့ မများလွန်းပေဘူးလား၊ သို့သော်လည်း ဒီကတော့ ဘာမှ ထူးထူးခြားခြား သိရတော့မှာ မဟုတ်ပါဘူးလေ၊ ဒီတော့ အချင်း ဖြစ်ပွားတဲ့ နေရာကို ကြည့်ရရင် ကောင်းမယ် ထင်တယ်'

ဧည့်ခန်းမှ ကျွန်ုပ်တို့ ထွက်လာသည့် အခါ၌ အဆောင်ကူး လမ်းကြားတွင် ရပ်နေသည့် မိန်းမ တစ်ယောက်သည် ကျွန်ုပ် အနားသို့ ရောက်လာပြီး ပုလိပ် အင်စပက်တော် ဂရီဂိုရီ၏ အင်္ကျီ လက်ကို လှမ်းဆွဲထားလေ၏။ ထိုမိန်းမမှာ ပိန်ချုံးကာ မျက်တွင်း ဟောက်ပက် ဖြစ်လျက် ရှိပြီး စိတ်အား ထက်သန်သော အမူအရာကို ပြလျက် ရှိလေ၏။ ဤသည်မှာ မကြာသေးမီက ကြောက်ဖွယ် အဖြစ်အပျက် တစ်ခုကို ကြုံခဲ့ရသည့် လက္ခဏာပင် ဖြစ်လေ၏။

'တွေ့ပလား အင်စပက်တော်မင်း၊ ဟင် အားလုံး ပြန်တွေ့ပလား' ဟု အမောတကော မေးလေ၏။

'မစွက် စထရေကာရေ၊ မတွေ့သေးဘူးဗျ၊ ဒါပေမဲ့ ဟောဒီမှာ မစ္စတာ



mgyoe.com

mgyoe.com SAMPLE BOOK

ဟုမ်းလည်း လန်ဒန်က ဆင်းလာပြီး ကျွန်တော်တို့ကို ကူ ရှာပေးနေပါတယ်၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစား ရှာပါ့မယ်'

'မစ္စက် စထရေကာကို ပလင်းမောက်က ဥယျာဉ်ပွဲ တစ်ခုမှာ တစ်ခါ တွေ့ဖူးတယ်ဗျ' ရှားလော့ဟုမ်းက ပြော၏။

'မဟုတ်ပါဘူးရှင်၊ လူမှားလို့ ဖြစ်ပါလိမ့်မယ်'



'တွေ့ပလား အင်စပက်တော်မင်း၊ ဟင် အားလုံး ပြန်တွေ့ပလား'

'မမှားပါဘူးဗျာ၊ သိပ်သေချာတာပေါ့၊ သေချာတာမှ ဟိုဘက်တောင် ဆယ်ဘူတာလောက် လွန်သေးတယ်၊ အဲဒီတုန်းက ခင်ဗျားက ခိုရောင် ပိုးဝတ်စုံကို ဝတ်လို့ဗျ၊ သစ်ကုလားအုတ်မွေး အနား တပ်လို့'

'ကျွန်မမှာ ဒီလို ဝတ်စုံမျိုးလည်း တစ်ခါမှ မရှိဖူးပါဘူးရှင်'

'ဩော် ဒီလိုဆိုရင်လည်း ပြီးပါလေရော ခင်ဗျာ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် အမျိုးသမီးကို တောင်းပန်ပြီးနောက် ပုလိပ် အင်စပက်တော် နောက်သို့ လိုက်လာခဲ့လေ၏။ စားကျက် ကွင်းပြင်ကြီးကို ဖြတ် လျှောက်ခဲ့ကြ၍ အတန်ကြာလျှင် ကျွန်ုပ်တို့သည် အလောင်းတွေ့သည့် ချိုင့်ကလေးထဲသို့ ရောက်လာခဲ့ကြလေ၏။ ချိုင့်ဘေးတွင် မိုးကာ အင်္ကျီ ကျန်ရစ်ခဲ့သည့် ဆူးချုံကို တွေ့ရလေ၏။

'အဲဒီ ညက လေမတိုက်ဘူး ထင်တယ် ဟုတ်စ' ဟု ရှားလော့ဟုမ်းက မေး၏။

'တစ်ချက်မှ မတိုက်ဘူး ခင်ဗျ၊ မိုးကတော့ တော်တော်လေး သဲတယ်'

'ဒီလိုဆိုရင် မိုးကာ အင်္ကျီဟာ လေတိုက်လို့ လွင့်လာပြီး တင်နေတာ မဟုတ်ဘူးဗျ၊ တမင် လာတင်ထားတာ ဖြစ်လိမ့်မယ်'

'ဟုတ်တယ်၊ ချုံပေါ်မှာ ကန့်လန့်ကြီး တင်နေတယ်'

'ခင်ဗျား ပြောလိုက်တော့ ပိုပြီး စိတ်ဝင်စားစရာ ကောင်းလာတယ်၊ မြေကြီးကို နင်းထားလိုက်တဲ့ ခြေရာတွေကလည်း ပွစာကြဲလို့ပါလားဗျ'



mgyoe.com

mgyoe.com SAMPLE BOOK

'တနင်္လာနေ့ နောက်ပိုင်းမှာကို ခြေရာတွေ တော်တော် များနေပြီ'

'ဘေးမှာ ဖျာခင်းပြီး ဖျာပေါ်က ရပ်ကြည့်ကြတာပါ'

'ကောင်းသဗျား'

'ဟောဒီ အိတ်ထဲမှာ စထရေကာ စီးတဲ့ ဘွတ်ဖိနပ် တစ်ဖက်ရယ်၊ ဖစ်ဇရွိုင်း စီးတဲ့ ဖိနပ် တစ်ဖက်ရယ်၊ ငွေကြာရဲ့ ခွာမှာ ရိုက်ထားတဲ့ သံခွာရယ်၊ သိမ်းထားတယ် ခင်ဗျ'

'ဒီတစ်ချီတော့ ကျုပ်တို့ အင်စပက်တော်ကြီး တယ် လုပ်လိုက်ပါလားဗျို့'

ရှားလော့ဟုမ်းသည် အိတ်ကို ဆွဲယူပြီးနောက် လှိုဏ်ထဲသို့ ဆင်းခဲ့ပြီးလျှင် ဖျာကို အလယ်ကျကျ နေရာသို့ ရွှေ့လိုက်လျက် ဝမ်းလျား မှောက်ကာ ခြေဖြင့် နင်းထားသည့် ရွှံ့ဗွက်ကို အသေအချာ ကြည့်လျက် ရှိရာမှ 'အလို၊ ဟောဒီမှာ ဘာလဲဗျို့' ဟု အလန့်တကြား အော်လိုက်လေ၏။

ယင်းမှာ တစ်ဝက် လောင်ထားသည့် မီးခြစ်ဆံ တစ်ချောင်း ဖြစ်ပြီး ရွှံ့တို့ ပေကျံလျက် ရှိခြင်းကြောင့် ရုတ်တရက် ကြည့်လိုက်လျှင် သစ်သားစ ကလေး တစ်စနှင့် တူနေလေ၏။ အင်စပက်တော် ဂရီဂိုရီမှာ အနည်းငယ် စိတ်ပျက်သွားဟန်ဖြင့်

'ကျွန်တော်လည်း သေသေချာချာ ကြည့်တာပဲ၊ ဘယ်လိုလွဲ့ပ် မျက်စိ လွှဲသွားတယ် မသိဘူး'

'ရွှံ့ထဲ မြုပ်နေတော့ ဘယ် မြင်နိုင်မလဲဗျ၊ ကျုပ်သာ အဲဒီ ပစ္စည်းကို လိုက်ရှာနေလို့ တွေ့တာကိုး'

'ဘာ၊ ခင်ဗျားက ဒီပစ္စည်းကို လိုက်ရှာနေတာ ဟုတ်လား'

'ဟုတ်တယ်ဗျ၊ တွေ့လိမ့်မယ်လို့ ကျုပ် တွက်ထားတာ'

ရှားလော့ဟုမ်းသည် အိတ်ထဲမှ ဘွတ်ဖိနပ်ကို ထုတ်ယူပြီးနောက် ရွှံ့ပေါ် တင်နေသော ဖိနပ်ရာများဖြင့် နှိုင်းယှဉ်ကြည့်လျက် ရှိလေ၏။ ထို့နောက် လှိုဏ် ကမ်းပါးသို့ တက်လိုက်ပြီးလျှင် ချုံများ ကြားတွင် ဝမ်းလျားမှောက် တွား သွားလျက် ရှိလေ၏။

'နောက်ထပ်တော့ ခြေရာတွေ ဘာတွေကို မတွေ့ရတော့ပါဘူး၊ အဲဒီ နေရာကို ဗဟိုပြုပြီး ကျွန်တော် ပတ်ပတ်လည် ကိုက် တစ်ရာ အကွာ အထိ မြေကြီးကို နံ့အောင် ရှာပြီးပြီ'

အင်စပက်တော် ဂရီဂိုရီက ပြောလေ၏။ ရှားလော့ဟုမ်းသည် တွားနေ ရာမှ ထထိုင်လျက်



mgyoe.com

mgyoe.com SAMPLE BOOK

'ခင်ဗျားက ဒီလောက် ပြောနေမှတော့ ကျွန်တော် မကြည့်တော့ပါဘူး ဗျာ၊ စော်ကားသလို ဖြစ်နေပါလိမ့်မယ်၊ သို့သော်လည်း မမှောင်ခင် စားကျက် ကွင်းထဲတော့ နည်းနည်းလောက် လျှောက်ကြည့်လိုက်ချင်တယ်ဗျာ၊ မနက်ဖြန် ကျရင် ကျုပ် အတွက် စဉ်းစားစရာလေးတွေများ ရမလားလို့၊ ဟောဒီ မြင်းခွာ ကိုလည်း ခဏ ယူသွားချင်တယ်၊ မြင်းခွာ ဆောင်ရင် အောင်တယ်လို့ ပြောတတ် ကြလို့'

ကျွန်ုပ်၏ မိတ်ဆွေ ရှားလော့ဟုမ်းက အေးအေးဆေးဆေး စနစ်တကျ လုပ်နေသည်ကို မြင်သည့် အခါတွင် ဗိုလ်မှူးကြီး ရော့စ်မှာ စိတ်မရှည်တော့ဘဲ နာရီကို တကြည့်ကြည့် ဖြစ်လျက် ရှိလေပြီ။

'အင်စပက်တော်ကြီး ကျွန်တော်နှင့် လိုက်ခဲ့ပါလား၊ တိုင်ပင်စရာလေး နည်းနည်း ရှိလို့၊ အထူးသဖြင့် ကျွန်တော်တို့ မြင်းကို ဖလားပွဲ သွင်းထားတဲ့ စာရင်းက ဖျက်သင့် မဖျက်သင့် ဆွေးနွေးချင်လို့ပါ'

'ဘာလို့ ဖျက်ရမှာလဲ၊ စာရင်း သွင်းထားလိုက်ပါ' ဟု ရှားလော့ဟုမ်း က ပြတ်သားစွာ ပြောလေ၏။

ဗိုလ်မှူးကြီးက ဦးညွှတ်လိုက်ပြီး

'ဟုတ်ကဲ့ ခင်ဗျာ၊ စုံထောက်ကြီးရဲ့ ထင်မြင်ချက်ကို ကြားရတဲ့ အတွက် ဝမ်းသာပါတယ်၊ စုံထောက်ကြီး လျှောက်ကြည့်ပြီးရင်သာ စထရေကာရဲ့ အိမ်ကို ကြွခဲ့ပါ၊ အဲဒီကမှ တာဗစ်စတော့ကို မြင်းလှည်းနှင့် အတူတူ ပြန်ကြတာပေါ့'

ဗိုလ်မှူးကြီးနှင့် ဂရီဂိုရီတို့ ပြန်သွားကြသည့် အခါ၌ ကျွန်ုပ်နှင့် ရှားလော့ ဟုမ်းတို့သည် စားကျက် ကွင်းကို ဖြတ်၍ လျှောက်လာခဲ့ကြလေ၏။ နေလုံး သည် အနောက်ဘက် ကက်ပယ်တန် မြင်းဇောင်းများ နောက်ဘက်သို့ လျှော ကျစ ပြုလျက် ရှိသဖြင့် ကျွန်ုပ် ရှေ့တွင် ရှိသည့် ကုန်းစောင်း တစ်လျှောက်တွင် ရွှေရောင် တောက်လျက် ရှိကာ ချုံနွယ်တို့ ထူထပ်စွာ ပေါက်နေသည့် နေရာ တစ်ဝိုက်တွင်မူ ခရမ်းရောင် ခပ်မှိုင်းမှိုင်း သန်းလျက် ရှိလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းမှာ လေးနက်စွာ တွေးတော စဉ်းစားလျက် ရှိသဖြင့် ညနေ ဆည်းဆာ၏ အလှအပကို သတိမပြုမိချေ။

နောက်ဆုံးတွင်မှ ရှားလော့ဟုမ်းက

'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်ကတော့ ဒီလို စဉ်းစားချင်တယ်ဗျ၊ ထရိန် နာ စထရေကာကို ဘယ်သူ သတ်သလဲ ဆိုတဲ့ ကိစ္စကို အသာထားပြီး မြင်း ဘာဖြစ်တယ် ဆိုတဲ့ ကိစ္စကို အလျင် စုံစမ်းချင်တယ်၊ ဆိုပါစို့၊ ဒီမြင်းဟာ



mgyoe.com

mgyoe.com SAMPLE BOOK

စထရေကာနှင့် ရန်သူ လုံးထွေး ရစ်ပတ် ဖြစ်နေတုန်းမှာ ဖြစ်စေ သို့မဟုတ် စထရေကာ အသတ်ခံရပြီးမှ ဖြစ်စေ လွတ်ထွက်သွားတယ် ဆိုရင် ဒီမြင်းဟာ ဘယ်မှာ ရှိနိုင်သလဲ၊ မြင်း ဆိုတဲ့ သတ္တဝါဟာ တော်တော် မှတ်မိတဲ့ သတ္တဝါမျိုးဗျ၊ တစ်ကောင်တည်း လွတ်ထွက်သွားတယ် ဆိုရင် ပိုင်လင်း ဓောင်းကိုရင်လည်း ပြန်မယ်၊ သို့မဟုတ်ရင်လည်း အနားမှာ မြင်းတွေ ရှိတဲ့ ကက်ပယ်တန် ဓောင်းကိုရင်လည်း သွားရမယ်၊ ကွင်းထဲမှာ လျှောက်သွားနေမှာတော့ မဟုတ်ဘူး၊ ကွင်းထဲမှာ သွားနေရင် ခုလောက်ဆို တစ်ယောက်ယောက်က တွေ့လောက်ပြီ၊ ဂျစ်ပစီတွေက မြင်းကို ခေါ်သွားဖို့ ဆိုတာလည်း မဖြစ်နိုင်ဘူး၊ သူတို့က ဘာ လုပ်ဖို့ ဒီမြင်းကို ခေါ်သွားမှာလဲ၊ ဂျစ်ပစီ ဆိုတဲ့ လူမျိုးက သူတို့ အနားမှာ ဒီလို ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ရင် တစ်ခါတည်း စခန်း ပြောင်းတာပဲ၊ ပုလိပ်က လာမေးတာတို့ ဘာတို့ တယ်ပြီး အဖြစ် မခံချင်ကြဘူး၊ ပြီးတော့ ဒီမြင်းကြီးကို ဆွဲသွားပြီး ဘယ်သွားရောင်းမလဲဗျ၊ တော်တော်ကြာ တစ်ခုခု ဖြစ်ရင် အကျိုး ရှိဖို့ထက် အကျိုး ယုတ်ဖို့က များလေတော့ မသေချာတာကို ဘယ်လုပ်မလဲ၊ ဒါ့ကြောင့် မြင်းဟာ သူတို့ လက်ထဲမှာ မရှိနိုင်ဘူး ဆိုတာ ရှင်းနေတယ်'

'ဒါဖြင့် ဒီမြင်းကြီးက ဘယ်မှာလဲဗျာ'

'ပိုင်လင်းဓောင်းကို ဖြစ်ဖြစ်၊ ကက်ပယ်တန်ဓောင်းကို ဖြစ်ဖြစ် သွားမယ် လို့ ကျုပ် ပြောပြီးပါပကော၊ ခုအထိတော့ ပိုင်လင်းဓောင်းမှာ မရှိဘူး၊ ဒါကြောင့် ကက်ပယ်တန် ဓောင်းမှာပဲ ရှိရလိမ့်မယ်၊ ရှေ့ဆက် စဉ်းစားလို့ ရအောင် ဒီအချက် ကို အခြေခံထားပြီး ကြည့်ရင် ဘယ်လို နေမလဲ ကြံကြည့်ရအောင်၊ အင်စပက်တော် ဂရီဂိုရီ ပြောတဲ့ အတိုင်း ဆိုရင် ခု ကျုပ်တို့ လျှောက်နေတဲ့ စားကျက်မြေဟာ ကျစ်ပြီး ခြောက်သွေ့နေတယ်ဗျ၊ ဒါပေမဲ့ ကက်ပယ်တန် ဓောင်းဘက် ကျတော့ မြေဟာ ဒီလောက် မကျစ်တော့ဘဲ ခပ်ပွပွ ဖြစ်နေတယ်၊ ဟောဒီကနေ ကြည့်လိုက်ရင် လျှို တစ်ခုကို မြင်ရလိမ့်မယ်၊ တနင်္လာနေ့ ညက မိုး တော်တော် သဲသဲ ရွာထားတယ် ဆိုတော့ အဲဒီနား တစ်ဝိုက်မှာ မြေဟာ စိုစွတ်နေလိမ့်မယ်၊ အကယ်၍ မြင်းဟာ ကျုပ်တို့ တွက်တဲ့ အတိုင်း ကက်ပယ်တန်ဓောင်းဘက်ကို သွားတယ် ဆိုရင် ဒီလျှိုကို ဖြတ်ရလိမ့်မယ်၊ ဒါကြောင့် အဲဒီဘက်ကို သွားတဲ့ မြင်းခြေရာ လိုက်ရှာကြည့်ချင်တယ်'

ကျွန်ုပ်တို့သည် စကား တပြောပြောနှင့် ခပ်သွက်သွက်ကလေး လျှောက် လာခဲ့ကြရာ မကြာမီပင် လျှိုထဲသို့ ရောက်လာခဲ့ကြလေ၏။ ရှားလော့ဟုမ်း၏ ဆန္ဒ အရ ကျွန်ုပ်က လျှို၏ ညာဘက်ကမ်း အတိုင်း လိုက်ကြည့်ပြီး သူကိုယ်တိုင်



mgyoe.com

mgyoe.com SAMPLE BOOK

မှာမူ ဘယ်ဘက် ကမ်းမှ လိုက်လာခဲ့ရာ ကျွန်ုပ် လျှောက်ခဲ့၍ ခြေလှမ်း ငါးဆယ် ခန့် အရောက်တွင် သူ့ဆီမှ အော်သံ ကြားသဖြင့် လှည့်ကြည့်လိုက်သည်တွင် ကျွန်ုပ်အား လက်ယပ် ခေါ်နေသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်း၏ ရှေ့ မြေပျော့ထဲတွင် မြင်းခွာရာများကို ထင်းထင်းကြီး တွေ့မြင်နေရပြီး မြင်းခွာရာ မှာလည်း သူ့ အိတ်ထဲတွင် ပါလာသည့် သံခွာနှင့် တစ်ထပ်တည်း ကျနေသည်ကို တွေ့ရလေ၏။

'စိတ်ကူးရဲ့ အကျိုးကျေးဇူးကလေးကို ခံစားရပေတာပေါ့ဗျာ၊ ကျုပ်တို့ လူ ဂရိဂိုရီကတော့ စိတ်ကူး စိတ်သန်း ခေါင်းပါးရှာသဗျ၊ ဘာဖြစ်နိုင်မလဲ စိတ်ကူးကြည့်တယ်၊ စိတ်ကူးလို့ ရဟဲ့ အခြေခံပေါ်မှာ စမ်းလုပ်ကြည့်တယ်၊ ဟော စိတ်ကူးရကျိုး နပ်တယ် ဆိုတာ တွေ့လာတယ်ဗျ၊ ကဲ လိုက်ကြည့်ကြဦးစို့'

ကျွန်ုပ်တို့သည် ခြောက်သွေ့စပ်စပ် ရှိသည့် လျှိုအောက်ခြေကို ဖြတ်ပြီးနောက် မြက်ရိုင်းတို့ ဖုံးနေသည့် စားကျက် အတိုင်း မိုင် တစ်မတ်လောက် ရောက်လာခဲ့ ကြ၏။ ထိုနေရာတွင် ကုန်းစောင်း တစ်ခုကို ထပ်တွေ့ရပြီး ထိုကုန်းစောင်း တစ်ဝိုက်တွင် မြင်း ခြေရာများကို ထပ်တွေ့ရပြန်သည်။ ထို့နောက် ပျောက်သွား ပြန်ကာ မိုင်ဝက်လောက် ရောက်လာခဲ့ကြ၏။ သို့ရာတွင် ကက်ပယ်တန်ခြောင်း အနီးသို့ ရောက်သည့် အခါတွင် တစ်ဖန် ပြန်၍ တွေ့ကြရပြန်သည်။ ထိုနေရာသို့ ရောက်လျှင် ရှားလော့ဟုမ်းသည် တံ့ခနဲ ရပ်လိုက်ကာ အောင်မြင်သည့် မျက်နှာ ထားဖြင့် မြေကြီးပေါ်တွင် ရှိသည့် တစ်စုံတစ်ရာကို ညွှန်ပြလေ၏။ မြင်းခွာရာ များ ဘေးတွင် လူတစ်ယောက်၏ ခြေရာများကို မြင်ရပေ၏။

'ခပ်စောစောက မြင်းခြေရာချည်း မဟုတ်လား' ဟု ကျွန်ုပ်က ပြော၏။

'ဟုတ်တယ်ဗျ၊ စောစောကထိ မြင်းခွာရာချည်းပဲ၊ လူခြေရာက ခုမှ ပေါ်လာတာ၊ အလို အလို ဘာလဲဗျို့'

မြင်းခွာရာနှင့် လူခြေရာတို့သည် ထိုနေရာသို့ အရောက်တွင် နောက်သို့ ပြန်လှည့်သွားကာ ပိုင်လင်းချောင်းဘက်သို့ ဦးတည်နေသည်ကို တွေ့ရပြန်လေ၏။ ရှားလော့ဟုမ်းက လေတစ်ချက် ချွန်လိုက်၏။ ကျွန်ုပ်တို့သည် ထိုခြေရာများ အတိုင်း ပြန်လိုက်လာခဲ့ကြပြန်သည်။ ရှားလော့ဟုမ်းမှာ ခြေရာတန်းကိုသာ ငုံ့ ကြည့်လိုက်လာခဲ့သော်လည်း ကျွန်ုပ်မှာမူ ဘေးဆီသို့ လှမ်းကြည့်လာခဲ့ရာတွင် ထိုခြေရာများသည် ကက်ပယ်တန် ချောင်းဆီသို့ ပြန်လှည့် လာပြန်သည်ကို အံ့သြစွာ တွေ့ရပြန်လေ၏။

'ဒီတစ်ချက်တော့ ကျုပ်လူ တော်ပေသဗျာ၊ ခင်ဗျားသာ မမြင်လိုက်ရင်



mgyoe.com

mgyoe.com SAMPLE BOOK

ဒီခြေရာ ဆုံးအောင် လိုက်ပြီး နောက်တစ်ပတ် ပြန်လာရဦးမှာ၊ ခုတော့ လမ်းလျှောက်ရ သက်သာသွားပေတာပေါ့၊ ကဲ အဲဒီ ခြေရာ အတိုင်း ပြန်လိုက်ကြဦးစို့ရဲ့'

ကျွန်ုပ်တို့ အဖို့ ဝေးဝေးလံလံ မသွားလိုက်ရချေ။ ခြေရာများသည် ကက်ပယ်တန် မြင်းဇောင်းသို့ ဝင်သည့် ကတ္တရာစေးလမ်း အနီးတွင် ဆုံးသွား၏။ မြင်းဇောင်းနားသို့ ကျွန်ုပ်တို့ ရောက်ကာနီးတွင် မြင်းထိန်း တစ်ယောက် ပြေးထွက်လာကာ 'ဘယ်က လူတွေလဲဗျ၊ ဇောင်းနားကို ဘာလာ လုပ်ကြတာလဲ' ဟု မေးလေ၏။

ရှားလော့ဟုမ်းက အိတ်ထဲသို့ လက်မနှင့် လက်ညှိုးကို ထည့်လိုက်ပြီးနောက်

'တစ်ခုလောက် သိပါရစေကွယ်၊ မနက်ဖြန် မနက် ငါးနာရီလောက်မှာ မင်းတို့ ဆရာ မြင်းထရိန်နာ မစ္စတာ ဆိလာ ဘရောင်းနှင့် တွေ့လို့များ ရမလားကွယ်'

'ကိစ္စ ရှိရင်တော့ တွေ့လို့ ရပါတယ်၊ ဆရာက မနက် ဆိုရင် အစောကြီး နိုးတတ်ပါတယ်၊ ဟော ပြောရင်း ဆိုရင်း ဆရာတောင် လာနေပြီ ခင်ဗျ၊ မေးကြည့်ပါ၊ ဟာ မဟုတ်တာ ခင်ဗျား၊ နေပါစေ၊ ဆရာ မြင်ရင် ကျွန်တော့်ကို ဆူနေပါလိမ့်မယ်၊ ပေးချင်ရင် နောက်ကျမှ ပေးပါ'

ရှားလော့ဟုမ်းက အိတ်ထဲမှ ဆွဲထုတ်လိုက်သည့် ကရောင်းဝက် ဒင်္ဂါးပြားကို အိတ်ထဲသို့ ပြန်ထည့်နေစဉ် ခက်ထန် ကြမ်းကြုတ်ဟန် ရှိသည့် အသက်ကြီးကြီး လူတစ်ယောက်သည် ဟန်တိန် တုတ်ကြီးကို ကိုင်လျက် ဝင်းထဲမှ ထွက်လာလေ၏။

'ဘာလဲဟေ့ ဒေါ်ဆန်၊ သွား ကိုယ့် အလုပ် ကိုယ်လုပ်ချည်၊ စကားများမနေနှင့်၊ ဆိုပါဦး ကိုယ့်လူတို့က ဘာကိစ္စနှင့် ဒီကို လာကြတာလဲ'

'မိတ်ဆွေကြီးနှင့် ဆယ်မိနစ်လောက် စကား ပြောစရာ ရှိလို့ပါ ခင်ဗျာ' ဟု ရှားလော့ဟုမ်းက အသံကို ချိုနိုင်သမျှ ချိုချိုထား၍ ပြောလေ၏။

'ဒီမှာ ကိုယ့်လူ၊ လာသမျှ လူတိုင်းကို လက်ခံပြီး စကား ပြောနေဖို့ အချိန် မရှိဘူး၊ ဒီနား တစ်ဝိုက်ကိုလည်း ဘယ် လူစိမ်း သူစိမ်းမှ မလာရဘူး၊ ကဲ ကိုယ့်လူတို့ မြန်မြန်ပြန်၊ မပြန်ရင် ခွေးနှင့် ရှူးတိုက်ရလိမ့်မယ်'

ရှားလော့ဟုမ်းသည် ထရိန်နာ အနီးသို့ ကပ်ကာ တစ်စုံတစ်ရာကို ခပ်တိုးတိုး ပြောလိုက်သည်တွင် မြင်းထရိန်နာ ဆိလာ ဘရောင်းသည် ဆတ်ခနဲ ဖြစ်သွားကာ နားထင် နားရင်းတွေ နီရဲလာလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

'ဒါလိမ်ဘာဗျ၊ သက်သက်မဲ့ လိမ်တာ'

'ဟုတ်ပြီလေ၊ ဒီလိုဆိုရင် ဒီကိစ္စကို လူတော သူတောထဲမှာ ရှင်းမလား၊ ဒါမှမဟုတ် ခင်ဗျား ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး ရှင်းချင်သလား'

'ကဲပါဗျာ၊ ခင်ဗျားက ဒီလောက်တောင် ရှင်းချင်ရင်လည်း ဧည့်ခန်းထဲကို လာပါ'



'ကဲ ကိုယ်လူတို့ မြန်မြန် ပြန်၊ မပြန်ရင် ခွေးနှင့် ရှူးတိုက်ရလိမ့်မယ်'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'ဝပ်ဆင်ရေ၊ ခဏက လေး စောင့်ဗျာ၊ ကဲ မစ္စတာ ဘရောင်း သွားကြစို့'

မိနစ် နှစ်ဆယ်မျှ ကြာ၍ ၎င်းတို့ နှစ်ယောက် ပြန်ထွက်လာကြသည့် အခါတွင်မူ ဆီလာ ဘရောင်း၏ မျက်နှာပေါ်မှ နီမြန်းသော အရောင်မှာ ပြာ မွဲ သော အရောင်သို့ ပြောင်းသွားခဲ့လေပြီ။ ဤမျှ တိုတောင်းသော အချိန်ကလေး အတွင်း ဤမျှ အပြောင်းလဲကြီး ပြောင်းလဲ သွားသည့် အဖြစ်မျိုးကို တစ်ခါမျှ မတွေ့ဖူးသေးချေ။ ဆီလာ ဘရောင်း၏ မျက်နှာမှာ ဖြူရော်လျက် ရှိကာ နဖူးတွင် ချွေးသီး ချွေးပေါက်ကြီးတွေ စို့လျက် ရှိပြီး လက်တို့မှာ တဆတ်ဆတ် တုန်လျက် ရှိလေရာ လက်တွင် ကိုင်ထားသည့် ဟန်တိန် တုတ်သည် လေထဲတွင် လှုပ်နေသည့် သစ်ကိုင်း တစ်ကိုင်း သဖွယ် လှုပ်ယမ်းလျက် ရှိလေ၏။ စောစောက ရှိခဲ့သည့် သဟောက်သဟဲ အနိုင် ကျင့်လိုသော အမူအရာတို့ လုံးဝ မရှိတော့ဘဲ သခင်၏ နောက်ပါးတွင် လိုက်ပါလာသော ခွေးတစ်ကောင်ကဲ့သို့ ကျွန်ုပ်၏ မိတ်ဆွေ၏ နောက်တွင် ခပ်ယို့ယို့ဖြင့် လိုက်ပါလာလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

'စိတ်ချပါ ခင်ဗျာ၊ စုံထောက်ကြီး အမိန့် ရှိတဲ့ အတိုင်း လုပ်ပါ့မယ်၊ စိတ်ချပါ'

'အမှားအယွင်း ရှိလို့တော့ မဖြစ်ဘူးနော်'

ရှားလော့ဟုမ်းက သူ့ကို စိုက်ကြည့်ရင်း ပြောလိုက်၏။ ထရိန်နှာ ဆီလာ ဘရောင်းမှာကား ရှားလော့ဟုမ်း၏ မျက်လုံးမှ ခြိမ်းခြောက်သည့် အမူအရာကို မြင်သည်နှင့် ကြောက်လန့်လျက် ရှိလေပြီ။

'စိတ်ချပါ ခင်ဗျာ၊ မရှိစေရပါဘူး၊ အချိန်မီ ရောက်ရပါစေ့မယ်၊ ဟိုဟာ ကိုရော ပြန်ပြောင်းလိုက်ရတော့မလား စုံထောက်ကြီး'

ရှားလော့ဟုမ်းက အတန်ကြာ စဉ်းစားပြီးနောက် တဟားဟား ရယ်ကာ

'မပြောင်းပါနှင့်ဦးလေ၊ ထားလိုက်ပါဦး၊ နောက်တော့ ကျုပ် စာ ရေး လိုက်ပါ့မယ်၊ ကိုးရိုးကားရားတော့ မလုပ်နှင့်နော်၊ နို့မို့ရင်'

'စိတ်ချပါ စုံထောက်ကြီး၊ မလုပ်ပါဘူး၊ စိတ်ချပါ'

'ကိုယ့် ပစ္စည်းလို ကောင်းကောင်း ဂရုစိုက်နော်'

'ကျွန်တော့်ကို ယုံပါ စုံထောက်ကြီး'

'ယုံပါတယ်ဗျာ၊ မနက်ဖြန်ကျရင်သာ ကျုပ် အကြောင်းကြား လိုက်ပါ့ မယ်'

ဆီလာ ဘရောင်းက တုန်တုန်ယင်ယင် ဖြစ်နေသည့် လက်ကို ကမ်းပေး သည့်တိုင် ရှားလော့ဟုမ်းသည် လက်ဆွဲ နှုတ်ဆက်ခြင်း မပြုဘဲ ချာခနဲ လှည့် ထွက်လာပြီးနောက် ကျွန်ုပ်တို့သည် ပိုင်လင်းဖောင်းဘက်သို့ ပြန်လာခဲ့ကြလေ၏။

'အပေါ်စီးကြီးနှင့် သဟောက်သဟဲ လုပ်သလောက် သတ္တိ ကြောင်ပြီး ကပ်နေတဲ့ လူမျိုးကို ကျုပ်ဖြင့် ဒီတစ်ခါပဲ တွေ့ဖူးသေးသဗျာ' ဟု လမ်းတွင် ရှားလော့ဟုမ်းက ပြောလေ၏။

'ဒါဖြင့် မြင်းက သူ့ဆီမှာ ရှိတာပေါ့'

'စောစောကတော့ ခပ်တည်တည် ဖိန်းနေသေးတယ်ဗျ၊ အဲဒီနေ့ မနက် သူ ဘာတွေ လုပ်ခဲ့တယ် ဆိုတာ ကျုပ်က ပြောလိုက်တော့မှ ငနဲက သူ့ကို ကျုပ် စောင့်ကြည့်နေတယ်လို့ ထင်သွားပုံ ရတယ်၊ ခြေရာတွေ မြင်ခဲ့တုန်းက ခြေရာက လေးထောင့် ဖြစ်နေတာကို ခင်ဗျား သတိထားမိလိမ့်မယ်ဗျ၊ အဲဒီ ခြေရာက သူ့ ဘွတ်ဖိနပ် ခြေရာနှင့် တစ်ထပ်တည်း ဖြစ်နေတယ်၊ နောက်တစ်ချက် က ဒီလို အလုပ်မျိုးကို အောက်က မြင်းထိန်းကလေးတွေ လုပ်ရဲမှာ မဟုတ်ဘူး၊ သူ့ ထုံးစံ အတိုင်း စောစော အိပ်ရာ ထပြီး စားကျက်ထဲမှာ လွတ်နေတဲ့ မြင်း



mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကောင်ကို သူ ဘယ်လို သွားတွေ့တယ်၊ သွားကြည့်တော့ ထိပ်ကွက် အဖြူကြီးနှင့် နာမည်ကျော် ပြိုင်မြင်းကြီး ဖြစ်နေတဲ့ အခါ သူ ဘယ်လို တအံ့တသြ ဖြစ်တယ် ဆိုတဲ့ အကြောင်းကို ကျုပ်က ပြောပြလိုက်တယ်၊ မြင်းတို့ နွားတို့မှာ ထိပ်ကွက် အဖြူ ရှိရင် ကြာလို့ ခေါ်တယ်ဗျ၊ ဒီကြာကို အစွဲပြုပြီး ဒီကောင်ကြီးကို ငွေကြာလို့ နာမည် ပေးထားတာ၊ စောစောတုန်းကတော့ မြင်းကို ပိုင်လင်းဇောင်းကို ပြန်ဆွဲသွားဖို့ စိတ်ကူးပေါက်သေးတယ်၊ ဒါပေမဲ့ သူ့ မြင်းကို နိုင်မယ့်မြင်း ဆိုလို့ ဒီကောင် တစ်ကောင်တည်း ရှိလေတော့ မြင်းပွဲ ပြီးသည် အထိ မြင်းကို ဖုက်ထားဖို့ စိတ်ကူး ပေါ်လာတယ်ဗျ၊ ဒါနှင့် မြင်းကို သူ့ ဇောင်းကို ဆွဲလာခဲ့တယ်၊ ကျုပ်က ဒီအကြောင်းတွေကို ခရေစေ့တွင်းကျ ပြန်ပြောလိုက်တော့ သူ ဝန်ခံပြီး သူ့ကိုတော့ အမှု မလုပ်ပါနှင့်လို့ တောင်းပန်တော့တာပဲဗျ'

'နို့ သူ့ မြင်းဇောင်းကို ရှာပြီးပြီ မဟုတ်လား'

'မြင်းသမားပဲဗျာ၊ မြင်းကို ရုပ်ပြောင်း ရုပ်လွှဲ လုပ်တဲ့ နည်းတွေ အမျိုးမျိုး ရှိတာပေါ့'

'ဒါပေမဲ့ ဒီမြင်းက သူ့ မြင်းကို နိုင်မယ့် မြင်း ဆိုတော့ မြင်းကို သူ့ လက်ထဲ ဒီအတိုင်း ထားခဲ့လို့ ဖြစ်ပါ့မလား၊ တစ်ခုခု လုပ်ရင် ဘယ့်နှယ် လုပ်မလဲ'

'ဒီမှာ ဝပ်ဆင်၊ စိတ်ချ၊ ခင်ဗျားလူ ဘာမှ မလုပ်ရဲဘူး၊ သူ့ မျက်လုံးအိမ်ကို စောင့်ရှောက်သလို ဒီမြင်းကို သူ စောင့်ရှောက်မှာ၊ သူ့ အဖို့ ဒုက္ခ မရောက်အောင် လုပ်ရမယ့် တစ်ခုတည်းသော နည်းလမ်းဟာ ဒီမြင်းကို အကောင်းပကတိ ချောချောမောမော ပြန်အပ်ရမယ့် နည်းလမ်း တစ်ခုတည်းပဲ ရှိတော့တယ်'

'ဗိုလ်မှူးကြီး ရော့စ်ကတော့ အခဲကျေမယ် မထင်ဘူးဗျ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီလူ့ အပေါ်တော့ ညှာမယ် မဟုတ်ပေဘူး'

'ဒါကတော့ သူ့ အပေါ်မှာ မတည်ဘူးဗျ၊ ကျုပ်နည်းနှင့် ကျုပ် လုပ်ရမှာပဲ၊ ကျုပ်က သူ့ကို အကုန် ဘယ်ပြောပြလို့ ဖြစ်မလဲ၊ ပြောသင့်သလောက်ပဲ ပြောရမှာပေါ့၊ အစိုးရ အမှုထမ်း မဟုတ်ဘဲ လူလွတ် ဖြစ်တော့ ကျုပ်က ဒီတစ်ချက်မှာ အစိုးရ စုံထောက်တွေထက် တစ်ပန်းသာပေတာပေါ့ဗျာ၊ ခင်ဗျား သတိ ထားမိလေမလားတော့ မသိဘူး၊ ဗိုလ်မှူးကြီးကို ကြည့်ရတာ ကျုပ်ကို အထင် ခပ်သေးသေးရယ်ဗျ၊ ကျုပ်ကလည်း တစ်လှည့်တော့ ပြန်ပြီး ကသိကအောက် ပြန်လုပ်လိုက်ရဦးမယ်၊ မြင်း အကြောင်းကိုတော့ သူ့ကို သွားမပြောလိုက်နှင့်ဦးနော်'



mgyoe.com

mgyoe.com SAMPLE BOOK

'မပြောပါဘူးဗျာ၊ ခင်ဗျား ခွင့်ပြုချက် မရရင် ဘာမှ မပြောပါဘူး'

'ပြီးတော့လည်း စထရေကာ အသတ်ခံရတဲ့ ကိစ္စနှင့် စာရင် မြင်းကိစ္စက အသေးအဖွဲကလေးပါဗျာ'

'ဒါဖြင့် စထရေကာ သတ်မှု အတွက် ခင်ဗျား အားသွန်ခွန်စိုက် လုပ်ရဦးမယ်ပေါ့'

'မလုပ်တော့ဘူး၊ ညရထားနှင့် ကျုပ်တို့ လန်ဒန်ကို ပြန်တော့မယ်'

ကျွန်ုပ်မှာ သူ့စကားကြောင့် အံ့အားသင့်လျက် ရှိလေ၏။ ဒီဗွန်ရှိုင်းယား နယ်သို့ ကျွန်ုပ်တို့ ရောက်လာသည်မှာ ဘာမျှ မကြာလှသေးသည့်ပြင် အစ ကောင်းကောင်းဖြင့် စခဲ့သည့် သူ့ ထောက်လှမ်းမှုကို စွန့်လွှတ် ရပ်ဆိုင်းလိုက်တော့မည် ဆိုခြင်းကြောင့် နားမလည်နိုင်အောင် ဖြစ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ထရိန်နာ၏ အိမ်သို့ ရောက်သည် အထိ စကား တစ်လုံးမျှ မပြောတော့ဘဲ တိတ်ဆိတ်စွာ လျှောက်လာခဲ့လေ၏။ ဗိုလ်မှူးကြီးနှင့် အင်စပက်တော်တို့မှာ ဧည့်ခန်းတွင် ထိုင်ရင်း ကျွန်ုပ်တို့ကို စောင့်လျက် ရှိလေ၏။

'ကျွန်တော်တို့ နှစ်ယောက်ကတော့ ညရထားနှင့်ပဲ လန်ဒန်ကို ပြန်ကြတော့မယ်ဗျ၊ ဒါ့တ်မိုး နယ်က လှလည်း လှ လေကောင်း လေသန့်လည်း ရလေတော့ လာရတာ ကောင်းပါပေတယ်ဗျာ'

အင်စပက်တော်က မျက်လုံးကို ဖွင့်ကြည့်လိုက်ပြီး ဗိုလ်မှူးကြီးက လှောင်ပြောင်သော အပြုံးဖြင့် သူ့ကို လှမ်းကြည့်လိုက်ရင်း

'စထရေကာကို သတ်တဲ့ တရားခံကို ဖမ်းဖို့တော့ လက်လျှော့လိုက်ပြီဆိုပါတော့'

ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်ရင်း

'အတားအဆီး အခက်အခဲတွေကတော့ တော်တော် များတယ်ဗျ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်စေ အင်္ဂါနေ့ ဖလားပွဲမှာတော့ ခင်ဗျား မြင်း ပြေးနိုင်မှာပါ၊ စီးမယ့် ဂျော်ကီကိုသာ အဆင်သင့် ဖြစ်အောင် ပြောထားပါ၊ ဒါထက် သေသူ စထရေကာရဲ့ ဓာတ်ပုံများ ရရင်တော့ လိုချင်တယ်ဗျာ'

အင်စပက်တော်က အိတ်ထဲမှ စာအိတ်နှင့် ထည့်ထားသည့် ဓာတ်ပုံကို ထုတ်ပေးလိုက်၏။

'အင်စပက်တော်ကြီးကတော့ တကယ် အလိုက်သိပေတယ်ဗျာ၊ ခင်ဗျားတို့ ဒီမှာ ထိုင်နေတုန်း အိမ်ဖော် သူငယ်မကလေးကို မေးခွန်းလေး တစ်ခွန်းနှစ်ခွန်းလောက် သွားမေးလိုက်ဦးမယ်'

mgyoe.com

mgyoe.com SAMPLE BOOK

ရှားလော့ဟုမ်း အပြင်သို့ ထွက်သွားသည့် အခါတွင် ဗိုလ်မှူးကြီးက

'လန်ဒန်က ဆင်းလာတဲ့ ကျုပ်တို့ စုံထောက်ကလည်း မစွံပါဘူးဗျာ၊ သူ ရောက်လာတော့လည်း ဘာများ ထူးလို့လဲ၊ ဒီအတိုင်း ဒီအတိုင်းပဲ'

'အနည်းဆုံး ခင်ဗျား မြင်း ပြေးရမယ် ဆိုတဲ့ ကတိတော့ ရပြီ မဟုတ်လား' ဟု ကျွန်ုပ်က မခံချင်သဖြင့် တစ်ခွန်း ဝင်ပြောလိုက်၏။ ဗိုလ်မှူးကြီးက ပခုံးကို တွန့်ပြလိုက်ရင်း

'စကားပဲ ရှိသေးတယ်လေ၊ အရေးကြီးတာက မြင်း ကျွန်တော့် လက်ထဲ ပြန်ရောက်ဖို့ အရေးကြီးတာ'

ကျွန်ုပ်က ကျွန်ုပ်၏ မိတ်ဆွေ အတွက် မခံချင်သဖြင့် တစ်စုံတစ်ရာ ပြောလိုက်မည် အပြုတွင် ရှားလော့ဟုမ်းသည် အခန်းထဲသို့ ပြန်ဝင်လာလေ၏။

'ကဲ တာဗစ်စတော့ကို သွားမယ် ဆိုရင် ကျုပ် အနေနှင့်တော့ အဆင်သင့် ပဲဗျ၊ သွားကြတော့မလား'

ရထားပေါ်သို့ ကျွန်ုပ်တို့ အတက်တွင် မြင်းထိန်း သူငယ်ကလေး တစ်ယောက်သည် ကျွန်ုပ်တို့ အတွက် တံခါး ဖွင့်ပေးလေ၏။ ရှားလော့ဟုမ်းသည် ဘာ စိတ်ကူး ရသည် မသိ ကုန်း၍ သူငယ်ကလေးကို လက်တို့လိုက်ရင်း

'ဟေ့ သူငယ်ရေ၊ မင်းတို့ မြင်းကွင်းထဲမှာ ရှိတဲ့ သိုးတွေကို ဘယ်သူ ကျောင်းသလဲကွ'

'ကျွန်တော် ကျောင်းတယ် ခင်ဗျ'

'ခုတစ်လောမှာ သိုးတွေကို ကြည့်ရတာ တစ်ခုခုများ ဖြစ်မနေဘူးလား'

'ထူးထူးထွေထွေတော့ သိပ် မဖြစ်ဘူး ခင်ဗျ၊ သုံးကောင်လောက်ကတော့ ခြေကျိုးနေကြတယ်'

ရှားလော့ဟုမ်းသည် တစ်ယောက်တည်း တခစ်ခစ် ရယ်ကာ လက်ဝါး နှစ်ဖက်ကို ပွတ်လျက် ရှိသဖြင့် အတော်ကြီး ကျေနပ်နေပုံ ရသည်ကို တွေ့ရလေ၏။

ထို့နောက် ကျွန်ုပ်ကို လက်တို့ကာ

'အဝေးက လှမ်းပစ်တာ ထိတော့သွားပြီဗျ၊ ထိသွားပြီ၊ အင်စပက်တော်ကြီးရေ၊ သိုးတွေ ဖြစ်နေတဲ့ ရောဂါကို တစ်ဆိတ် သတိထားလိုက်စမ်းပါဗျာ၊ ဘာရောဂါများ ဖြစ်မလဲ မသိဘူး၊ ကဲ ရထား ဆရာကလေး မောင်းတော့ဟေ့'

ဗိုလ်မှူးကြီး ရော့စ်မှာ ကျွန်ုပ်၏ မိတ်ဆွေကြီးအား အထင်သေးမြဲ သေးနေသည့် ဟန်မျိုးကို ဆောင်ထားလျက်ပင် ရှိသော်လည်း အင်စပက်တော်၏



mgyoe.com

mgyoe.com SAMPLE BOOK
မျက်နှာပေါ်တွင် စိတ်အား ထက်သန်သော အမူအရာမျိုး ပေါ်လာခြင်းကို ကျွန်ုပ် သတိပြုလိုက် မိလေ၏။

'စုံထောက်ကြီးက ဒီ ကိစ္စကို အရေးကြီးတယ်လို့ ထင်သလား'

'သိပ်ကို ကြီးတယ်ဗျ'

'တခြား ဘယ်အချက်ကိုများ သတိပြုစေချင်သေးသလဲ စုံထောက်ကြီး'

'အဲဒီ ညတုန်းက ခွေးရဲ့ ထူးဆန်းတဲ့ အပြုအမူဗျ'

'အဲဒီ ညတုန်းက ခွေးက ဘာမှမှ မလုပ်ဘဲ'

'အဲဒီ ဘာမှ မလုပ်တာကိုက ထူးဆန်းတဲ့ အပြုအမူဗျ' ဟု ရှားလော့ဟုမ်းက ပြောလိုက်လေ၏။



ရှားလော့ဟုမ်းမှာ အတော်ကြီး ကျေနပ်နေပုံ ရသည်။

နောက် လေး ရက် ကြာသော အခါ၌ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် ဝက်ဆက် ဖလားပွဲကို ကြည့်ရန် အတွက် ဝင်ချက်စတာသို့ ထွက်သည့် ရထားပေါ်တွင် ရောက်နေကြလေ၏။ ချိန်း ဆိုထားသည့်အတိုင်း ဗိုလ်မှူးကြီး ရော့စ်သည် ကျွန်ုပ်တို့ကို ဘူတာရုံတွင် လာရောက် ကြိုဆိုနေသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့သည် သူ့ ရထားကလေးဖြင့် မြင်းပြိုင်ကွင်းသို့ လာခဲ့ကြ၏။ ဗိုလ်မှူးကြီး၏ မျက်နှာမှာ များစွာ မကောင်းလှချေ။ သူ့ အမူအရာမှာလည်း အေးစက်စက် နိုင်လှပေ၏။

'ကျွန်တော့် မြင်းကိုတော့ အရိပ်အယောင်တောင်မှ မမြင်ရသေးဘူး ခင်ဗျာ'

'ဗိုလ်မှူးကြီးရဲ့ မြင်းကို မြင်ရင်တော့ မှတ်မိပါတယ်နော်'

ဗိုလ်မှူးကြီးမှာ ထိုမေးခွန်းကြောင့် စိတ်တိုသွားကာ

'ကျွန်တော် မြင်း မွေးလာတာ အနှစ် နှစ်ဆယ် ရှိပြီဗျာ၊ ဒီလို မေးခွန်းမျိုးကို ဒီတစ်ခါပဲ အမေးခံရဖူးသေးတယ်၊ ကျွန်တော့် မြင်းက အဖြူ ထိပ်ကွက်


mgyoe.com

mgyoe.com
SAMPLE BOOK

နှင့်၊ ရှေ့ လက်တစ်ဖက်က လက်ဖြူ၊ ငွေကြာ ကိုချင် [illegible] အစ သိတယ်'

'လောင်းကြေးကတော့ ဘယ့်နှယ် နေသလဲ'

'လောင်းကြေးကတော့ တော်တော် ဆန်းတယ်ဗျ၊ မနေ့က အထိ ဟိုမြင်းကို ဆယ့်ငါးလေး တစ်လေး ပေးကြတယ်၊ ဒီနေ့တော့ သုံးလေး တစ်လေးတောင် မလောင်းကြတော့ဘူး'

'အင်း တစ်ယောက်ယောက်က တစ်ခုခုတော့ ကျိတ်ကြံနေပြီ ဆိုတာ ထင်ရှားနေပြီဗျ'

ဂရင်းစတင်း အနီးတွင် မြင်းရထား ရပ်လိုက်သည့် အခါ၌ ပြေးမည့် မြင်းများ စာရင်းကို ကြည့်လိုက်သည်။

ဝက်ဆက် ဖလားပွဲ၊ ဒေါက် ခြောက်လက်မ၊ အသက် လေးနှစ်နှင့် ငါးနှစ်။ ပထမဆု ပေါင် ၁၀၀၀၊ ဒုတိယဆု ပေါင် ၃၀၀၊ တတိယဆု ပေါင် ၂၀၀။ (ကွင်းသစ် - တစ်မိုင် ငါးဖာလုံတန်း) ပြေးမည့် မြင်းများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

၁။ နီဂရိုး-မြင်းပိုင်ရှင် မစ္စတာ ဟိသ် နယူသန်၊
(ဦးထုပ် အနီ၊ အင်္ကျီ အစိမ်း)

၂။ နပန်းမောင် - ပိုင်ရှင် ဗိုလ်မှူးကြီး ဝါ့ဒ် လော၊
(ဦးထုပ် ပန်းရောင်၊ အင်္ကျီ အပြာနှင့် အနက်စင်း)

၃။ ဒက်စဘာရို- ပိုင်ရှင် လော့ဒ် ဘက်ဝါတား၊
(ဦးထုပ် အဝါနှင့် အင်္ကျီ လက်ပြတ် အဝါ)

၄။ ငွေကြာ-ပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ်၊
(ဦးထုပ် အနက်၊ အင်္ကျီ အနီ)

၅။ မြတ်လေးနွယ်-ပိုင်ရှင် ဘယ်လ်မိုရယ် မြို့စား၊
(ဦးထုပ် အဝါ၊ အင်္ကျီ အစင်းကျား)

၆။ တိုက်ငါးမန်း-ပိုင်ရှင် လော့ဒ် ဆင်ဂယ်ဖို့၊
(ဦးထုပ် ခရမ်းရောင်၊ အင်္ကျီ လက်ပြတ် အနက်)

'အမှန်ကတော့ ကျွန်တော်တို့ ဖောင်းက နှစ်ကောင် ပြေးဖို့ပဲ၊ ဒါပေမဲ့ စုံထောက်ကြီး စကားကို အားကိုးပြီး ငွေကြာကိုပဲ ထည့်ထားတယ်၊ ကျန် တစ်ကောင်ကို ပွဲစာရင်းက ဖျက်လိုက်တယ်၊ အလို အလို၊ ဘယ့်နှာလဲဗျို့၊ ငွေကြာ က ဖေးဗရိတ် ဖြစ်နေပါ့လား'

'ငွေကြာကွ၊ ငါးလေး တစ်လေး ပေးတယ်၊ ဒက်စဘာရိုကို ဆယ့်



mgyoe.com

mgyoe.com SAMPLE BOOK

ငါးလေး တစ်လေး ပေးမယ်၊ လိုက်မလား၊ လိုက်မလား'

'ဟောဗျို့၊ တန်းစီကုန်ပြီ၊ အားလုံး ခြောက်ကောင်ဗျ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ခြောက်ကောင်လား၊ ခြောက်ကောင်ထဲမှာ ကျွန်တော့် မြင်း ပါတယ်နော်၊ ဟင် ကျွန်တော့် ဂျော်ကီ အရောင်ကိုလည်း မမြင်ရသေးပါလားဗျ' ဟု ဗိုလ်မှူးကြီး ရော့စ်က အလန့်တကြား အော်၏။

'ငါးကောင်တော့ ဖြတ်သွားပြီဗျ၊ ခုကောင်က ဗိုလ်မှူးကြီးကောင် ထင်တာပဲ'

ကျွန်ုပ် ပြော၍ မဆုံးမီ ထွားကျိုင်း ပြောင်ချောနေသည့် မြင်းနီကြီး တစ်ကောင်သည် ခဲချိန်သည့် ရုံထဲမှ ထွက်လာကာ ကျွန်ုပ်တို့ အတန်းရှေ့မှ တာလွတ်သည့် ဘက်သို့ ဒုန်းစိုင်းသွားလေ၏။ ကျော ပေါ် တွင် ဗိုလ်မှူးကြီး ရော့စ်၏ အရောင် ဖြစ်သည့် အနက်ရောင်နှင့် အနီရောင်ကို ဝတ်ထားသည့် ဂျော်ကီက စီးသွားသည်ကို မြင်လိုက်ရလေ၏။

'ကျွန်တော့် မြင်းမှ မဟုတ်ဘဲ၊ ခုကောင်က ထိပ်မှာ ကြာမပါဘူး၊ ဗျို့ စုံထောက်ကြီး ကျွန်တော့် မြင်း ပါတယ်ဆို၊ ဘယ်မှာလဲ၊ ဘယ်လို လုပ်တာလဲ'

ရှားလော့ဟုမ်းက စိတ်တိုလာဟန်ဖြင့်

'နေစမ်းပါဦးဗျာ၊ မြင်း ပြေးတာကို ကောင်းကောင်း ကြည့်စမ်းပါရစေဦး၊ ဟုတ်ပြီကွ၊ တာထွက်ပြီကွ၊ ဟုတ်ပြီ၊ ပြေးလာပြီ၊ ကွေ့ကို ရောက်ပြီဗျ'

ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ မှန်ပြောင်းဖြင့် သေချာစွာ ကြည့်ရင်း အော်လျက် ရှိလေ၏။ ကျွန်ုပ်တို့ ရပ်ထားသည့် ရထားကလေးပေါ်မှ ကြည့်လျှင် မြင်းများကို ကောင်းစွာ မြင်နေရလေ၏။ ယခု မြင်း ခြောက်ကောင်မှာ တစ်ကောင်နှင့် တစ်ကောင် လွန်စွာ နီးကပ်လျက် ရှိလေရာ ၎င်းတို့ကို ကော်ဇော တစ်ချပ်နှင့် အုပ်လျှင်ပင် ဖုံး၍ ရတော့မည်ကဲ့သို့ ထင်ရပေ၏။ သို့ရာတွင် တစ်ဝက် လောက် ရောက်သည့် အခါတွင် ကက်ပယ်တန် မြင်းမှ အဝါရောင်သည် ရှေ့သို့ တိုးထွက်လာလေ၏။ ကျွန်ုပ်တို့ ရှေ့နားသို့ အရောက်၌ကား ကက်ပယ်တန် မြင်း ဇောင်းမှ ဒက်စဘာရိုမှာ နောက်တွင် ပြတ်ကျန်ရစ်ခဲ့လျက် ဗိုလ်မှူးကြီး၏ မြင်း က ရှေ့သို့ တစ်ဟုန်ထိုး ပြေးတက်လာပြီး ခြောက်လျားဖြင့် ပန်းဝင်သွားကာ ဘယ်လ်မိုရယ် မြို့စား၏ မြင်းက တတိယ ဝင်သွားလေ၏။ ဗိုလ်မှူးကြီးသည် မျက်လုံးကို ပွတ်ရင်း

'ပွဲကတော့ ကျွန်တော့် ပွဲပဲ ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်တော့ ဘယ်လိုက

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လို ဖြစ်တယ် ဆိုတာ နားမလည်နိုင်လောက်အောင် ဖြစ်နေပြီဗျာ၊ ကျွန်တော့်ကိုလည်း ရှင်းပြစမ်းပါဦး စုံထောက်ကြီးရယ်၊ ဘယ်လို ဖြစ်တာလဲ'

'ရှင်းပြပါ့မယ်လေ၊ ဖြည်းဖြည်းပေါ့၊ မြင်းကြီးကို အလျင် သွားကြည့်ကြဦးစို့ရဲ့၊ ဟော ဟော ရောက်ပြီဗျ'

ကျွန်ုပ်တို့သည် မြင်းပိုင်ရှင်များနှင့် ရင်းနှီးသူများသာ ဝင်ခွင့် ရသည့် ခဲချိန်သော ရုံထဲသို့ ဝင်ခဲ့ကြသည်။

'မျက်နှာနှင့် ခြေထောက်ကို အရက်ပြန်နှင့် ပွတ်လိုက်ရင် အဲဒီ မြင်းကြီးဟာ ငွေကြာ ဖြစ်နေတာကို တွေ့ရလိမ့်မယ်ဗျ'

'ကျွန်တော်ဖြင့် အံ့သြလို့ မဆုံးနိုင်အောင် ဖြစ်နေပြီ ခင်ဗျာ'

'ဒီမြင်းကို မြင်းလိမ် တစ်ယောက်ရဲ့ လက်ထဲမှာ တွေ့လာခဲ့တာဗျ၊ ဒါနှင့် သူ့ အရှိအတိုင်းပဲ ပြေးပေ့စေ ဆိုပြီး စီစဉ်ပစ်ခဲ့တာ'

'ဒီတစ်ချီတော့ စုံထောက်ကြီး တော်ပါပေတယ်ဗျာ၊ ကြည့်စမ်းပါဦး၊ မြင်းကလည်း မာမာချာချာပဲ ခင်ဗျ၊ ကျွန်တော့် လက်ထဲမှာတုန်းကထက်တောင် အခြေအနေ ကောင်းနေသေးတယ်၊ စုံထောက်ကြီးရဲ့ အရည်အချင်းကို သံသယ ဖြစ်ခဲ့မိတဲ့ အတွက် တောင်းပန်ပါတယ် ခင်ဗျာ၊ မြင်းကို ပြန်ရအောင် လုပ်ပေးခဲ့တဲ့ အတွက် စုံထောက်ကြီးရဲ့ ကျေးဇူးကြီးပါပေတယ်၊ ကျွန်တော့် ထရိန်နာ စထရေကာကို သတ်ခဲ့တဲ့ လူသတ်တရားခံကို မိအောင် ဖမ်းပေးနိုင်မယ် ဆိုရင်တော့ စုံထောက်ကြီး ကျေးဇူးဟာ ဆပ်လို့တောင် ကုန်မှာ မဟုတ်တော့ပါဘူး'

'ဖမ်းပေးပြီးပါပကောဗျာ' ဟု ရှားလော့ဟုမ်းက တည်ငြိမ်စွာ ပြောလေ၏။

ဗိုလ်မှူးကြီးနှင့် ကျွန်ုပ်က သူ့ကို တအံ့တသြဖြင့် လှမ်းကြည့်လိုက်ရင်း

'ဗျာ၊ ဖမ်းပေးပြီးပြီ ဟုတ်စ၊ ဒါဖြင့် အဲဒီ လူသတ်တရားခံ ဘယ်မှာလဲ'

'ဒီမှာလေဗျာ'

'ဒီမှာ ဟုတ်လား၊ ဘယ်မှာလဲ'

'ခု လောလောဆယ် ကျုပ် အနားမှာ ရပ်နေတယ်ဗျ'

ဗိုလ်မှူးကြီးသည် မျက်နှာ နီရဲသွားကာ စိတ်ဆိုးလျက်

'စုံထောက်ကြီးရဲ့ ကျေးဇူး ကျွန်တော့် အပေါ်မှာ ရှိတယ် ဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမဲ့ ခု ပြောလိုက်တဲ့ စကားကတော့ မကောင်းဘူးဗျ၊ ဒီလို နောက်ဖို့ မကောင်းဘူး၊ နောက်တာ မဟုတ်ရင်လည်း သက်သက်မဲ့ ကျွန်တော့်ကို စော်ကားတာပဲ'



mgyoe.com

mgyoe.com SAMPLE BOOK

ရှားလော့ဟုမ်းက ရယ်လိုက်လျက်

'ဗိုလ်မှူးကြီးကို လူသတ် တရားခံလို့ ဆိုလိုတာ မဟုတ်ရပါဘူးလေ၊ တကယ့် တရားခံ အစစ်က ဗိုလ်မှူးကြီးရဲ့ နောက်မှာ ရပ်နေတယ် ခင်ဗျ'

ရှားလော့ဟုမ်းသည် ဗိုလ်မှူးကြီး နောက်ဘက်သို့ သွားကာ ငွေကြာကြီး၏ ပြောင်ချောနေသော လည်ဆံမွေးများကို ပွတ်သပ်ပေးနေလေ၏။

'ဘာ၊ စထရေကာကို သတ်တာ မြင်းလား'

ဗိုလ်မှူးကြီးနှင့် ကျွန်ုပ်က ပြိုင်တူ အော်လိုက်ကြသည်။

'ဟုတ်တယ် ခင်ဗျ၊ စထရေကာကို သတ်တာ ဒီမြင်းပဲ၊ သို့သော်လည်း သူ့မှာ အပြစ် မရှိရာပါဘူးလေ၊ သူ့ ခမျာ ကိုယ့် ကိုယ် ကိုယ် ကာကွယ်တဲ့ အနေနှင့် လုပ်ရတာပါ၊ စထရေကာ ဆိုတဲ့ လူဟာ လူကောင်း မဟုတ်ဘူး ခင်ဗျ၊ တပည့်ကောင်း တစ်ယောက် မဖြစ်ထိုက်ဘူး၊ ဟော နောက်တစ်ပွဲ စ တော့မယ် ခင်ဗျ၊ ကျုပ် လောင်းထားတာလေး ကြည့်ရဦးမယ်၊ အကျိုးအကြောင်း ကိုတော့ နောက် အလျဉ်းသင့်တဲ့ အခါ ရှင်းပြတာပေါ့'



ရှားလော့ဟုမ်းသည် ငွေကြာကြီး၏ ပြောင်ချောနေသော လည်ဆံမွေးများကို ပွတ်သပ်ပေးနေသည်။

ထိုနေ့ ညတွင် ကျွန်ုပ်တို့သည် ရထားဖြင့် လန်ဒန်သို့ ပြန်ခဲ့ကြလေ၏။ တနင်္လာနေ့ ညက ပိုင်လင်း မြင်းဇောင်းတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်နှင့် ပတ်သက်၍ ရှားလော့ဟုမ်း၏ ရှင်းလင်းချက်ကို နားထောင်၍ လိုက်ခဲ့ကြသဖြင့် ကျွန်ုပ်နှင့် ဗိုလ်မှူးကြီး ရော့စ် တို့ မှာ လန်ဒန်သို့ ရောက်မှန်းပင် မသိလိုက်ကြချေ။

'သ တင်း စာ တွေ ထဲမှာ ပါတဲ့ သတင်းတွေ ကို ဖတ်ပြီး ကောက်ချက်

mgyoe.com

mgyoe.com SAMPLE BOOK

ဆွဲထုတ်မိတဲ့ အတွက် ကျုပ် မှားသွားတယ် ဆိုတာကို အလျင် ဝန်ခံချင်တယ်ဗျ၊ သို့သော်လည်း အရေးမကြီးတဲ့ အသေးစိတ် အချက်အလက်တွေကို ဖယ်ထုတ်လိုက်ပြီး အရေးကြီးတဲ့ အချက်တွေကို စစ်ထုတ်တတ်ရင် သတင်းစာတွေထဲမှာလည်း သဲလွန်စတွေ ပါသင့်သလောက် ပါပါတယ်၊ ဒီဗွန်ရှိုင်းယားကို ကျုပ်တို့ လိုက်လာခဲ့တုန်းက တကယ့် လူသတ် တရားခံဟာ ဖစ်ဇရွိုင်းပဲ ဖြစ်လိမ့်မယ် ဆိုတဲ့ ယုံကြည်ချက်နှင့် လိုက်လာခဲ့တာဗျ၊ ဖစ်ဇရွိုင်းကို စွဲဖို့ အထောက်အထားတွေကတော့ သိပ် မပြည့်စုံလှဘူးပေါ့ဗျာ။

'သေသူ ထရိန်နာ အိမ်ရှေ့မှာ ရထား ရပ်လိုက်တော့ ဒီအမှုမှာ အမဲသား ဟင်းဟာ တော်တော် အရေးကြီးတယ် ဆိုတာ ကျုပ် ခေါင်းထဲမှာ လက်ခနဲ ပေါ်လာတယ်ဗျ၊ ဒါကြောင့် ရထား ရပ်တော့ ခင်ဗျားတို့ အားလုံး ဆင်းပြီးသည် အထိ ကျုပ် မဆင်းသေးဘဲ ငိုင်နေတာကို သတိထားမိလိမ့်မယ်၊ ဒီလောက် အရေးကြီးတဲ့ သဲလွန်စကြီးကို ဘာ့ကြောင့်များ မျက်စိ လျှံသွားသလဲလို့ စဉ်းစားမိတာနှင့် ရထားပေါ်က ဆင်းရမှာကိုတောင် မေ့သွားတယ်ဗျာ'

'ကျွန်တော့် အနေနှင့် ပြောရရင်တော့ ဒီ အမဲသားဟင်းဟာ ဘာကြောင့် ဒီလောက် အရေးကြီးရသလဲ ဆိုတာ ခုထိတောင် သဘောမပေါက်သေးပါဘူး ခင်ဗျာ'

'စဉ်းစားစရာတွေကို ကွင်းဆက်လို လျှောက်ပြီး စဉ်းစားလိုက်တဲ့ အခါမှာ အမဲသားဟင်း ကိစ္စဟာ စဉ်းစားတဲ့ အထဲမှာ ပထမဆုံး ကွင်းဆက်ပဲ ခင်ဗျ၊ ဘိန်းမှုန့် ဆိုတာမျိုးဟာ အရသာ တစ်မျိုး ရှိတယ်ဗျ၊ အနံ့ကလည်း ပြင်းတယ်၊ ကြည့်လိုက်ရင် သိသာတယ်၊ သာမန် ဟင်းထဲမှာ ထည့်လိုက်ရင်တော့ စားမိတဲ့ လူက ချက်ချင်း သိတယ်၊ သိရင် ဆက်စားတော့မှာ မဟုတ်ဘူး၊ ဒါက သေချာတယ်၊ ဒီတော့ ဘိန်းထည့်လို့ အကောင်းဆုံး ဟင်းဟာ အိန္ဒိယ လူမျိုးတွေ စားလေ့ ရှိတဲ့ အမွှေးအကြိုင်တွေ ခတ်ထားတဲ့ ဟင်းမျိုး၊ ဒီတော့ အဲဒီ ညက မြင်းထရိန်နာ စထရေကာရဲ့ အိမ်မှာ အမဲသားဟင်း ချက်အောင် စီမံ ခန့်ခွဲတဲ့ လူဟာ ဘယ်လိုပဲ ကြည့်ကြည့် သူစိမ်းတစ်ရံဆံ တစ်ယောက် ဖြစ်တဲ့ ဖစ်ဇရွိုင်း မဖြစ်နိုင်ဘူး၊ ပြီးတော့ ထရိန်နာရဲ့ အိမ်မှာ ဘိန်းနံ့ကို ဖုံးသွားစေမယ့် ဟင်းမျိုး ချက်တဲ့ ညမှာ ဖစ်ဇရွိုင်းက ဘိန်းမှုန့်ထုပ် ကိုင်ပြီး လာမိလျက်သား ဖြစ်တယ် ဆိုရအောင်ကလည်း တိုက်ဆိုင်လွန်း အားကြီးနေတယ်၊ လုံးလုံး မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဖစ်ဇရွိုင်းဟာ အမှုရဲ့ ခွင်ထဲမှာ မရှိတော့ဘဲ အပြင်ကို လုံးလုံး ရောက်သွားပြီ၊ ကောင်းပြီ၊ ဒီလိုဆိုရင် အဲဒီ ညမှာ သူတို့ အိမ်မှာ အမဲသားဟင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ချက်အောင် စီမံနိုင်တဲ့ လူဟာ ဘယ်သူ ရှိသလဲ၊ စထရေကာနှင့် သူ့ မိန်းမပဲ ရှိတယ်၊ မြင်းဇောင်းက သူငယ်ကလေးဖို့ ဖယ်ထားတဲ့ ဟင်းပန်းကန်ထဲမှာ ဘိန်းမှုန့် ထည့်လိုက်တယ်၊ တခြား လူတွေလည်း အဲဒီ ညက အမဲသားဟင်းကိုပဲ စားကြတာပဲ၊ ဒါပေမဲ့ ဘာမှ မဖြစ်ကြတာကို ထောက်ရင် ဘိန်းမှုန့်ကို သူငယ်ကလေး စားမယ့် တစ်ပန်းကန်တည်းသာ ထည့်တယ် ဆိုတာ ရှင်းပါတယ်၊ ဒါဖြင့် ခိုင်းတဲ့ အိမ်ဖော် ကောင်မလေး မသိအောင် ဟင်းပန်းကန်ထဲကို ဘိန်း ထည့်တာဟာ သူတို့ လင်မယား နှစ်ယောက် အနက် ဘယ်သူ ဖြစ်နိုင်သလဲ။

'ဒီကိစ္စကို မစဉ်းစားခင် အဲဒီ ညက ပိုင်လင်း ဇောင်းမှာ ရှိတဲ့ ခွေးကြီး ငြိမ်ချက်သား ကောင်းပုံကို ကျုပ် သွားတွေးမိတယ်ဗျ၊ ဒီနှစ်ချက်ကို ဆက်စပ်ပြီး စဉ်းစားဖို့ လိုတယ်၊ ဖစ်ဇရွိုင်း မြင်းဇောင်းကို ရောက်လာတုန်းက ဇောင်းမှာ ခွေးကြီး တစ်ကောင် ရှိတယ် ဆိုတာ သိခဲ့ရတယ်ဗျ၊ ခုတော့ ဇောင်းထဲကို လူ တစ်ယောက် ဝင်လာပြီး မြင်းကြီး တစ်ကောင်လုံးကို ဆွဲထုတ်သွားတာတောင် ခွေးက တစ်ချက်ကလေးမှ မဟောင်ဘူး ဆိုတော့ ဇောင်းကို ညကြီးမင်းကြီး ရောက်လာပြီး မြင်းကို ဆွဲထုတ်သွားတဲ့ လူဟာ လူစိမ်း မဖြစ်နိုင်ဘူး၊ ခွေးက ကောင်းကောင်း သိထားတဲ့ လူ ဖြစ်ရမယ်။

'ဒီတော့ ညကြီးမင်းကြီးမှာ ဇောင်းထဲကို ဝင်ပြီး ငွေကြာကြီးကို ဆွဲထုတ်သွားတဲ့ လူဟာ စထရေကာပဲ ဖြစ်ရမယ်လို့ ယူဆလိုက်တယ်၊ ကောင်းပြီ၊ ဒါဖြင့် စထရေကာဟာ ဘာရည်ရွယ်ချက်နှင့် ငွေကြာကြီးကို ထုတ်သွားတာလဲ၊ မရိုးဖြောင့်တဲ့ အကြံ တစ်ခုနှင့် မြင်းကို ဆွဲထုတ်သွားတာ ဖြစ်ရမယ်၊ ရိုးရိုးသားသား ဆိုရင် ဘာဖြစ်လို့ မြင်းဇောင်း စောင့်တဲ့ သူငယ်ကလေးကို ဘိန်းကျွေးပါ့မလဲ၊ မဟုတ်ဘူးလား၊ ဒါပေမဲ့ ဒီအကြံဟာ ဘယ်လို အကြံအစည်မျိုးလဲ ဆိုတာကို စဉ်းစားလို့ မရအောင် ဖြစ်နေတယ်၊ မြင်း ထရိန်နာတွေဟာ မြင်းကြမ်းပိုးတွေက တစ်ဆင့် ငွေစားပြီး ကိုယ့် မြင်းကို ရှုံးအောင် လုပ်တာ၊ တစ်ဖက်လှည့်နှင့် တခြား မြင်းကို လောင်းတာမျိုးတွေကို တွေ့ဖူးပေါင်း များလှပြီ၊ တစ်ခါတလေမှာ ဂျော်ကီတွေကို ငွေထိုးပြီး ဆွဲအစီးခိုင်းတယ်၊ တစ်ခါတလေမှာ ဒီထက် သေချာပြီး ဒီထက် သိမ်မွေ့တဲ့ နည်းတွေနှင့် ကိုယ့် မြင်းကို ရှုံးအောင် လုပ်တတ်ကြတယ်၊ ကောင်းပြီ၊ ခုကိစ္စမှာ စထရေကာဟာ ဘာအကြံနှင့် မြင်းကို အပြင် ထုတ်သလဲ၊ သူ့ အိတ်ထဲမှာ ပါတဲ့ ပစ္စည်းတွေကို ကြည့်လိုက်တဲ့ အခါကျတော့ ကောက်ချက် တစ်ခု ဆွဲလို့ ရတော့မယ်လို့ ကျုပ် မျှော်လင့်ထား တယ်ဗျ။

mgyoe.com

mgyoe.com SAMPLE BOOK

'မျှော်လင့်ထားတဲ့ အတိုင်း ဖြစ်တာပါပဲ၊ သေသူရဲ့ လက်ထဲမှာ တွေ့ရတဲ့ ဓားဟာ တော်တော်လေး ထူးခြားတဲ့ ဓား ဖြစ်တယ် ဆိုတာ ခင်ဗျားတို့လည်း သတိထားမိမှာပဲ၊ သာမန် လူတစ်ယောက်ဟာ ဒီဓားမျိုးကို လက်နက် အဖြစ် ဆောင်မှာ မဟုတ်ဘူး ဆိုတာ သေချာတယ်၊ ဒီဓားဟာ ဒေါက်တာ ဝပ်ဆင် ပြောတဲ့ အတိုင်း အလွန် သိမ်မွေ့ နူးညံ့တဲ့ ခွဲစိတ်မှု တစ်ခုကို လုပ်ဖို့ ယူလာ ခြင်း ဖြစ်ရမယ်လို့ ကျုပ် ယူဆတယ်၊ ဗိုလ်မှူးကြီးလည်း မြင်း မွေးတဲ့ အတွေ့ အကြုံ တော်တော် များပြီပဲ၊ မြင်းရဲ့ တင်ပါးဆုံ နားက အကြောကလေး တစ်ခု ကို ဖြတ်လိုက်ရင် အရာမထင်ဘဲနှင့် အကြောဟာ ပြတ်သွားပြီး မြင်းခြေဟာ ဆာတာတာ ဖြစ်သွားတယ်၊ မပြေးနိုင်တော့ဘူး၊ နောင်မှာ ဒီမြင်းဟာ အကြော အဆစ် ရောင်လာတော့တာပဲ၊ ကြည့်လိုက်ရင်တော့ ရိုးရိုး ရောဂါ ရတယ်လို့ ထင်ရတယ်'

'တော်တော် ယုတ်မာတဲ့ ကောင်ဗျာ၊ လူယုတ်' ဟု ဗိုလ်မှူးကြီးက အော်၏။

'စထရေကာဟာ မြင်း တင်ပါးဆုံက အကြောကို ဖြတ်ချင်တဲ့ အတွက် ငွေကြာကြီးကို စားကျက်ထဲကို ထုတ်သွားချင်နေတယ်၊ ဇောင်းထဲမှာ လုပ်လို့ မြင်းက လန့်ဖျပ်ပြီး တဝုန်းဝုန်း လုပ်ရင် ဘယ်လောက်ပဲ အအိပ်ကြီးတယ် ဆိုဆို ကောင်လေးတွေ နိုးကုန်မယ်၊ ဒါ့ ကြောင့် မြင်းကို အကြော ဖြတ်ချင်ရင် စားကျက်ထဲမှာ လုပ်ရလိမ့်မယ်'

'ကြည့်စမ်းဗျာ၊ ကျွန်တော်တို့ လုံးလုံး မစဉ်းစားမိဘူး၊ ဒါကြောင့် ဒီ ကောင်က ဖယောင်းတိုင် ယူသွားပြီး မီးခြစ်နှင့် မီးညှိတာကိုး ခင်ဗျ'

'အမှန်ပဲ ခင်ဗျ၊ ဒါပေမဲ့ ကံအားလျော်စွာပဲ သူ့ အိတ်ထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေကို စစ်ကြည့်လိုက်တဲ့ အခါကျတော့ ရာဇဝတ်မှု ကျူးလွန်တဲ့ နည်းလမ်း ကိုသာမက ကျူးလွန်ရတဲ့ ရည်ရွယ်ချက်ကိုပါ သွားတွေ့ရတယ် ခင်ဗျ၊ ဗိုလ်မှူး ကြီးလည်း အတွေ့အကြုံများတဲ့ လူပဲ၊ ဘယ်သူဖြစ်ဖြစ် သူများ သုံးထားတဲ့ ဘီလ် စာရင်း စာရွက်ကို ကိုယ့် အိတ်ထဲမှာ ဆောင်ထားလေ့ မရှိကြပါဘူး၊ ကိုယ် သုံးတဲ့ ဘီလ် စာရင်း စာရွက်ကိုပဲ ကိုယ့် အိတ်ထဲမှာ ဆောင်ထားမှာပေါ့၊ ဒါတောင် စာရွက်တွေ ရှုပ်လွန်းလို့ သိပ်မထားတတ်ကြပါဘူးလေ၊ ဒီတော့ ဒါကို ကြည့်လိုက်ရင် စထရေကာဟာ နာမည် တစ်မျိုးနှင့် ဘဝသစ် တစ်ခု ထူထောင်နေတယ် ဆိုတာ ထင်ရှားတယ်ဗျ၊ အဲ သူ ထူထောင်ထားတဲ့ ဘဝသစ် ထဲမှာ အဝတ်အစား ကောင်းကောင်း ဝတ်တတ်တဲ့ အမျိုးသမီး တစ်ယောက်



mgyoe.com

mgyoe.com SAMPLE BOOK
လည်း ပါနေတယ် ဆိုတာ တွေ့ရတယ်၊ ဗိုလ်မှူးကြီးက ကိုယ့် တပည့်တွေ အပေါ်မှာ စိတ်ချထားလေတော့ ကိုယ့် တပည့်တွေဟာ နှစ်ဆယ့်နှစ် ဂိနီတန် ဝတ်စုံကို သူတို့ မယားတွေကို ဝယ်ပေးလိမ့်မယ်လို့ ဘယ်ထင်ရက်ပါ့မလဲဗျာ၊ ဒါနှင့် ကျုပ်က စထရေကာရဲ့ မိန်းမကို အဝတ်အစား အကြောင်း အမှတ်မဲ့ ကောက်မေး ကြည့်လိုက်တော့ စထရေကာရဲ့ မိန်းမ ခမျာ ဒီအဝတ်အစားကို မြင်တောင် မမြင်ဖူးရှာဘူး ဆိုတာ သိရတယ်ဗျ၊ ဒီတော့ ကျုပ်လည်း လန်ဒန်က အမျိုးသမီး အပ်ချုပ်ဆိုင် အမည်ကို မှတ်၊ စထရေကာရဲ့ ဓာတ်ပုံကို ပြပြီး မေး လိုက်တဲ့ အခါကျတော့ ဒါဘီရှိုင်းယား အမည်ခံထားတဲ့ လူဟာ စထရေကာ ဖြစ်နေတယ် ဆိုတာ သိရတာပါပဲ။

'ဒီနောက်တော့ သိပ်မရှုပ်တော့ပါဘူးလေ၊ စထရေကာဟာ မီးရောင် ကို လူ မမြင်ဘဲ သူ့ အလုပ်ကို သူ ကောင်းကောင်း လုပ်နိုင်အောင် မြင်းကို လျှိုထဲ ဆွဲခေါ်သွားခဲ့တယ်၊ ဖစ်ဇရွိုင်း ပြေးရင်း လွှားရင်း ကျကျန်ရစ်ခဲ့တဲ့ လည် စည်းကို လမ်းမှာ ကောက်ရတော့ အကြော ဖြတ်တုန်းမှာ မြင်း မရုန်းအောင် ခြေထောက်ကို ချည်ဖို့ လည်စည်းကို ယူလာခဲ့တယ်၊ ဒါပေမဲ့ အကြော ဖြတ်မလို့ ဖယောင်းတိုင်ကိုလည်း ထွန်းလိုက်ရော မြင်းက အလင်းရောင်ကို ရုတ်တရက် မြင်လိုက်လို့ရယ်၊ သူ့ကို တစ်ခုခု အန္တရာယ်ပြုနေပြီ ဆိုတာ တိရစ္ဆာန်ရဲ့ ပကတိ စိတ်နှင့် အလိုလို သိလိုက်လို့ရယ် မြင်းက လန့်ပြီး နောက်ကို တအား ကန်ထည့် လိုက်တယ်ဗျ၊ ဒီတွင် မြင်းက သံခွာဟာ စထရေကာရဲ့ နဖူးကို တည့်တည့်ကြီး သွားထိတာပဲ၊ အဲဒီ ညက မိုးရွာထားပေမဲ့ စထရေကာဟာ သူ့ လုပ်ငန်း လုပ် ရတာ ငြယ်အောင် ဆိုပြီး မိုးကာ အင်္ကျီကို ချွတ်ပြီး ချုံပေါ်မှာ တင်ပစ်ခဲ့တယ် ဗျ၊ မြင်းက အကန်လိုက်မှာ လဲကျသွားပြီး သူ ဓားနှင့် သူ့ ပေါင်ကို ထိုးမိသွား တာပဲ ခင်ဗျ၊ ရှင်းပြီ မဟုတ်လား'

'အံ့သြလောက်ပါပေတယ်ဗျာ၊ အံ့သြလောက်ပါပေတယ်၊ စုံထောက် ကြီး အဲဒီ နေရာကိုကော ရောက်ခဲ့သေးတယ်နော်'

'အဲ နောက်ဆုံး တွေးလုံးကတော့ အဝေးကနေပြီး မှန်းပစ်လိုက်တာ ဗျ၊ စထရေကာ ဆိုတဲ့ လူဟာ ပေါ့သေးသေး မဟုတ်ဘူးဗျ၊ မြင်းရဲ့ ပေါင်က အကြောကို ဖြတ်တယ် ဆိုတာဟာ သိမ်မွေ့တဲ့ အလုပ် ဖြစ်လေတော့ ဒီလောက် သိမ်မွေ့တဲ့ အလုပ်ကို စမ်းသပ်မကြည့်ဘဲ လုပ်မှာ မဟုတ်ဘူးလို့ ကျုပ် တွေး လိုက်မိတယ်၊ ဒါဖြင့် သူ ဘယ် သွား စမ်းသပ်ကြည့်မလဲ၊ သိုးတွေကို မြင်လိုက် တော့ သိုးတွေနှင့် ပထမ စမ်းကြည့်မှာပဲလို့ ကျုပ် တွေးလိုက်တယ်ဗျ၊ စုံစမ်း


mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်လိုက်တဲ့ အခါကျတော့ ကျုပ် ထင်တဲ့ အတိုင်း ဖြစ်နေတာကို တွေ့ရတယ်ဗျ'

'စုံထောက်ကြီး ပြောတာ အလွန်ကို ရှင်းပါတယ် ခင်ဗျာ'

'လန်ဒန်ကို ပြန်ရောက်တဲ့ အခါကျတော့ အမျိုးသမီး အပ်ချုပ်ဆိုင်ကို သွားပြီး စထရေကာရဲ့ ဓာတ်ပုံကို ပြတယ်၊ ဒါဘီရှိုင်းယား ဆိုတဲ့ သူတို့ ဖောက်သည် တစ်ယောက် ဖြစ်တယ်လို့ ဆိုင်က ပြောလိုက်တယ်ဗျ၊ သူ့ မိန်းမက အဝတ်အစား ကောင်းကောင်း ဝတ်တယ်တဲ့၊ ခပ်ချောချောရယ်တဲ့၊ အဲဒီ မိန်းမကြောင့် စထရေကာမှာ ကြွေးတွေ တင်နေတဲ့ အတွက် နောက်ဆုံးတော့ ကြံမိကြံရာကို ကြံတာပဲ ခင်ဗျ'

'အားလုံး ရှင်းပါတယ် ခင်ဗျာ၊ မြင်းကို ဘယ်မှာ တွေ့ခဲ့သလဲ ဆိုတဲ့ အချက်ပဲ ကျန်ပါတယ်' ဟု ဗိုလ်မှူးကြီးက ပြောလေ၏။

'အင်း၊ မြင်းကတော့ လွတ်သွားတယ်ဗျ၊ လွတ် အသွားမှာ ခင်ဗျားတို့ ဖောင်း အနီးအနား တစ်ဝိုက်က လူတစ်ယောက်က ထိန်းသိမ်း စောင့်ရှောက်ထားတယ်၊ သူ့ကိုတော့ ကျုပ်တို့ အနေနှင့် အမှုမလုပ်ဘဲ လွတ်ငြိမ်းခွင့် ပေးဖို့ လိုလိမ့်မယ်ဗျ၊ အလို ကျုပ် မမှားဘူး ဆိုရင် ကလင့်ဟမ် လမ်းဆုံကိုတောင် ရောက်နေပါ့ကလား၊ နောက် ဆယ်မိနစ်လောက် ဆိုရင် ဝိတိုရိယ ဘူတာကြီးကို ရောက်တော့မှာပေါ့၊ ကဲ ဗိုလ်မှူးကြီးရေ၊ ကျုပ်တို့ အခန်း လိုက်ပြီး နားနားနေနေ ဆေးလေး ဘာလေး လိုက်ရှုပါဦးလား၊ ခင်ဗျား စိတ်ဝင်စားမယ့် တခြား အသေးစိတ် အချက်အလက်တွေကိုလည်း ပြောပြရသေးတာပ'

[မူရင်း ဝတ္ထု *The Adventure of Silver Blaze.* ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'စိန်လယ်ဂျာ မြင်းပွဲ၌ မောင်စံရှား စုံထောက်ပုံ' ဟူသော အမည်ဖြင့် လည်းကောင်း၊ 'စိန်ဝေလျှံ ပျောက်ဆုံးမှု' ဟူသော အမည်ဖြင့် လည်းကောင်း မြန်မာမှု ပြုပြီး။]







mgyoe.com

mgyoe.com SAMPLE BOOK

# နှင်းရောင် မျက်နှာကြီး



ကျွန်ုပ်သည် ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း ပြောပြသည့် အမှုများနှင့် ကျွန်ုပ်ကိုယ်တိုင် ပါဝင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက် အချို့ကို အခြေခံကာ စာတိုပေစကလေးများကို ရေးသားခဲ့ရာ၌ သဘာဝ ကျစွာပင် ရှားလော့ဟုမ်း၏ ဆုံးရှုံးမှုများထက် အောင်မြင်မှုများကို အသားပေး ရေးခဲ့သည်ချည်း ဖြစ်ပေ၏။ သို့ ရေးခြင်းမှာ သူ့ ဂုဏ်သတင်း ကျော်စောမှု အတွက် မဟုတ်ဘဲ သူ ဖြေရှင်း၍ မရလျှင် အခြားသူများလည်း မဖြေရှင်းနိုင်ခြင်း၊ ဝတ္ထု အနေဖြင့် နိဂုံးချုပ်၍ မရဘဲ တို့လို့တန်းလန်း ဖြစ်နေခြင်း စသော အကြောင်းများကြောင့် ဆုံးရှုံးမှုများထက် အောင်မြင်ခဲ့သည့် အမှုများကို အသားပေး ရေးရခြင်း ဖြစ်ပါသည်။ စင်စစ်တွင်မူ အခက်အခဲ အဆုံးအရှုံးကို တွေ့ရသည့် အခါတွင် ရှားလော့ဟုမ်း၏ ခွန်အားနှင့် ဉာဏ်အားမှာ ပို၍ပင် ထက်မြက်၍ လာပါသေးသည်။ သို့တိုင်အောင် မကြာခဏ ဆိုသလိုပင် ရှားလော့ဟုမ်းက မှားပြီး အမှန်ကို ရှာတွေ့သည့် အခါမျိုးလည်း ရှိတတ်ပါသေးသည်။ ယင်းသို့ ရှားလော့ဟုမ်း မှားခဲ့သည့် အမှု ဒါဇင်ဝက်ခန့်နှင့် ပတ်သက်သည့် မှတ်စု မှတ်တမ်းများ ကျွန်ုပ် လက်တွင် ရှိနေသေးရာ အမှုနှစ်ခုမှာ များစွာ စိတ်ဝင်စားဖွယ် ကောင်းလှသည့် အတွက် အောက်တွင် ဖော်ပြလိုက်ပါသည်။

ရှားလော့ဟုမ်းသည် ကျန်းမာရေး လေ့ကျင့်ခန်းကို ကျန်းမာရေး လေ့ကျင့်ခန်း သက်သက် အတွက် လုပ်လေ့ လုပ်ထ မရှိသည့် လူတစ်ယောက် ဖြစ်ပေ၏။ မိမိ၏ လက်ရုံးရည် အစွမ်းကို ပြသနိုင်သူ ဟူ၍ အတော် ရှားသည့်



mgyoe.com

mgyoe.com SAMPLE BOOK

အထဲ၌ ရှားလော့ဟုမ်းမှာ ကျွန်ုပ် တွေ့ဖူးသမျှသော လက်ဝှေ့သမားများထဲတွင် သူ့ အလေးချိန်တန်းနှင့် သူ ရှာမှ ရှားသည့် လက်ဝှေ့ကျော် တစ်ဦး ဖြစ်ပေ၏။ သို့ရာတွင် ရည်ရွယ်ချက် မဲ့သည့် ကိုယ်လက် လှုပ်ရှားမှုသည် မိမိ၏ ခွန်အားကို အချည်းနှီး ဖြုန်းတီးရာ ရောက်သည်ဟု ယူဆသည့် အလျောက် မိမိ စုံစမ်း ထောက်လှမ်းမှု အတွက် အထောက်အကူ မပြုလျှင် ရှားလော့ဟုမ်းသည် ကိုယ် လက် လှုပ်ရှားခြင်း အမှုကို ပြုခဲလှပါသည်။ ကိုယ်လက် လှုပ်ရှားမှုကို ပြုလုပ်ပြီ ဆိုလျှင်လည်း ရှားလော့ဟုမ်းမှာ မမောနိုင် မပန်းနိုင်ဘဲ အားသွန်ခွန်စိုက် ပြုလုပ် တတ်ပေ၏။ ထိုအခါမျိုး၌ ရှားလော့ဟုမ်း လေ့ကျင့်ပုံမှာ အံ့မခန်း ဖြစ်လောက် ပါပေ၏။ သို့ မနားမနေ လေ့ကျင့်သည့်တိုင် ရှားလော့ဟုမ်းသည် အများအားဖြင့် အစားအသောက်ကို အနည်းငယ်မျှသာ စားသောက်ပြီး အမူအကျင့်မှာလည်း တရားထိုင်နေသူ တစ်ဦးကဲ့သို့ များစွာ ခြိုးခြံ ချွေတာလှပါသည်။ ရှားလော့ ဟုမ်းတွင် တစ်ခါတစ်ရံ ကုတ်ကင်း ပွတ်ခြင်းမှ လွဲလျှင် အပျော်အပါး ဟူ၍ မရှိသလောက် ဖြစ်လျက် ကုတ်ကင်း ပွတ်သည် ဆိုသည်မှာလည်း အမှုကောင်း များ ရှားပါးပြီး သတင်းစာများတွင် စိတ်ဝင်စားစရာ သတင်းများ နည်းပါးနေ သဖြင့် ပျင်းရိ ငြီးငွေ့စရာ ကောင်းသည့် အခါမျိုးတွင်သာ ရံဖန်ရံခါ ပြုလုပ်သည့် ကိစ္စမျိုး ဖြစ်ပါသည်။

တစ်ခုသော နွေဦးပေါက် တစ်မနက်၌ ရှားလော့ဟုမ်းသည် ကျွန်ုပ်နှင့် အတူ ပန်းခြံထဲသို့ စိတ်လိုလက်ရ လမ်းလျှောက် လိုက်လာခဲ့လေ၏။ ပန်းခြံထဲရှိ သစ်ပင် ပန်းမန်တို့တွင် ရွက်နုတို့ ဝေစ ပြုလေပြီ။ စေးထန်းထန်း သစ်ကြားဖူး ကလေးများမှာလည်း ယင်းတို့၏ ငါးမြှောင့်ဆိုင် ရွက်နုကလေးများကို ဖြေလှစ်စ ပြုကြလေပြီ။ ကျွန်ုပ်တို့ နှစ်ယောက်သည် အများအားဖြင့် စကား ပြောဆိုခြင်း မပြုကြဘဲ နှစ်နာရီ နီးပါးမျှ ပန်းခြံထဲတွင် လမ်းလျှောက်ခဲ့ကြရာ စကား မပြောဘဲ နှစ်ယောက် အတူ ဤမျှ ကြာကြာ လမ်းလျှောက်ဖို့ ဆိုသည်မှာ တစ်ယောက် အကြောင်းကို တစ်ယောက် ထဲထဲဝင်ဝင် သိသူများသာလျှင် တတ်နိုင်သော ကိစ္စ ဖြစ်ပါသည်။ ဘေကာလမ်းရှိ ကျွန်ုပ်တို့၏ တိုက်ခန်းသို့ ပြန်ရောက်သည့် အခါတွင်မူ ညနေ ငါးနာရီ ထိုးလု နီးနေလေပြီ။

ကျွန်ုပ်တို့၏ တပည့်ကလေးက တံခါးကို ဖွင့်ပေးရင်း 'ဆရာကြီးကို တွေ့ချင်လို့ ဆိုပြီး ဧည့်သည် တစ်ယောက် လာသွားပါတယ် ခင်ဗျာ' ဟု ပြောလေ၏။ ရှားလော့ဟုမ်းက ကျွန်ုပ်ကို အပြစ်တင်သည့် အနေဖြင့် လှမ်း ကြည့်လိုက်ရင်း



mgyoe.com

mgyoe.com SAMPLE BOOK

'လမ်းလျှောက် ထွက်ရတာ တယ် အချိန် ကုန်တာကိုး၊ ခုကော ဒေ့ဗ် သည်က ပြန်သွားပလားဟေ့'

'ဟုတ်ပါတယ် ခင်ဗျာ'

'မင်းက အစောင့် မခိုင်းဘူးလား'

'စောင့်ခိုင်းပါတယ် ခင်ဗျာ'

'ဘယ်လောက် ကြာကြာ စောင့်နေသေးသလဲ'

'နာရီဝက်လောက် ကြာပါတယ်၊ သူ့ကို ကြည့်ရတာက တော်တော် ဂနာမငြိမ် ဖြစ်နေတယ် ခင်ဗျ၊ ထိုင်လိုက် ထလိုက် လမ်းလျှောက်လိုက်နှင့် အငြိမ်ကို မနေဘူး၊ အခန်း အပြင်ဘက် ကျွန်တော် ထိုင်စောင့်နေတုန်းမှာ တလှုပ်လှုပ်နှင့် အသံ ကြားနေရတယ်၊ နောက်ဆုံးကျတော့ အပြင် ထွက်လာပြီး မင်းတို့ ဆရာက ပြန်ကော လာဦးမှာလားလို့ မေးတယ် ခင်ဗျ၊ ခဏ စောင့်ပါ၊ လာပါလိမ့်မယ်လို့ ပြောတော့ ငါ အပြင် ထွက်စောင့်မယ်တဲ့၊ အခန်းထဲမှာ ထိုင်စောင့် နေရရင် အသက်ရှူ ကျပ်တာနှင့် သေလိမ့်မယ်တဲ့၊ ပြီးတော့မှ တစ်ခေါက် ပြန်လာမယ်လို့ ပြောပြီး ထွက်သွားတယ် ခင်ဗျ၊ ကျွန်တော် တားတာလည်း မရဘူး'

'အေး အေး၊ ဒါဖြင့်လည်း ပြီးရောပေါ့ကွာ၊ သူကမှ မစောင့်တာ ဘယ် တတ်နိုင်မလဲ' ဟု ဆိုကာ ကျွန်ုပ်တို့သည် အခန်းထဲသို့ ဝင်လာခဲ့ကြလေ၏။

'ဝပ်ဆင်ရေ၊ ကျူပ်ကလည်း ဒါမျိုးဆိုရင် တယ် ယားကျိကျိ ဖြစ်တတ်တယ်ဗျ၊ ခုလို အမှု ရှားတုန်းမှာ မတွေ့လိုက်ရတာ နှာသဗျာ၊ ယောက်ယက် ခတ်နေပုံ ထောက်တော့ တော်တော် အရေးကြီးတဲ့ ကိစ္စ ဖြစ်နိုင်တယ်၊ အလို ဟောဟို စားပွဲပေါ်ကဟာ ခင်ဗျား ဆေးတံလည်း မဟုတ်ပါလား၊ ကျူပ်တို့လူ မေ့ကျန်ရစ်ခဲ့ပြီ ထင်တယ်၊ ဆေးတံက အဟောင်းတော့ အဟောင်း၊ သို့သော် လည်း ဘရိုင်ယာသားနှင့် လုပ်ထားတဲ့ အကောင်းစား ဆေးတံဗျ၊ အရိုးက အရှည်၊ တော်တော် ကောင်းသေးတယ်၊ ဆေးတံသမားတွေကတော့ ပယင်းရိုး လို့ ခေါ်ကြတာပေါ့၊ လန်ဒန်မြို့ကြီးမှာ ပယင်း အစစ်နှင့် လုပ်ထားတဲ့ ဆေးတံ ဘယ်နှချောင်း ရှိသလဲတော့ မသိဘူး၊ လူတွေကတော့ ပယင်းရိုး ဆေးတံ ဆိုပြီး အမြတ်တနိုး ကိုင်ကြတာပဲ၊ သို့သော်လည်း ပယင်းက အစစ်တွေ မဟုတ်ဘဲ အတုတွေ ဖြစ်နေတာက ခက်တယ်၊ အင်း ကိုယ့်လူ ကြည့်ရတာကတော့ တော် တော် ယောက်ယက် ခတ်နေတဲ့ ပုံပဲ၊ သူ အလွန် မြတ်နိုးတဲ့ ဆေးတံကလေး တောင် မေ့ကျန်ရစ်ခဲ့ရှာတယ်'

'သူ အမြတ်တနိုး ထားတယ် ဆိုတာ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဆေးတံဂ၊ ခုနစ်သျှိလင်ခွဲလောက် တန်တယ်ဗျ၊ သေသေချာချာ ကြည့်ရင် နှစ်ခါ ပြန်ပြင်ထားတာကို တွေ့ရလိမ့်မယ်၊ တစ်ခါက ဆေးတံအိုးနားက သစ်သားမှာ၊ နောက်တစ်ခါက ပယင်း စွပ်တံမှာ၊ နှစ်ကြိမ်စလုံးမှာ ငွေကွပ်ထားတယ်၊ ငွေကွပ်တဲ့ တန်ဖိုးက ဆေးတံ တန်ဖိုးထက်တောင် ကြီးလိမ့်ဦးမယ်၊ အသစ် တစ်ချောင်း မဝယ်ဘဲ ပိုက်ဆံ ကုန်ခံပြီး ထပ်ပြင်နေတာကို ထောက်ရင် သူ့ ဆေးတံကို သူ တော်တော် တန်ဖိုးထားလို့သာ ဖြစ်ရမှာပေါ့'

'နောက်ကောဗျာ၊ ဘာ ထူးခြားတာ တွေ့သေးသလဲ'

ရှားလော့ဟုမ်းသည် ဆေးတံကို အမြီးပြန် ခေါင်းပြန် ကြည့်ရင်း စဉ်းစားလျက် ရှိသဖြင့် ကျွန်ုပ်က မေးလိုက်၏။ ပါမောက္ခ တစ်ယောက်သည် အရိုးတစ်ချောင်းကို ကိုင်ကာ သင်ခန်းစာကို ပို့ချနေသကဲ့သို့ ရှားလော့ဟုမ်းသည်လည်း ဆေးတံကို မြှောက်ကိုင်ကာ သေးသွယ် ရှည်လျားသည့် လက်ညှိုးဖြင့် တဒေါက်ဒေါက် ခေါက်နေရင်းက

'တစ်ခါတစ်ရံမှာ ဆေးတံတွေဟာ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်ဗျ၊ နာရီတို့ ဖိနပ်ကြိုးတို့လိုပဲ ဆေးတံ တစ်ချောင်းမှာလည်း လူတစ်ယောက်ရဲ့ စရိုက်တွေကို ဖော်ပြနိုင်တဲ့ လက္ခဏာတွေ ရှိတယ်၊ သို့သော်လည်း ဒီဆေးတံမှာ တွေ့ရတဲ့ လက္ခဏာချက်တွေကတော့ ပြောပလောက်အောင် အရေးမကြီးလှပါဘူး၊ ဒီဆေးတံ ပိုင်ရှင်ဟာ ကာယဗလ တော်တော် ကောင်းသူ ဖြစ်ရမယ်၊ ဘယ်သန် ဖြစ်ပြီး သွားတွေက တော်တော် ကောင်းတယ်၊ နမော်နမဲ့ နိုင်ပြီး ရှားရှားပါးပါး ထဲက မဟုတ်ဘဲ အတော်အတန် သုံးနိုင် ဖြုန်းနိုင်တဲ့ အထဲက ဖြစ်ရမယ်'



ဆေးတံကို အမြီးပြန် ခေါင်းပြန် ကြည့်ရင်း စဉ်းစားလျက် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရှားလော့ဟုမ်းသည် သူ့ ထင်မြင်ချက်များကို အမှတ်တမဲ့ ပြောသွားနိုင်သည့်တိုင် သူ့ မျက်လုံးများကမူ သူ့ စကားများကို ကျွန်ုပ် သဘောပေါက်ခြင်း ရှိ မရှိ စူးစမ်းသည့်ဟန်ဖြင့် ကျွန်ုပ်ကို အကဲခတ်လျက် ရှိလေ၏။

'သုံးနိုင် ဖြုန်းနိုင်ထဲကလို့ ပြောတာက ခုနစ်သျှီလင်ခွဲတန် ဆေးတံကို သောက်လို့ ပြောတာလား'

ရှားလော့ဟုမ်းသည် ဆေးတံထဲတွင် ကျန်သည့် ဆေးမှုန့် အချို့ကို လက်ဖဝါးပေါ်သို့ ခေါက်ထုတ်လိုက်ပြီး

'ဆေးက တစ်အောင်စကို ရှစ်ပဲနိ ပေးရတဲ့ ဂရိုစဗီနာ ဆေးတံ သောက်ဆေးဗျ၊ သူ့ တစ်ဝက်လောက် ပေးရင် တော်တော် ကောင်းတဲ့ ဆေးတံ သောက်ဆေးတွေ ရနိုင်ပါလျက်နှင့် ဒီဆေးတံ ဆေးကိုမှ သောက်တယ် ဆိုတော့ တော်တော်လေး သုံးနိုင် ဖြုန်းနိုင်လို့ပေါ့'

'တခြား အချက်တွေကကောဗျာ'

'ဆေးတံကို မီးညှိတဲ့ အခါမှာ မီးခွက်တို့ ဓာတ်ငွေ့ မီးတိုင်တို့က မီးနှင့် ညှိတယ်ဗျ၊ ဒါကြောင့် ဆေးတံအိုး နှုတ်ခမ်း တစ်ဖက်မှာ မီးကျွမ်းပြီး မည်းနေတာကို တွေ့ရလိမ့်မယ်၊ မီးခြစ်နှင့် ညှိလို့ ရှိရင် ဒီလို မဖြစ်နိုင်ဘူး၊ အပေါ်က နေပြီး အုပ်ပြီး ညှိမှာပဲ၊ မီးအိမ်နှင့် ညှိလို့သာ တစ်ခြမ်းက ကျွမ်းပြီး မည်းနက်နေတာပေါ့၊ ပြီးတော့ ဆေးတံအိုးရဲ့ ညာဘက်မှာ လောင်ထားတယ်ဗျ၊ ဒါကို ကြည့်ရင် ဒီလူဟာ ဘယ်သန် ဆိုတာ သိနိုင်တယ်၊ ကဲ ခင်ဗျား ဆေးတံကိုပဲ မီးအိမ်မှာ မီးတို့ကြည့်စမ်းပါဦး၊ ဟော ကြည့်၊ ခင်ဗျားက ညာသန် ဆိုတော့ ညာလက်က ကိုင်ပြီး ဆေးတံကို ဘယ်ဘက်ကို စောင်းညှိတယ် မဟုတ်လား၊ ညာသန်တဲ့ လူကကော ညာဘက်ကို စောင်းပြီး မညှိနိုင်ဘူးလားဗျလို့ မေးစရာ ရှိတယ်၊ ဒါပေမဲ့ အမြဲတမ်း မဖြစ်နိုင်ဘူးဗျ၊ တစ်ခါ တစ်ခါမှသာ ညှိကောင်း ညှိနိုင်တယ်၊ အမြဲတမ်းတော့ ညှိမှာ မဟုတ်ဘူး၊ ဒါက သူသူကိုယ်ကိုယ် ထုံးစံ၊ ပြီးတော့လည်း ပယင်း စွပ်တံကို တော်တော် တအား ကိုက်ပြီး ခဲထားတယ်ဗျ၊ တော်တော် ခွန်အား ကောင်းပြီး သွားကောင်းတဲ့ လူမျိုးမှ ဒီလောက် အရာထင်အောင် ခဲနိုင်တာ၊ သို့သော်လည်း ကျုပ် အတွက် မမှားဘူး ဆိုရင်တော့ လှေကားပေါ်က ကြားရတဲ့ ခြေသံဟာ သူ့ ခြေသံနှင့် တူတာပဲ၊ ဆေးတံကို လေ့လာရတာထက် လူကိုယ်တိုင်ကို လေ့လာရတာက ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာပဗျာ'

ခဏ ကြာလျှင် တံခါး ပွင့်လာကာ အရပ် မြင့်မြင့် လူတစ်ယောက်သည်



mgyoe.com

mgyoe.com SAMPLE BOOK

အခန်းထဲသို့ ဝင်လာလေ၏။ ထိုလူသည် မီးခိုးရောင် မှိုင်းမှိုင်း ဝတ်စုံ အကောင်း စားကို ဣန္ဒြေရရ ဝတ်ထားပြီး အနားပတ်ပြားကြီးကြီးနှင့် သက္ကလတ် ဦးထုပ် အညိုရောင်ကို လက်တွင် ကိုင်ထားလေ၏။ အသက် အတန်ငယ် ကြီးပြီ ဖြစ် သော်လည်း ကျွန်ုပ် စိတ်တွင်မူ အသက် သုံးဆယ် တစ်ဝိုက်လောက်သာ ရှိလိမ့် မည်ဟု ထင်မိပေ၏။ ထိုလူက ခပ်အမ်းအမ်းဖြင့်

'တံခါး မခေါက်မိဘဲ ဝင်လာလို့ စိတ်မရှိပါနှင့် ခင်ဗျာ၊ အမှန်ကတော့ တံခါး ခေါက်ပြီး ဝင်မလို့ပါပဲ၊ ဒါပေမဲ့ ကျွန်တော့်မှာ ဗျာများနေလေတော့ သတိတွေ ဘာတွေလည်း ဘယ်ပျောက်ကုန်မှန်း မသိတော့ပါဘူး'

ထိုလူသည် ကယောင်ကတမ်း ဖြစ်နေသူ တစ်ယောက်ကဲ့သို့ သူ့ နဖူး ကို လက်ဖြင့် သုတ်လျက် ရှိရင်း ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေ၏။ စင်စစ်တွင်ကား ထိုင်သည်ဟု ပြောသည်ထက် လဲကျသွားသည်ဟု ပြောလျှင် ပို၍ မှန်လိမ့်မည် ထင်ပါသည်။

'အင်း မအိပ်ရတာ တစ်ည နှစ်ညလောက်တောင် ရှိရော့မယ်ဗျ၊ အလုပ် လုပ်လို့ အပျော်လွန်လို့ ပင်ပန်းတာထက် အိပ်ပျက်လို့ ပင်ပန်းတာက အဆိုး ဆုံးပဲဗျို့၊ ကဲ ဆိုပါဦး၊ ကျုပ် ဘာများ ကူညီနိုင်ပါလိမ့်'

ရှားလော့ဟုမ်းက သူ့ ထုံးစံအတိုင်း ဖော်ရွေစွာ မေးမြန်းလေ၏။

'စုံထောက်ကြီးဆီက အကြံဉာဏ် လိုချင်လို့ လာခဲ့တာပါ ခင်ဗျာ၊ ကျွန် တော်တော့ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူး၊ ကျွန်တော့် ဘဝ ကတော့ သွားပါပြီ၊ ရစရာ မရှိတော့ပါဘူး'

'မိတ်ဆွေကြီးက ကျုပ်ကို စုံထောက် တစ်ယောက် အနေနှင့် တိုင်ပင် ရုံ သက်သက်ပဲလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ အမြော်အမြင် ရှိတဲ့ လူတစ်ယောက် အတွေ့ အကြုံ ရှိတဲ့ လူတစ်ယောက် အနေနှင့်လည်း ထင်မြင်ချက် လိုချင်ပါတယ်၊ နောက်ထပ်· ကျွန်တော် ဘယ်ခြေလှမ်းမျိုးကို လှမ်းသင့်တယ် ဆိုတာ သိချင်ပါ တယ်၊ စုံထောက်ကြီးကတော့ ကျွန်တော့်ကို ပြောပြနိုင်မယ်လို့ ထင်ပါတယ်'

ထိုလူမှာ စကားကို အားယူ၍ ပြောနေရသကဲ့သို့ ပြတ်တောင်း ပြတ် တောင်းနှင့် ပြောဆိုလျက် ရှိသဖြင့် သူ ပြောသည်ကို ကြည့်ရသည်နှင့်ပင် ကျွန်ုပ်တို့မှာ ပင်ပန်းလျက် ရှိလေပြီ။

'ပြဿနာက သိပ်တော့ မလွယ်ဘူး ခင်ဗျ၊ ကိုယ့် အိမ်တွင်းရေးကို သူစိမ်းတွေ ရှေ့ ချပြောရတယ် ဆိုတာ တော်တော် ခွကျသားပဲ၊ ပြောရတာ




mgyoe.com

mgyoe.com SAMPLE BOOK

မကောင်းလှဘူးပေါ့၊ ကျွန်တော် တစ်ခါမှ မတွေ့ဖူးတဲ့ သူစိမ်း နှစ်ယောက် ရှေ့မှာ ကိုယ့် မိန်းမရဲ့ အပြုအမူကို ပြောရတယ် ဆိုတော့ ပိုပြီး ဆိုးတာပေါ့ ခင်ဗျာ၊ ဒီအဖြစ်မျိုး ကြုံလာရတယ် ဆိုကတည်းက သိပ်တော့ မကောင်းတော့ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာလည်း မတွေးနိုင် မအန်နိုင် ဖြစ်နေလေတော့ ဒီကိစ္စကို ဖွင့်ပြောပြီး အကြံဉာဏ် တောင်းရတော့မှာပဲ ခင်ဗျ'

'ဒီမှာ မစ္စတာ ဂရန့် မွန်ရိုး'

ဤတွင် ဧည့်သည်သည် ကုလားထိုင်မှ ဖြုန်းခနဲ မတ်တတ် ထလိုက်ပြီးနောက်



ဧည့်သည်သည် ကုလားထိုင်မှ ဖြုန်းခနဲ မတ်တတ် ထလိုက်ပြီး

'ခင်ဗျာ၊ ကျွန်တော့် နာမည်ကို စုံထောက်ကြီး သိနေတယ် ဟုတ်လား'

ရှား လော့ ဟုမ်းက ပြုံး လိုက် လျက်

'ခင် ဗျား ကို လူသိ မခံချင်လို့ ရှိရင် ခင်ဗျား ဦးထုပ် အနားပတ် ပြား ကြီး ပေါ်မှာ ရေးထားတဲ့ နာမည်ကို အလျင် ဖျက်ပစ် ရလိမ့်မယ် ဗျ၊ သို့မဟုတ်ရင်လည်း လူ တစ်ယောက်နှင့် မျက်နှာချင်းဆိုင် စကား ပြောရင် ဦးထုပ်ကို ပြောင်းပြန် ဆောင်းထားရလိမ့်မယ်၊ ကျုပ်နှင့် ဟောဒီက ကျုပ် မိတ်ဆွေဟာ ဒီအခန်းမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို နားထောင်ခဲ့ပေါင်း များလှပြီ၊ စိတ်ဒုက္ခ ရောက်ခဲ့သူတွေကိုလည်း စိတ်ချမ်းသာအောင် အထိုက် အလျောက် လုပ်ပေးနိုင်တဲ့ အခွင့် ကြုံခဲ့တယ် ဆိုတာ ခင်ဗျားကို ပြောပြမလို့ပါ၊ ခင်ဗျား အတွက်လည်း ကျုပ်တို့ အထိုက် အလျောက် လုပ်ပေး နိုင်ပါလိမ့်မယ် ထင်ပါတယ်၊ ဒီတော့ အချိန်မီ

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ဖို့ လိုတာတွေ ရှိကောင်း ရှိလာနိုင်တယ်၊ ဒါကြောင့် ပြောစရာ ရှိရင် ခပ်သုတ်သုတ် ပြောဖို့ လိုလိမ့်မယ် ထင်တယ်ဗျ'

ကျွန်ုပ်ဘို့၏ ဒည့်သည်သည် နှုတ်မှ ထွက်ရန် ခက်ခဲနေသကဲ့သို့ သူ့နဖူးကို လက်ဖြင့် ပွတ်လျက် ရှိလေ၏။ ထိုလူ၏ အပြုအမူနှင့် အမူအရာတို့ကို ကြည့်ခြင်းဖြင့် ထိုသူမှာ သိုသိပ် လျှို့ဝှက်တတ်သူ တစ်ယောက် ဖြစ်ပြီး မာနကြီးသယောက် စိက်ကြီးသူ တစ်ယောက် ဖြစ်လျက် စိတ်ထဲတွင် ရှိနေသည့် နာကြည်းချက်တို့ကို လူသိ ခံမည်ထက် အသေ ခံမည် ဆိုသည့် လူစားမျိုး ဖြစ်ပေ၏။ ထိုနောက် ထိုလူသည် ချက်ချင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လျက် စိတ်နှလုံး တုံးတုံး ချလိုက်ပြီးနောက် သူ့ အဖြစ်အပျက်ကို စတင် ပြောဆိုခြင်း ပြုလေ၏။

'အဖြစ်အပျက်က ဒီလိုပါ စုံထောက်ကြီး၊ ကျွန်တော်က အိမ်ထောင်ရှင်ပါ၊ အိမ်ထောင် ကျတာ သုံးနှစ် ရှိပါပြီ၊ ဒီအိမ်ထောင်သက် သုံးနှစ် အတွင်းမှာ ကျွန်တော်တို့ လင်မယားဟာ တစ်ယောက်ကို တစ်ယောက် တော်တော်လေး ချစ်ကြပါတယ်၊ လူမဖက်ဘဲ မှတ်ဖက်တဲ့ လင်မယားလို အလွန်ပဲ ပျော်ကြပါတယ်၊ ကျွန်တော်တို့ လင်မယား ကြားမှာ စိတ်ဝမ်းကွဲတာရယ်လို့ တစ်ခုမှ မရှိခဲ့ဖူးပါဘူး၊ ကာယကံ မနောကံ ဝစီကံ စတဲ့ ကံသုံးပါးစလုံးမှာ ကွဲပြားကာရယ်လို့ တစ်ခါမှ မရှိခဲ့ဖူးပါဘူး၊ ဒါပေမဲ့ လွန်ခဲ့တဲ့ တနင်္လာနေ့တုန်းကတော့ ကျွန်တော်တို့ နှစ်ယောက် ကြားမှာ တံတိုင်းကြီး တစ်ခု ပေါ်လာသလို အတားအဆီးကြီး တစ်ခု ရုတ်တရက် ပေါ်လာတာပါပဲ ခင်ဗျာ၊ ကျွန်တော့် မိန်းမဟာ လမ်းမှာ သွားရင်းဟန်လွဲ တွေ့ရတဲ့ မိန်းမ တစ်ယောက်လို တစ်မျိုးတစ်ဖုံ ပြောင်းသွားတဲ့ အတွက် သူ့ အတွေးတွေကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်လာတယ်၊ ကျွန်တော်တို့ လင်မယားဟာ သူစိမ်းတွေလို ဖြစ်သွားတယ် ဆိုပါစို့ ခင်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ ဘာဖြစ်လို့ ဒီလို ဖြစ်သွားရတာလဲ ဆိုတာ ကျွန်တော် သိချင်တယ် ခင်ဗျာ။

'ရှေ့ဆက် မပြောခင် စုံထောက်ကြီးတို့ကို အလေးအနက် ပြောပြချင်တာ တစ်ခု ရှိပါသေးတယ် ခင်ဗျ၊ ကျွန်တော့် မိန်းမ အယ်ဖီဟာ ကျွန်တော့်ကို တော်တော်ချစ်ပါတယ်၊ ဒါကိုတော့ သံသယ မရှိစေချင်ပါဘူး၊ အယ်ဖီဟာ ကျွန်တော့်ကို နှစ်နှစ်ကာကာ ချစ်တယ်၊ အိမ်ထောင်သက် ရင့်လာသည်နှင့် အမျှ သူ့ အချစ်ဟာ တိုးသည်ထက် တိုးလာခဲ့တယ်၊ ဒါကို ကျွန်တော် သိလည်း သိတယ်၊ ခံစားလို့လည်း ရတယ်၊ ဒါကို ကျွန်တော် သိပ် အငြင်းမပွားလိုပါဘူး ခင်ဗျာ၊ ဒါပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ ကြားမှာ ဒီလျှို့ဝှက်ချက်ကြီး ရှိနေတယ် ခင်ဗျ၊ ဒါကြီးကို ဖျောက်လို့ မရမချင်း ကျွန်တော်တို့ နှစ်ယောက်ဟာ ဟိုတုန်းကလို ပြန်ဖြစ်ကြတော့မှာ မဟုတ်ပါဘူး ခင်ဗျာ'

'အင်း အချက်အလက်တွေကို ပြောမှာသာ ပြောစမ်းပါလေ' ဟု ရှားလော့ဟုမ်းက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်သည်။

'အယ်ဖီရဲ့ ကိုယ်ရေး ရာဇဝင်ကို ကျွန်တော် သိသလောက် ပြောပါ့မယ်၊ ကျွန်တော်နှင့် စတွေ့ကြတော့ အယ်ဖီဟာ အပျို မဟုတ်ပါဘူး၊ မုဆိုးမပါ၊ ဒါပေမဲ့ အသက်က တော်တော် ငယ်ပါသေးတယ်၊ ငယ်ဆို နှစ်ဆယ့် ငါးနှစ်ပဲ ရှိပါသေးတယ်၊ သူ့ နာမည်က မစ္စက် ဟီဗရွန်တဲ့ ခင်ဗျ၊ ငယ်ငယ်ကလေးတည်းက အမေရိကကို ရောက်သွားပြီး အတ္တလန်တာ မြို့မှာ နေပါတယ်၊ အဲဒီမှာ ဟီဗရွန်နှင့် တွေ့ပြီး အကြောင်းပါကြတယ်၊ ဟီဗရွန်က ဝတ်လုံပါ၊ တော်တော် အောင်မြင်ပါတယ်၊ သူတို့မှာ သားသမီး တစ်ယောက်တည်း ထွန်းကားပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းက အတ္တလန်တာမှာ ငှက်ဖျားတွေ အကြီးအကျယ် ဖြစ်လို့ သူ့ ယောကျ်ားရော ကလေးရော ငှက်ဖျားနှင့် ဆုံးခဲ့ပါတယ်၊ သူ့ ယောကျ်ား ဆုံးတုန်းက ထုတ်ပေးတဲ့ သေစာရင်းကို ကျွန်တော် ကိုယ်တိုင် မြင်ခဲ့ရပါတယ်၊ ဒါနှင့် သူလည်း အမေရိကမှာ နေရတာကို စိတ်ကုန်လို့ အင်္ဂလန်ကို ပြန်လာပြီး မီဒယ်ဆက်နယ် ပင်းနားမှာ သူ့ အဖော် အပျိုကြီး တစ်ယောက်နှင့် အတူ နေပါတယ်၊ သူ့ ယောကျ်ားက ပစ္စည်း တော်တော်များများ ထားခဲ့လေတော့ သူ့မှာ ပေါင် လေးထောင့်ငါးရာလောက်ကို အရင်း မြှုပ်ပြီး ငွေတိုးချေးလို့ တစ်နှစ်ကို ကြိတ်နှုန်း ခုနစ် ရာခိုင်နှုန်းလောက် အတိုးရပါတယ်၊ ပင်းနားကို ရောက်လို့ ခြောက်လလောက် အကြာမှာ ကျွန်တော်နှင့် တွေ့ပြီး တစ်ယောက်ကို တစ်ယောက် နှစ်သက်ကြလို့ မကြာခင်မှာပဲ လက်ထပ်ခဲ့ကြပါတယ်။

'ကျွန်တော့် လက်ငုတ် လုပ်ငန်းက ဗျစ်ချက်ရာမှာ သုံးတဲ့ ဆေးနွယ်ပွင့် အရောင်းအဝယ် လုပ်ငန်းပါ၊ တစ်နှစ်ကို ပေါင် ခုနစ်ရာ ရှစ်ရာလောက် ဝင်ငွေ ရရှိတဲ့ အတွက် တော်တော်ကလေး ချောင်ချောင်လည်လည်ထဲက ဆိုပါတော့ ခင်ဗျာ၊ ဒါနှင့် ကျွန်တော်တို့ အိမ်ထောင် ကျတော့ နော်ဗာရီမှာ တစ်နှစ်ကို ပေါင် ရှစ်ဆယ်လောက် ပေးရတဲ့ အိမ်ကလေး တစ်လုံးကို ငှားနေကြပါတယ်၊ ကျွန်တော်တို့ နေတဲ့ နေရာကလေးက မြို့နှင့် နီးပေမဲ့ ကျွန်တော်တို့ အနားကျတော့ တောဆန်ပါတယ်၊ ကျွန်တော်တို့ အိမ်ရဲ့ အထက်နားကို ကက်သွားတဲ့ အခါကျတော့ ထမင်းဆိုင် နှစ်ဆိုင်နှင့် အိမ်နှစ်လုံး ရှိပါတယ်၊ ကျွန်တော်တို့နှင့်

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာချင်းဆိုင် ကွင်းရဲ့ တစ်ဖက်မှာတော့ နှစ်ထပ်တိုက်ကလေး တစ်လုံး ရှိပါတယ်၊ ဒီနောက်တော့ အိမ်ရယ်လို့ မရှိတော့ပါဘူး၊ ဘူတာနား ရောက်ကာ နီးတော့မှပဲ အိမ်တွေကို ပြန်တွေ့ရပါတယ်၊ ကျွန်တော်တို့ အလုပ်က ရာသီနှင့် လုပ်ရတဲ့ အလုပ် ဆိုတော့ အလုပ် များတဲ့ ရာသီ ရှိသလို နွေကျရင် အလုပ် ပါးတတ်ပါတယ်၊ အဲဒီလို အလုပ် ပါးတဲ့ နွေရာသီကို ရောက်ပြီ ဆိုရင် ကျွန်တော်တို့ လင်မယား အေးအေးလူလူ နေနိုင်ပါတယ်၊ ခု ဟောဒီ ကိစ္စ ပေါ်မလာမီ အထိ ကျွန်တော်တို့ လင်မယား ကြားမှာ သံသယရယ်လို့ ဘာမှ မရှိခဲ့ကြပါဘူး။

'ဆက်မပြောခင် တစ်ခု ပြောစရာ ကျန်နေသေးတယ် ခင်ဗျ၊ ကျွန်တော်တို့ လက်ထပ်တဲ့ အခါကျတော့ ကျွန်တော့် မိန်းမက သူ့ ပစ္စည်းတွေကို ကျွန်တော့်ကို အကုန် လွှဲပေးတယ် ခင်ဗျ၊ ကျွန်တော်ကတော့ လက်မခံချင်ပါဘူး၊ တကယ်လို့ ကျွန်တော့် အလုပ်အကိုင် ကောင်းရင် တော်ရဲ့၊ မကောင်းရင် သူများ ပြောစရာ ဖြစ်မှာပေါ့ဗျာ၊ ဒါပေမဲ့ သူက အတင်း လွှဲပေးတာနှင့် ကျွန်တော်လည်း မငြင်းသာတော့ဘဲ လက်ခံလိုက်ရတယ် ဆိုပါတော့၊ လွန်ခဲ့တဲ့ တစ်လခွဲလောက် တုန်းကတော့ သူက

' ''ဂျက်ရေ ရှင် မှတ်မိသေးသလား၊ အယ်ဖီရဲ့ ပစ္စည်းတွေကို ရှင် လက်ခံခဲ့တုန်းက မင်း ပိုက်ဆံတွေကို လိုချင်တဲ့ အချိန် ပြန်တောင်းပါ၊ ပေးပါ့မယ်လို့ ပြောခဲ့တာလေ''

' ''ရပါတယ်၊ ဒီပိုက်ဆံတွေက မင်း ပိုက်ဆံတွေပဲဟာ''

' ''ဒီလိုဆိုရင် ကျွန်မ ပေါင်တစ်ရာလောက် လိုချင်တယ်''

'ကျွန်တော်လည်း သူ့ စကားကို ကြားလိုက်ရတော့ အံ့အား သင့်သွားတယ် ခင်ဗျ၊ အစတုန်းကတော့ အဝတ်အစားတို့ ဘာတို့ ဝယ်ဖို့ တောင်းတာ ဖြစ်မယ်လို့ ထင်မိတာကိုး။

' ''ဘာလုပ်ဖို့လဲ''

'ဒီတော့ သူက သူ့ ထုံးစံ အတိုင်း ရယ်သလို မောသလိုနှင့်

' ''အို ရှင်ပဲ ပြောခဲ့တယ် မဟုတ်လား၊ ရှင်က အယ်ဖီရဲ့ ပစ္စည်းကို သိမ်းပေးတဲ့ ဘဏ်တိုက် သက်သက်ပါဆို၊ ဘဏ်တိုက် ဆိုတာ ကိုယ့်ဆီ အပ်ထားတဲ့ ငွေရှင်တွေကို ဘာလဲ ညာလဲ စသဖြင့် အမေး အမြန်း မထူရဘူး ဆရာကြီးရဲ့''

' ''ရပါတယ်ဗျာ၊ အယ်ဖီ တကယ် တောင်းတယ် ဆိုရင် ပေးရမှာပေါ့''

' ''တကယ် တောင်းတာပေါ့''

' ''ကိစ္စကိုတော့ မပြောနိုင်ဘူး ဆိုပါတော့''



mgyoe.com

mgyoe.com SAMPLE BOOK

“တစ်နေ့တော့ ပြောမယ်လေ၊ ခုတော့ နေဦး”

ဒါဟာ ကျွန်တော်တို့ နှစ်ယောက် ကြားမှာ ပထမဆုံး ပေါ်လာတဲ့ လျှို့ဝှက်ချက်ပဲဗျ၊ ဒါပေမဲ့ ကျွန်တော် ဘာမှ မမေးတော့ပါဘူး၊ ဒီလောက်နှင့်ပဲ ကျေနပ်လိုက်ပါတယ်၊ သူ့ကို ချက်တစ်စောင် ချက်ချင်းပဲ ရေးပေးလိုက်တယ်၊ အဲဒီ အကြောင်းကိုလည်း ကျွန်တော် မေ့ထားလိုက်တယ်၊ ဒီကိစ္စဟာ နောင် ဖြစ်လာမယ့် အဖြစ်အပျက်တွေနှင့် ဆိုင်ချင်မှတော့ ဆိုင်မယ်ပေါ့ ခင်ဗျာ၊ ဒါပေမဲ့ ကြုံတုန်း စုံထောက်ကြီး သိအောင် ပြောတော့ ထားလိုက်ရဦးမယ် ခင်ဗျ။

ကျွန်တော်တို့ အိမ်ရှေ့မှာ ကွင်းကြီး တစ်ခု ရှိတယ်၊ အဲဒီ ကွင်းရဲ့ တစ်ဖက်မှာ တိုက် တစ်လုံး ရှိတယ် ဆိုတာ ပြောခဲ့ပါပြီ၊ အဲဒီ တိုက်ဘက်ကို သွားချင်ရင် ကွင်းထဲက ဖြတ်သွားလို့ မရဘူး ခင်ဗျ၊ ကွင်းကို ပတ်ပြီး ဖောက် ထားတဲ့ လမ်း အတိုင်း လိုက်ပြီး လမ်းကြားကလေး တစ်ခုထဲ ဝင်ရသေးတယ်၊ ကွင်းရဲ့ ဟိုဘက်မှာ စကော့ ထင်းရှူးတောကလေး တစ်တော ရှိတယ် ခင်ဗျ၊ သစ်ပင်တွေက အရိပ်လည်း ကောင်း သာလည်း သာယာတော့ ပျင်းရင် အဲဒီ ဘက်ကို ကျွန်တော် လမ်းလျှောက် ထွက်လေ့ ရှိပါတယ်၊ တိုက်ကလေးက လူ မနေတာ တော်တော် ကြာပြီ ခင်ဗျ၊ ကျွန်တော် သိသလောက်ကိုပဲ ပိတ်ထားတာ ရှစ်လလောက် ရှိနေပြီ၊ တိုက်ကလေးက နှစ်ထပ် တိုက်ကလေး၊ သပ်သပ်ရပ်ရပ် နှင့်၊ ရှေ့က ဆင်ဝင်ကလေးနှင့်၊ ဆင်ဝင်မှာ ပျားရည်စုပ် ပန်းနွယ်တွေက နွယ် တက်လို့၊ အဲဒီနား ရောက်တိုင်း ကျွန်တော် မကြာခဏ ရပ်ကြည့်ပြီး အင်း နည်းနည်းပါးပါး ပြင်ဆင် နေလိုက်ရင် တော်တော် နေလို့ ကောင်းမယ့် နေရာ ကလေးလို့ စိတ်ကူးကြည့်မိတယ် ခင်ဗျ။

လွန်ခဲ့တဲ့ တနင်္လာနေ့ ညနေကတော့ ကျွန်တော်လည်း ပျင်းပျင်း ရှိတာ နှင့် အဲဒီဘက်ကို လမ်းလျှောက် ထွက်လာခဲ့တယ်၊ လမ်းကြားထဲကို ရောက်တော့ လှည်း အလွတ် တစ်စီး ထွက်လာတာ တွေ့ရတယ်၊ တိုက်ရှေ့ ဆင်ဝင်အောက်ကို လှမ်းကြည့်လိုက်တော့လည်း ကော်ဇောတွေ၊ ပစ္စည်းတွေ ပုံထားတာကို မြင်ရ တယ်၊ တိုက်ကလေးကို လူငှားတွေ ရောက်လာပြီ ဆိုတာ သေချာပြီပေါ့ ခင်ဗျာ၊ ကျွန်တော်လည်း အိမ်ရှေ့ကို ကျော်လာပြီး ပျင်းပျင်းနှင့် ရပ်ကြည့်နေမိတယ် ခင်ဗျ၊ ကိုယ့်အိမ်နီးနားချင်း အဖြစ် ပြောင်းလာတဲ့ လူတွေဟာ ဘယ်လို လူမျိုး တွေများ ဖြစ်မလဲ ဘာလဲပေါ့ ခင်ဗျာ၊ ဒီလို ကျွန်တော် ရပ် ကြည့် နေ တုန်း အပေါ်ထပ် ပြတင်းပေါက်ဝမှာ ကျွန်တော့်ကို ကြည့်နေတဲ့ မျက်နှာကြီး တစ်ခု ကို မြင်လိုက်ရတယ် ခင်ဗျ။



mgyoe.com

mgyoe.com SAMPLE BOOK

'ဒီမျက်နှာကြီးက ဘယ်လို မျက်နှာလဲလို့တော့ မပြောတတ်ဘူး ခင်ဗျ၊ ကျွန်တော့်မှာဖြင့် ဒီမျက်နှာကြီးကို မြင်လိုက်တာနှင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထသွားတာပဲ၊ ကျွန်တော် ရပ်နေတဲ့ နေရာက နည်းနည်း ဝေးတော့ ရုပ်ကိုတော့ သေသေချာချာ မမြင်ရဘူး ခင်ဗျ၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီမျက်နှာကြီးကို မြင်လိုက်ရတာက ကျွန်တော့် အဖို့တော့ လူ့ရဲ့ မျက်နှာ မဟုတ်သလိုပဲ ထင်မိတယ် ခင်ဗျ၊ အဲဒါ ကျွန်တော့် စိတ်ထဲမှာ အလိုလို ပေါ်လာတဲ့ ထင်မြင်ချက်ပဲ၊ ဒါနှင့် ကျွန်တော်လည်း မျက်နှာကို သေသေချာချာ သဲသဲကွဲကွဲ မြင်ရအောင် ဆိုပြီး ရှေ့နားကို တိုးလာခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော်လည်း ခြံစည်းရိုးနား တိုးလာရော အဲဒီ မျက်နှာကြီးဟာ နောက် အမှောင်ထဲက ဆွဲယူလိုက်သလို ဖြုန်းဆို ပျောက်သွားတယ် ခင်ဗျ၊ ကျွန်တော်လည်း အဲဒီနားမှာ ငူတူတူ ဖြစ်ကျန်ရစ်တာပေါ့ ခင်ဗျာ၊ ဒီမျက်နှာဟာ မိန်းမရဲ့ မျက်နှာလား ယောက်ျားရဲ့ မျက်နှာလား ဆိုတာလည်း ကျွန်တော် ဝေခွဲလို့ မရဘဲ ဖြစ်နေတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာ အစွဲဆုံးကတော့ အဲဒီ မျက်နှာရဲ့ အသွေးအရောင်ပဲ ခင်ဗျ၊ မျက်နှာကြီးက လူသေရဲ့ မျက်နှာကြီးလို ဝါထိန်လို့ ခင်ဗျ၊ ဘယ်လိုကြီးလို့ကို မပြောတတ်အောင်ပါပဲ ခင်ဗျာ၊ ဒီမျက်နှာကြီးကို မြင်ပြီး ကျွန်တော့် စိတ်မှာ အလိုလို ချောက်ချားနေတယ်၊ ဒါနှင့် ဒီအိမ်မှာ ဘယ်လို လူသစ်တွေများ ရောက်လာသလဲ ဆိုတာ သိချင်လာတာနှင့် အိမ်ထဲ ဝင်ပြီး တံခါးကို ခေါက်လိုက်တယ် ခင်ဗျ၊ ချက်ချင်း တံခါး ပွင့်လာပြီး အရပ် ရှည် ရှည် ပိန် ပိန် မိန်းမကြီး တစ်ယောက် ရပ်နေတယ်၊ မျက်နှာပေါက်ကြီးက ဆိုးပါဘိသနှင့်။



၄၇

'ဘာကိစ္စလဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'"ဘာကိစ္စလဲ" လို့ အသံ ဝဲဝဲနှင့် မေးတယ် ခင်ဗျ။

'"ကျွန်တော်က မျက်နှာချင်းဆိုင် အိမ်ကပါ၊ အဒေါ်တို့က ခုမှ ပြောင်းလာတဲ့ လူသစ်တွေ ဆိုတော့ အကူအညီတို့ ဘာတို့များ လိုရင်"

'"အေး လိုရင် ပြောမယ်" ဆိုပြီး တံခါးကို ဂျိမ်းခနဲ ပိတ်ပစ်လိုက်တယ် ခင်ဗျ၊ ကျွန်တော်လည်း မိန်းမကြီးနှယ် ရိုင်းလှချည်ကလားလို့ စိတ်ထဲမှာ ကသိကအောက် ဖြစ်ပြီး ပြန်လာခဲ့တယ်၊ အဲဒီနေ့ ညနေ တစ်ညနေလုံး ကျွန်တော့် စိတ်ထဲမှာ ပြတင်းပေါက်က မြင်ခဲ့ရတဲ့ မျက်နှာကြီးနှင့် မိန်းမကြီးရဲ့ ရိုင်းပျတဲ့ အပြုအမူကိုပဲ မြင်ယောင်နေတယ် ခင်ဗျ၊ တခြားကို စိတ်ရောက်အောင် ဘယ်လိုပဲ လုပ်လုပ် စိတ်ထဲမှာ အဲဒီ အိမ်သစ်က လူသစ်တွေ အကြောင်းကိုပဲ တွေးနေမိတယ်၊ ပြတင်းပေါက်မှာ မြင်ခဲ့ရတဲ့ မျက်နှာကြီး အကြောင်းကိုတော့ ကျွန်တော့် မိန်းမကို ပြန်မပြောတော့ပါဘူး၊ ကျွန်တော့် မိန်းမက စိတ်ငယ်တတ်သူ ဖြစ်လေတော့ ဒီအနိဋ္ဌာရုံကြီး အကြောင်းကို ပြောလည်း မပြောချင် ပါဘူး၊ ဒါပေမဲ့ အိပ်ရာ ဝင်ခါနီးကျတော့ နှစ်ထပ်တိုက်မှာ လူသစ်တွေ ရောက်လာတဲ့ အကြောင်းကိုတော့ ပြောလိုက်ပါတယ်၊ ကျွန်တော့် မိန်းမကတော့ ဘာမှ ပြန် မပြောပါဘူး။

'အမှန်ကတော့ ကျွန်တော်က တော်တော် အအိပ်ကြီးတဲ့ လူပါ၊ အိပ်မိရင် ဆင်အော်လို့တောင် မနိုးဘူးလို့ အိမ်သားတွေက နောက်ပြောင် ပြောလေ့ရှိကြပါတယ်၊ ဒါပေမဲ့ အဲဒီ ညကတော့ အနိဋ္ဌာရုံကြီးကို မြင်ခဲ့မိလို့လား ဘာလားတော့ မပြောတတ်ဘူး ခင်ဗျ၊ ကောင်းကောင်းကို အိပ်လို့ မပျော်ဘူး၊ အိပ်မက်လိုလို ဘာလိုလိုနှင့် သိမေ့ သိမေ့ ဖြစ်နေတယ်၊ အခန်းထဲမှာ တစ်ခုခု ဖြစ်နေသလိုလို ဘာလိုလို သိနေတယ်၊ ဒါနှင့် သတိထားပြီး ကြည့်လိုက်တဲ့ အခါကျတော့ ကျွန်တော့် မိန်းမဟာ အဝတ်အစား လဲပြီး အပေါ်က ဝတ်ရုံ တစ်ထည်ကို ထပ်ခြုံလို့ ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း အိပ်ချင်မူးတူးနှင့် အချိန်မတော်ကြီး ဘယ်သွားမလို့လဲ ဘာလဲလို့ မေးမယ် လုပ်မလို့ ပါးစပ်ကို အဟလိုက်မှာ ကျွန်တော့် မျက်စိဟာ သူ့ မျက်နှာကို လှမ်းကြည့်လိုက်မိတယ် ခင်ဗျ၊ သူ့ မျက်နှာကို ဖယောင်းတိုင် မီးရောင်ထဲမှာ ကောင်းကောင်း မြင်နေရတယ်၊ မျက်နှာကို ကြည့်ရင်း ကျွန်တော်လည်း နှုတ်ဆွံ့နေမိတယ်၊ သူ့ မျက်နှာပေါ်က ဒီလို အမူအရာမျိုးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး ခင်ဗျာ၊ မမြင်ဖူးတဲ့ပြင် ကျွန်တော့် မိန်းမ မျက်နှာဟာ ဒီလို အမူအရာမျိုးကို ဆောင်နိုင်မယ်လို့ တစ်ခါမှ မထင်ခဲ့မိဘူး ခင်ဗျ၊ သူ့ မျက်နှာဟာ လူသေ မျက်နှာလို ဖြူဖပ်



mgyoe.com

mgyoe.com SAMPLE BOOK

ဖြူရော် ဖြစ်နေတယ်၊ အသက်ရှူ ပြင်းပြင်းနှင့် ကျွန်တော့် ခုတင်ဘက်ကို လှမ်းကြည့်နေတယ်၊ ကျွန်တော်များ နိုးလာမလား ဆိုပြီး စိုးရိမ်နေတဲ့ ပုံပဲ ခင်ဗျ၊ ကျွန်တော် အိပ်နေတယ်လို့ ထင်ပြီး အခန်းထဲက အသာ ထွက်တယ်၊ ပြီးတော့ အိမ်ရှေ့ခန်း တံခါးကြီးကို ကျီခနဲ ပိတ်လိုက်တဲ့ အသံ ပေါ်လာတယ်၊ ကျွန်တော်လည်း အိပ်ရာပေါ် ထထိုင်ပြီး ကျွန်တော် နိုးနေတာမှ ဟုတ်ရဲ့လား ဆိုပြီး သေချာအောင် ကျွန်တော့် လက်ကောက်ဝတ်ကို ခုတင် တိုင်နှင့် ရိုက်ကြည့်တယ်၊ ပြီးတော့ ခေါင်းအုံး အောက်မှာ ထားတဲ့ နာရီကို ယူကြည့်လိုက်တယ် ခင်ဗျ၊ နာရီကို ကြည့်လိုက်တော့ မနက် သုံးနာရီ ထိုးနေပြီ၊ ကျွန်တော့် မိန်းမဟာ အချိန်မတော်ကြီးမှာ ဘာဖြစ်လို့ အပြင်ကို ထွက်သွားရသလဲ။

'ကျွန်တော်ဟာ ခုတင်ပေါ်မှာ ထိုင်ပြီး မိနစ် နှစ်ဆယ်လောက် ကြာအောင် စဉ်းစားနေမိတယ်၊ စဉ်းစားလေလေ အကြောင်း ရှာမတွေ့လေလေပါပဲ ခင်ဗျာ၊ ကျွန်တော် ဒီလို ထိုင်စဉ်းစားနေတုန်းမှာပဲ တံခါး အသာ ပွင့်လာသံကို ကြားရပြီး လှေကားက တက်လာတဲ့ ခြေသံကို ကြားရတယ် ခင်ဗျ။

'အခန်းထဲ ဝင်လာတော့ အယ်ဖီ ဘယ်သွားတာလဲလို့ ကျွန်တော်က မေးတယ်။

'ကျွန်တော့် မိန်းမဟာ လန့်သွားပြီး အသံ ထွက်အောင် အော်လိုက်တယ်၊ သူ့ အော်သံနှင့် လန့်သွားတဲ့ အမူအရာကို မြင်လိုက်တော့ ကျွန်တော် ပိုပြီး မသင်္ကာ ဖြစ်လာတယ် ခင်ဗျ၊ သူ့မှာ အပြစ် တစ်ခုခု ရှိလို့ နေမှာပဲလို့သာ ကျွန်တော် တွေးလိုက်မိတယ်၊ ကျွန်တော့် မိန်းမဟာ အမြဲတမ်း ပွင့်ပွင့်လင်းလင်း ပြောတတ် ဆိုတတ်တဲ့ မိန်းမ၊ ခုလို ကိုယ့် ယောကျ်ားက မေးလိုက်တော့ ဘာမှ မပြောဘဲ ကြောက်လန့်တကြားနှင့် သူ့ အိပ်ခန်းထဲ ဝင်သွားတာကို မြင်လိုက်တဲ့ အခါကျတော့ ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုနေမှန်း မသိဘူး ခင်ဗျ။

' "ဟင် နိုးနေသလား" ဆိုပြီး ခြောက်ကပ်ကပ်နှင့် ရယ် တယ် ဗျ၊ "အယ်ဖီက ရှင် နိုးမှာ မဟုတ်ဘူးလို့ ထင်နေတာ" တဲ့။

' "ခု ဘယ်က လာတာလဲ" လို့ ကျွန်တော်က လေသံ ခပ်ပြတ်ပြတ်နှင့် မေးလိုက်တယ်။

' "ရှင် တအံ့တသြ ဖြစ်နေမယ် ဆိုတာ သိပါတယ်" လို့ ပြောရင်း သူ့ ဝတ်ရုံ အင်္ကျီ ခါးစည်းကြိုးကို ဖြုတ်နေတယ် ခင်ဗျ၊ ခါးစည်းကြိုးကို ကိုင်ထားတဲ့ သူ့ လက်တွေဟာ တုန်နေတယ် ဆိုတာကို ကျွန်တော် သတိပြုလိုက်မိတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

''ဟုတ်တယ်၊ အယ်ဖီ စိတ်ထဲမှာလည်း ဒီလို တစ်ခါမှ မဖြစ်ဖူးဘူး၊ ဘယ်လို ဖြစ်မှန်း မသိဘူး၊ အခန်းထဲမှာ အိုက်နေရင်း အသက်ရှူကျပ်သလို ဖြစ်လာလို့ အပြင် လေကောင်းလေသန့်ကို ရှူချင်လာတယ်၊ အပြင် မထွက်လိုက်ရရင် လူကို မေ့မြောသွားလိမ့်မယ်လို့တောင် ထင်လိုက်ရတယ်၊ ဒါနှင့် တံခါးဝနား သွားရပ်နေတာ၊ ခုတော့ ကောင်းသွားပါပြီ၊ ဘာမှ မဖြစ်တော့ပါဘူး'' တဲ့။

'စကားသာ ပြောနေပေမဲ့ မျက်နှာက ကျွန်တော့်ဘက်ကို တစ်ခါမှ မလှည့်တော့ဘူး ခင်ဗျ၊ အသံကလည်း မှုမမှန်ဘူး၊ သူ ကျွန်တော့်ကို လီဆယ် ပြောနေတယ် ဆိုတာ ထင်ရှားတယ် ခင်ဗျ၊ ကျွန်တော်က ဘာမှတော့ ပြန်မပြော ပါဘူး၊ ဒါပေမဲ့ မျက်နှာကို တစ်ဖက်ကို လှည့်ပစ်လိုက်တယ်၊ စက်လည်း စက် ဆုပ်တယ်၊ ရင်ထဲမှာလည်း အဆိပ်လို ပြင်းတဲ့ သံသယတွေ ပေါ်လာတယ်၊ ကျွန် တော့် မိန်းမဟာ ကျွန်တော့်ကို အသိ မပေးဘဲ ဘာဖြစ်လို့ ထွက်သွားရသလဲ၊ ဘယ်ကို သွားတာလဲ စတဲ့ မေးခွန်းတွေကို ကိုယ့်ဘာသာကိုယ် မေးနေမိတယ်၊ ဒါတွေကို မသိရမချင်း ကျွန်တော် စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ ဒါပေမဲ့ သူ ကျွန် တော့်ကို လီဆယ် ပြောထားလေတော့ ကျွန်တော် နောက်ထပ်လည်း မမေးချင် တော့ဘူး၊ လူးလိုက် လှိမ့်လိုက်နှင့် အချိန် ကုန်တာပါပဲ၊ ကျွန်တော့် မိန်းမဟာ ဘယ်ကို သွားတာလဲ ဘာကိစ္စလဲနှင့် တွေးရင်း မိုးလင်းတော့တာပါပဲ။

'အဲဒီနေ့က ကျွန်တော် မြို့ထဲကို သွားစရာ ကိစ္စ ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာတော့ အလုပ် ကိစ္စကို စိတ်မဝင်စားနိုင်ဘူး၊ ဒီအကြောင်း ကိုပဲ တွေးနေမိတယ်၊ ကျွန်တော့်တွင်လား ဆိုတော့ မဟုတ်ဘူး ခင်ဗျ၊ သူလည်းပဲ ဒီအတိုင်းပဲ၊ ကြည့်ရတာ စိတ် တော်တော် လှုပ်ရှားနေပုံပဲ၊ ကျွန်တော့်ကို အကဲ ခတ်တဲ့ မျက်လုံးနှင့် မကြာ မကြာ လှမ်းကြည့်နေတာကို ထောက်ရင် သူ့စကား ကို ကျွန်တော် မယုံဘူး ဆိုတာ သူကိုယ်တိုင်လည်း သိပုံ ရတယ်၊ သူ့ စိတ်ထဲမှာ တော်တော် အကြံရ ခက်နေပုံပဲ၊ မနက် ထမင်းစားပွဲမှာ အတူတော့ ထိုင်ကြ ပါရဲ့၊ တစ်ယောက်နှင့် တစ်ယောက် စကား မပြောဖြစ်ကြဘူး၊ ခဏနေတော့ စိတ်ပြေလက်ပျောက် ဆိုပြီး ကျွန်တော်လည်း လမ်းလျှောက် ထွက်ခဲ့ပါတယ်။

'ကျွန်တော်လည်း ခရစ်စတယ် ပဲလေ့နား အထိ လမ်းလျှောက်ပြီး နော် ဗာရီကို နာရီပြန် တစ်ချက်လောက်မှ ပြန်လာခဲ့တယ်၊ ကျွန်တော့်အိမ် ပြန်တော့ ခုနက လူသစ်တွေ ပြောင်းလာတဲ့ နှစ်ထပ်တိုက်နားက ဖြတ်ရမှာကိုး ခင်ဗျ၊ ဒါနှင့် အဲဒီ အိမ်ရှေ့ ရောက်တော့ ပြတင်းပေါက်ကို အလိုလို လှမ်းကြည့်လိုက် မိတယ်၊ တမြန်နေ့တုန်းက မြင်လိုက်ရတဲ့ မျက်နှာကြီးကိုများ မြင်ရမလားလို့



mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့လေ၊ အဲဒီလို နေတုန်းမှာ တံခါး ပွင့်လာပြီး မိန်းမ တစ်ယောက် ထွက်လာတယ်၊ ထွက်လာသူက တခြား မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့် မိန်းမ၊ ကျွန်တော် ဘယ်လောက် တအံ့တသြ ဖြစ်တယ် ဆိုတာ စုံထောက်ကြီးပဲ စဉ်းစားကြည့်ပါတော့ ခင်ဗျာ။

'သူ့ကိုလည်း မြင်လိုက်ရော ကျွန်တော်လည်း ဘာလုပ်လို့ ဘာပြောရမှန်း မသိဘူး၊ ကြက်သေ သေနေမိတယ်၊ ကျွန်တော်တို့ နှစ်ယောက် မျက်လုံးချင်း ဆုံလိုက်မိကြတယ် ခင်ဗျ၊ သူ့ မျက်နှာပေါ်မှာ ပေါ်နေတဲ့ အမူအရာနှင့် စာလိုက်တော့ ကျွန်တော့် ရင်ထဲမှာ ဖြစ်နေတဲ့ ခံစားချက်ဟာ ဘာမှ မပြောလောက်ဘူး ခင်ဗျာ၊ ကျွန်တော့်ကို မြင်လိုက်တော့ အိမ်ထဲကို ပြန်ဝင်မယ်လို့ လုပ်သေးတယ်၊ နောက်တော့ ကွယ်ဝှက်နေလို့လည်း မထူးပါဘူးလို့ သဘောပေါက်သွားလို့လား မသိဘူး၊ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် ကျွန်တော့်ဆီကို လျှောက်လာတယ်၊ မျက်လုံးကလည်း ပြူးလို့၊ ကြိုးစားပြီး ပြုံးထားပေမဲ့ ကြည့်လိုက်တာနှင့် ဘယ်လောက် စိတ်လှုပ်ရှားနေသလဲ ဆိုတာ အလွယ်တကူ သိနိုင်ပါတယ် ခင်ဗျာ။

' "ဟင် ဂျက်၊ အိမ်နားနီးချင်းတွေ ဘာများ အကူအညီ လိုသလဲလို့ လာကြည့်တာ၊ အယ်ဖီကို ဘာဖြစ်လို့ ဒီလိုကြီး ကြည့်နေရတာလဲ၊ စိတ်ဆိုးသလား ဟင်"

' "သြော်၊ လက်စသတ်တော့ မနေ့ညကလည်း ဒီကို ထွက်သွားတာပေါ့၊ ဟုတ်လား"

' "ရှင် ဘာတွေ ပြောနေတာလဲ၊ မဟုတ်တာ"

' "ဟုတ်ပါတယ်၊ မနေ့ညတုန်းက မင်း ဒီကို လာတာပါ၊ အချိန်မတော်ကြီး ညကြီးသန်းခေါင် သွားလည်ရအောင် ဒီအိမ်က လူတွေက ဘယ်လို လူတွေလဲ၊ ဘယ်က လူတွေလဲ ပြောစမ်း"

' "မဟုတ်ပါဘူး၊ အယ်ဖီ ဒီကို လာတာ မဟုတ်ပါဘူး၊ ဒီကို ရောက်တာ ဒီတစ်ခေါက်ပဲ ရှိပါသေးတယ်"

' "မဟုတ်မှန်း သိလျက်နှင့် မင်း ဘာဖြစ်လို့ လိမ်ပြောချင်ရတာလဲ၊ မင်း အသံက မှုမမှန်ဘူး၊ မင်းကို ငါ ဘာမှ လျှို့ဝှက်ထားတာ မရှိခဲ့ဘူး၊ ငါ့ကို ဒီလို မလိမ့်တပတ်တော့ လုပ်လို့ မရဘူး၊ အိမ်ထဲကို ဝင်ပြီး ငါ မေးမယ်၊ ဒီကိစ္စ ရှင်းမှ ဖြစ်မယ်" လို့ ကျွန်တော်က အော်တယ် ခင်ဗျ။

'ဒီတော့ ကျွန်တော့် မိန်းမဟာ ဣန္ဒြေမဆည်နိုင်တော့ဘဲ အလန့်တကြားနှင့် "မလုပ်ပါနှင့်ရှင် ရှိကြီးခိုးပါရဲ့၊ မလုပ်ပါနှင့်" လို့ ပျာပျာသလဲ တောင်းပန်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်၊ ကျွန်တော်က အိမ်ထဲကို ဝင်မယ် လုပ်တော့ ကျွန်တော့် လက်ကို အတင်း ဆွဲထားပြီး ''ဂျက်ရယ်၊ အယ်ဖီ တောင်းပန်ပါရစေ၊ မလုပ်ပါနှင့်၊ တစ်နေ့မှာ ရှင့်ကို အားလုံး ပြောပြပါ့မယ်၊ ဘုရားစူးရပါစေရဲ့၊ ဒီအိမ်ထဲကိုတော့ မဝင်ပါနှင့်၊ ဝင်ရင် ရှင် ဒုက္ခတွေ့မှာ စိုးလို့ပါ၊ မဝင်ပါနှင့်''

'ကျွန်တော်က သူ့ကို အော်ငေါက်ပြီး အိမ်ထဲကို အတင်း ဝင်လာခဲ့တယ် ခင်ဗျ၊ သူကလည်း ကျွန်တော့် လက်ကို မလွှတ်ဘူး၊ အတင်း တွယ်ကပ် လိုက်လာပြီး မဝင်ဖို့ တောင်းပန်တယ်။

' ''ဂျက်ရယ်၊ အယ်ဖီ တောင်းပန်ပါတယ်၊ ရှိကြီးခိုးပါရဲ့၊ ဒီတစ်ကြိမ်တော့ အယ်ဖီ့ စကားကို နားထောင်စမ်းပါ၊ နောင်မှ နောင်တ ရတာမျိုး မဖြစ်ရအောင် အယ်ဖီ တောင်းပန်နေတာပါ၊ အယ်ဖီတို့ ဘဝတစ်ခုလုံးဟာ ကိုးရိုးကားရား ဖြစ်သွားမှာ စိုးလို့ အယ်ဖီ ဒီလောက် တောင်းပန်နေတာပါ၊ ဒီအိမ်ထဲကို မဝင်ဘဲ အယ်ဖီနှင့် အတူတူ လိုက်လာခဲ့ရင် ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး၊ လိုက်ခဲ့ပါ၊ အယ်ဖီ့ စကားကို နားမထောင်ဘဲ အိမ်ထဲကို အတင်း ဝင်မယ်ဆိုရင်တော့ ကိုယ်ကျိုးကြီး နည်းပါလိမ့်မယ်၊ မဝင်ပါနှင့်''

'သူ့ အသံမှာ တောင်းပန် တိုးလျှိုးတဲ့ အသံ၊ စိတ်ပျက်အားငယ်တဲ့ အသံ၊ ယူကျုံးမရ ဖြစ်




'ဂျက်ရယ်၊ အယ်ဖီ တောင်းပန်ပါတယ်၊ မဝင်ပါနှင့်'



mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ အသံတွေ ပါနေတယ် ခင်ဗျ၊ သူ့ အသံထဲမှာသာ မဟုတ်ဘူး၊ အမူအရာတွေနှင့် စကားလုံးတွေထဲမှာလည်း ပါနေတယ်၊ ဒါနှင့် ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘဲ အပေါက်ဝမှာ ခြေ့ုံ ချတဲ့ ဖြစ်နေတယ် ခင်ဗျ။

' ''ကောင်းပြီ၊ ဒီလိုဆိုရင် မင်း ငါ့ကို ကတိ တစ်ခုပေး၊ ငါ့ကို ဖွင့်မပြောနိုင်ဘူး ဆိုရင်နေ၊ ဒါပေမဲ့ ညမှာ မထွက်ရဘူး၊ နောက်ပြီးတော့ ငါ မသိဘဲ ဘာမှ မလုပ်ရဘူး၊ ဒီကိစ္စမျိုး နောက်ထပ် မဖြစ်တော့ဘူး ဆိုရင် တော်ပြီ၊ ငါ့ကို မပြောချင်နေ'' လို့ ကျွန်တော်က ပြောတယ် ခင်ဗျ။

'ဒီတော့ သူက သက်ပြင်းချပြီး ''အယ်ဖီကို ရှင် ယုံမှာပါ၊ ရှင် ပြောတဲ့ အတိုင်း အယ်ဖီ နောက်ကို မသွားတော့ပါဘူး၊ ရှင့် စိတ်တိုင်းကျ ဖြစ်ရပါစေမယ်၊ ကဲ လာ သွားကြစို့၊ အိမ်ကို ပြန်ကြရအောင်ပါ'' လို့ ကျွန်တော့် လက်ကို ဆွဲပြီး ခေါ်လာတယ် ခင်ဗျ၊ ကျွန်တော်တို့ လင်မယား နှစ်ယောက် အိမ်ဘက်ကို ပြန်လာလို့ လှမ်းကြည့်လိုက်တဲ့ အခါကျတော့ ဝါထိန်နေတဲ့ လူသေရဲ့ မျက်နှာကြီးဟာ အပေါ်ထပ် ပြတင်းပေါက်ကနေပြီး ကျွန်တော်တို့ကို လှမ်းကြည့်နေတယ် ခင်ဗျ၊ ဒီသတ္တဝါကြီးနှင့် ငါ့ မိန်းမ ကြားမှာ ဘာတွေများ ဖြစ်ခဲ့ကြသလဲ၊ ဘယ်လိုများ ပတ်သက်လို့လဲလို့ ကျွန်တော့် စိတ်ထဲမှာ တအုံ့နွေးနွေး ဖြစ်နေတယ်၊ ဒါမှမဟုတ်ရင်လည်း မနေ့တုန်းက ကျွန်တော့်ကို ရိုင်းရိုင်းပိုင်းစိုင်း ဆက်ဆံလိုက်တဲ့ မျက်နှာပေါက် ဆိုးဆိုး မိန်းမကြီးနှင့် ကျွန်တော့် မိန်းမဟာ ဘယ်လိုများ သက်ဆိုင်နေကြသလဲ၊ ကျွန်တော့် အဖို့တော့ ပဟေဠိကြီး ဖြစ်နေတာပေါ့ ခင်ဗျာ၊ ဒီပြဿနာကြီးကို မသိရမချင်း ကျွန်တော့် ရင်ထဲမှာတော့ ရှင်းတော့မှာ မဟုတ်ဘူး ခင်ဗျ။

'နောက် နှစ်ရက်လုံးလုံး ကျွန်တော်လည်း ဘယ်ကိုမှ မထွက်ဘူး၊ ကျွန်တော့် မိန်းမကလည်း ကတိ အတိုင်း ဘယ်ကိုမှ မသွားဘူး၊ ကျွန်တော် သိသလောက် ဆိုရင် အဲဒီ နှစ်ရက် လုံးလုံး အိမ်ပြင်ကိုတောင် မထွက်ပါဘူး၊ ဒါပေမဲ့ တတိယနေ့ ရောက်တဲ့ အခါကျတော့ သူ့ကတိကို ချိုးဖောက်တဲ့ အရိပ်အယောင်ကို တွေ့ရတယ် ခင်ဗျ။

'အဲဒီနေ့ကျတော့ ကျွန်တော်ကလည်း ကိစ္စ ရှိတာနှင့် မြို့ထဲကို ထွက်လာ ခဲ့တယ်၊ ခါတိုင်းကတော့ ကျွန်တော်က ၃ နာရီ ၃၆ မိနစ် ရထားနှင့် ပြန်နေကျ၊ အဲဒီနေ့ကတော့ ကျွန်တော် ၂ နာရီ ၄၀ ရထားနှင့် ပြန်လာတယ်၊ အိမ်ကို ကျွန်တော် ရောက်တော့ ကျွန်တော့် အိမ်မှာ နေတဲ့ အိမ်ဖော် အမျိုးသမီးဟာ ကြောက်ကြောက်လန့်လန့်နှင့် နောက်ဖေးဘက်ကို ဝင်ပြေးတယ်၊ ကျွန်တော်က



mgyoe.com

mgyoe.com SAMPLE BOOK

မင်းတို့ အစ်မ ဘယ်သွားသလဲလို့ မေးတော့ အပြင်ဘက်ကို လမ်းလျှောက် ထွက်သွားတယ် ထင်တယ်တဲ့။

'ကျွန်တော့် စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်လာတယ်၊ ဒါနှင့် ကျွန်တော် အိမ်ပေါ်ထပ် တက်ပြီး လိုက်ရှာတယ်၊ ရှာရင်း အပေါ်ထပ် ပြတင်းပေါက်က နေပြီး အပြင်ကို လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ အိမ်ဖော် အမျိုးသမီးဟာ ကွင်းပြင်ကို ဖြတ်ပြီး လူသစ်တွေ ရောက်တဲ့ နှစ်ထပ်တိုက်ဘက်ဆီကို ပြေးနေ တာ မြင်လိုက်ရတယ်၊ ဒီလောက်ဆိုရင် ကျွန်တော် နားလည်ပြီလေ၊ ကျွန်တော့် မိန်းမက ဟိုအိမ်ကို သွားတော့ ကျွန်တော် ပြန်လာရင် လိုက်ခေါ်ဖို့ မှာပစ်ခဲ့လို့ပဲ ဖြစ်ရမှာပေါ့၊ ကျွန်တော်လည်း ရင်ထဲမှာ ဗလောင်ဆူပြီး အိမ်ပေါ်က ဆင်းလိုက် လာခဲ့တယ်၊ ဒီကိစ္စကိုတော့ အပြတ်ရှင်းမှ ဖြစ်တော့မယ်ပေါ့၊ လမ်းရောက်တော့ အိမ်ဘက်ကို ပြန်လာတဲ့ ကျွန်တော့် မိန်းမနှင့် အိမ်ဖော်ကို တွေ့ရတယ် ခင်ဗျ၊ ကျွန်တော်လည်း သူတို့ကို ဘာမှ မမေးဘူး၊ နှစ်ထပ်တိုက်ပေါ်မှာ ကျွန်တော့် ဘဝကို တစ်မျိုးတစ်ဖုံ ပျက်စီးအောင် လုပ်နေတဲ့ လူတစ်ယောက် ရှိရမယ်ပေါ့၊ ဘာကြီးပဲဖြစ်ဖြစ် ဒီကိစ္စကိုတော့ ရှင်းမှ ဖြစ်မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက် တယ်၊ အဲဒီ အိမ်ကို ရောက်တဲ့ အခါကျတော့ ကျွန်တော် တံခါးတောင် မခေါက် တော့ဘဲ တံခါးကို ဖွင့်ပြီး အိမ်ထဲကို ဝင်လာခဲ့တယ်။

'အောက်ထပ်မှာ တစ်အိမ်လုံး တိတ်လို့ ခင်ဗျ၊ မီးဖိုထဲမှာ ရေနွေးကရား က ပွက်ပွက်ဆူလို့၊ တောင်းတစ်လုံးထဲမှာ ကြောင်နက် တစ်ကောင်က ခွေလို့၊ ကျွန်တော့်ကို တံခါး လာဖွင့်ပေးတဲ့ မျက်နှာပေါက် ဆိုးဆိုး မိန်းမကြီးကိုလည်း မတွေ့ရဘူး ခင်ဗျ၊ ဒါနှင့် တခြား အခန်း တစ်ခန်းဘက်ကို ကူးလာခဲ့တယ်၊ အဲဒီ အခန်းထဲမှာလည်း တိတ်လို့၊ အပေါ်ထပ်ကို ကျွန်တော် ပြေးတက်လာခဲ့ တယ်၊ အပေါ်ထပ်မှာလည်း လူတစ်ယောက်မှ မရှိဘူး ခင်ဗျ၊ အခန်း နှစ်ခန်းကို ဝင်ကြည့်တယ်၊ အိမ်ထဲမှာ လူသူ ဆိုလို့ တစ်ယောက်မှ မတွေ့ရဘူး၊ အိမ်ထောင် ပရိဘောဂတွေ၊ အရုပ်ကားတွေကလည်း သာမန်ပါပဲ ခင်ဗျာ၊ အညံ့စားတွေချည်း ပါပဲ၊ အဲ မျက်နှာ ဝါဝါကြီးကို မြင်ရတဲ့ ပြတင်းပေါက် ရှိတဲ့ အခန်းကတော့ ဖြင့် တော်တော်ကလေး သားနားတယ် ခင်ဗျ၊ နာရီစင်ပေါ်မှာ တင်ထားတဲ့ ကျွန် တော့် မိန်းမရဲ့ ဓာတ်ပုံကို မြင်လိုက်တဲ့ အခါကျတော့ ဒေါသ ထွက်လိုက်တာ မပြောပါနှင့်တော့ ခင်ဗျာ၊ ဒီဓာတ်ပုံက လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်တော် အရိုက်ခိုင်းလို့ ရိုက်ထားတဲ့ ဓာတ်ပုံ။

'အိမ်ကြီးပေါ်မှာ လူသူ တွေ့ရမလားလို့ ကျွန်တော် တော်တော် ကြာ



mgyoe.com

mgyoe.com SAMPLE BOOK



'ဒါဖြင့် ငါ့ကို ပြောပြစမ်း'

အောင် လိုက်ရှာကြည့်တယ်၊ တစ်ယောက်မှ မတွေ့ရ တော့မှ ကျွန်တော်လည်း အိမ်ပေါ်က ပြန်ဆင်းလာ ခဲ့တယ်၊ ရင်ထဲမှာတော့ ခဲကြီး ဆွဲထားသလို လေး နေတာပေါ့ ခင်ဗျာ၊ အိမ် ပြန်ရောက်တော့ ကျွန်တော့် မိန်းမက ကျွန်တော့် နောက် က လိုက်လာတယ်၊ ဒါပေမဲ့ ကျွန်တော် သူနှင့် စကား လည်း မပြောချင်ဘူး၊ မျက်နှာချင်းလည်း မဆိုင်ချင်ဘူး၊ ဒါနှင့် သူ့ကို တွန်းဖယ်ပြီး ဧည့်ခန်းထဲ ဝင်လာခဲ့တယ်၊ ကျွန်တော် တံခါး မပိတ်ခင် သူက အတင်း ဝင်လိုက်လာတယ် ခင်ဗျ။

' "ဂျက်ရယ်၊ ကတိ မတည်တဲ့ အတွက် အယ်ဖီ တောင်းပန်ပါတယ်၊ ဒါပေမဲ့ အကျိုးအကြောင်းကို သိရင် ရှင် အယ်ဖီကို ခွင့်လွှတ်မှာပါ"

' "ဒါဖြင့် ငါ့ကို ပြောပြစမ်း"

' "အဲဒါကတော့ ပြောလို့ မဖြစ်လို့ပါ၊ မပြောပါရစေနှင့်"

' "တော်ပြီ၊ ဒီအိမ်မှာ ဘယ်သူတွေ နေသလဲ၊ မင်း ဓာတ်ပုံ အဲဒီကို ဘာကြောင့် ရောက်နေသလဲ ဆိုတာကို မပြောမချင်း မင်း ငါ့ကို စကား မပြောနှင့်" လို့ ပြောပြီး ကျွန်တော်လည်း အိမ်က ထွက်လာခဲ့တာပါပဲ ခင်ဗျာ၊ အဲဒါ မနေ့က ခင်ဗျ၊ ခုထိ သူနှင့် မတွေ့ရသေးဘူး၊ အဲဒီ အိမ်က လူ အကြောင်း လည်း ကျွန်တော် ဘာမှ မသိရသေးဘူး၊ ဒါဟာ ကျွန်တော်တို့ လင်မယား နှစ် ယောက် ကြားမှာ ပထမဆုံး ပြဿနာ ဖြစ်တာပါပဲ၊ ကျွန်တော်တော့ စိတ် ထိခိုက်တာနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိအောင် ဖြစ်နေပြီ ခင်ဗျ၊ ဒီနေ့ တော့ စုံထောက်ကြီးကို တိုင်ပင်ရင် ကောင်းမှာပဲ ဆိုပြီး စုံထောက်ကြီးဆီကို ထွက်လာခဲ့တာပါပဲ၊ ဒီတော့ ကျွန်တော့် ကိစ္စကို စုံထောက်ကြီးရဲ့ လက်ကို ခြွင်း ချက် မရှိ ပုံအပ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ပြောတာတွေထဲမှာ မရှင်းတာများ ပါရင် မေးနိုင်ပါတယ်၊ ကျွန်တော် ဘာလုပ်ရမလဲ ဆိုတာကိုသာ မြန်မြန်လေး



mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးဖြတ်ပေးပါ၊ ကျွန်တော် ရင်ထဲမှာ မခံနိုင်လွန်းလို့ပါ'

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် အလွန်အမင်း စိတ် တုန်လှုပ် ချောက်ချားနေသူ တစ်ဦး၏ ဟန်ဖြင့် ပြတ်တောင်း ပြတ်တောင်း ပြောဆိုလျက် ရှိသည့် ထိုလူ၏ ထူးဆန်းသော စကားများကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိကြလေ၏။ ရှားလော့ဟုမ်းမှာ မေးကို လက်ဖြင့် ထောက်ကာ အချိန် အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်ရင်း စဉ်းစားလျက် ရှိလေ၏။

'ပြတင်းပေါက်မှာ မြင်လိုက်ရတဲ့ မျက်နှာကြီးက ယောက်ျား မျက်နှာ ဆိုတာ သေချာရဲ့လား'

'ခပ်ဝေ့ဝေ့ ဝါးဝါးက မြင်ရတဲ့ အတွက် ဒါတော့ သိပ်မသေချာဘူး ခင်ဗျ'

'သို့သော်လည်း ဒီမျက်နှာကြီးကို မြင်လိုက်ရတဲ့ အတွက် ခင်ဗျားမှာ စိတ်မချမ်းမသာတော့ ဖြစ်တယ် ဆိုပါတော့'

'မျက်နှာကြီး အရောင်ကလည်း တစ်မျိုး ခင်ဗျ၊ ပြီးတော့ ရုပ်ကြီးကလည်း မျက်နှာမှာ ကြွက်သားတွေ အကြောစိုင်တွေ မပါတဲ့ အတိုင်းပဲ၊ ဝင်းနားကို ကျွန်တော် လျှောက်သွားတာနှင့် တစ်ပြိုင်နက် ဖြုတ်ဆို ပျောက်သွားတာချည်းပဲ'

'ခင်ဗျား ဇနီးက ခင်ဗျားဆီက ပေါင်တစ်ရာ တောင်းတာ ဘယ်လောက် ကြာပလဲ'

'နှစ်လ နီးပါး ရှိသွားပြီ ခင်ဗျ'

'သူ့ ပထမ အိမ်ထောင်သည်ရဲ့ ဓာတ်ပုံကိုကော ခင်ဗျား မြင်ဖူးသလား'

'မမြင်ဖူးဘူး ခင်ဗျ၊ သူ့ ပထမ ယောက်ျား ဆုံးပြီး မကြာခင်မှာပဲ အတ္တလန်တာမှာ မီးကြီး လောင်လို့ ပစ္စည်းတွေ အကုန် မီးထဲ ပါသွားပါတယ်'

'ခင်ဗျား မိန်းမမှာ သူ့ ယောက်ျားရဲ့ သေစာရင်း ရှိတယ်ဆို၊ ခင်ဗျား မြင်ဖူးတယ်ဆို'

'ဟုတ်ပါတယ်၊ မီးလောင်ပြီးတော့ ဆိုင်ရာက ကော်ပီသစ် ထုတ်ပေးပါတယ်'

'အမေရိကမှာတုန်းက သူ့ကို သိခဲ့တဲ့ လူတွေ ဘာတွေကို တွေ့ဖူးသလား'

'မတွေ့ဖူးပါဘူး ခင်ဗျာ'

'အမေရိကကို အလည်လေး ဘာလေး သွားဖို့ကော ခင်ဗျားကို မပြောမိဘူးလား'

'မပြောပါဘူး'

'အမေရိကက စာတို့ ဘာတို့ကော လာဖူးသလား'


mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်တော် သိသလောက် တစ်စောင်မှ မလာဖူးပါဘူး'

'ကျေးဇူးတင်တယ်၊ ခင်ဗျား ကိစ္စကို ကျုပ် စဉ်းစားကြည့်ဦးမယ်လေ၊ နှစ်ထပ်တိုက်က လူတွေ အပြီးအပိုင် ပြောင်းသွားပြီ ဆိုရင်တော့ ကျုပ်တို့မှာ အခက်အခဲ နည်းနည်း ရှိနိုင်တယ်ဗျ၊ သို့သော်လည်း ခင်ဗျား လာမှာကို ကြို သိလို့ အဲဒီနေ့က တမင် ရှောင်နေကြတာ ဆိုရင်တော့ ဒီနေ့လောက် ဆိုရင် ပြန် ရောက်လောက်ပါပြီ၊ ဒီလိုဆိုရင်တော့ ရှင်းရတာ သိပ် ခက်တော့မှာ မဟုတ်ပါ ဘူး၊ ဒီတော့ ခင်ဗျားကို အကြံ ပေးချင်တာက နော်ဖာရီကို ပြန်ပါ၊ ဟိုရောက် တော့ အဲဒီ ပြတင်းပေါက်ကို တစ်ခေါက်လောက် ကြည့်ပါဦး၊ အကယ်၍ တိုက် မှာ လူနေတာကို တွေ့ရင် အတင်း မပင်ပါနှင့်၊ ကျုပ်တို့ဆီကို ကြေးနန်း ရိုက် လိုက်ပါ၊ ကြေးနန်း ရပြီးရင် ကျုပ်တို့ တစ်နာရီ အတွင်း ရောက်အောင် လာခဲ့ မယ်၊ အဲဒီ အခါကျတော့ ပြဿနာကို ရှင်းကြတာပေါ့'

'လူသူ မရှိတော့ရင်ကော'

'ဒီလိုဆိုရင် မနက်ဖြန် ကျုပ်တို့ လာခဲ့မယ်လေ၊ ဟိုကျတော့ ကြည့်ရှင်း ကြတာပေါ့၊ ကဲ ဂွတ်ဘိုင်ဗျာ၊ အကြောင်း မရှိသေးသမျှ ဘာမှ စိုးရိမ် ကြောင့်ကြ မဖြစ်ပါနှင့်'

ကျွန်ုပ်တို့၏ အမှုသည် မစ္စတာ ဂရန့် မွန်ရိုးကို တံခါးဝ ရောက်အောင် လိုက်ပို့ပြီးနောက် ရှားလော့ဟုမ်းက 'ကြည့်ရတာ အခြေအနေတော့ သိပ် မကောင်းလှဘူးဗျို့၊ ခင်ဗျား ဘယ်လို သဘောရသလဲ' ဟု ကျွန်ုပ်ကို မေးလိုက် လေ၏။

'ကြားရတာကလည်း တယ် မသက်သာလှဘူးဗျ'

'ဟုတ်တယ်ဗျ၊ အကျပ်ကိုင်ပြီး ငွေညှစ်တဲ့ သဘော ပါနေတယ်၊ ဒါမှ မဟုတ်ဘူး ဆိုရင်တော့လည်း ကျုပ် အတွက် မှားသွားပြီဗျ'

'ဒါဖြင့် ငွေညှစ်တဲ့ လူက ဘယ်သူ ဖြစ်နိုင်သလဲ'

'အဲဒီ အိမ်မှာ ရှိတဲ့ တစ်ခုတည်းသော သားသားနားနား အခန်းထဲမှာ နေပြီး အမျိုးသမီးရဲ့ ပုံကို နာရီစင်ပေါ်မှာ တင်ထားတဲ့ သတ္တဝါပဲ ဖြစ်ရလိမ့် မယ်ဗျ၊ ကျုပ် အတပ် ပြောလိုက်မယ်ဗျာ၊ ပြတင်းပေါက်မှာ မြင်ရတယ် ဆိုတဲ့ မျက်နှာဝါဝါကြီးနှင့် ပတ်သက်လို့ တစ်ခုခု ထူးရမယ်၊ ဒီတော့ ဒီအမှုကို ကျုပ် လက်လွှတ်ခံလို့ မဖြစ်ဘူး'

'ထင်မြင်ချက်ကလေးများ ရှိရင် ကြားပါရစေဦး'

'ယာယီ ထင်မြင်ချက်တော့ ရှိပြီဗျ၊ မဟုတ်ကာမှ လွဲရော ဒီမိန်းမရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်ျားဟာ နှစ်ထပ်တိုက်ထဲမှာ ရောက်နေရမယ်ဗျ'

'ဘာကြောင့် ဒီလို ထင်သလဲဗျာ'

'အဲဒီ အိမ်ထဲကို သူ့ ဒုတိယ ယောက်ျား ဝင်မှာ ဘာကြောင့် ဒီလောက် စိုးရိမ်နေရသလဲ၊ ကျုပ် အဓိပ္ပာယ် ပြန်လို့ ရသလောက် ပြောရရင် ဒီ အဖြစ်အပျက်က ဒီလိုဗျ၊ ဒီမိန်းမဟာ အမေရိကမှာ လက်ထပ်ခဲ့တယ်၊ သူ့ ယောက်ျားက အကျင့် စာရိတ္တ မကောင်းဘူး၊ မိန်းမ ပွေတယ်၊ ဒီတော့ ဒီလူ ရောဂါ ရမယ်၊ ဒီရောဂါကြောင့် ဒီလူဟာ ကိုယ်ပျက်သွားရမယ်၊ သို့မဟုတ် တခြား ရောဂါကြီး တစ်ခုရင်လည်း စွဲကပ်နေရမယ်၊ ဒါနှင့် အမျိုးသမီးဟာ ဒီယောက်ျားကို စွန့်ပြီး အင်္ဂလန်ကို ထွက်ပြေးလာခဲ့တယ်၊ နာမည် အသစ် ပြောင်းပြီး ဘဝသစ် တစ်ခုကို စခဲ့တယ်၊ သူ နောက်အိမ်ထောင် ထူလို့ သုံးနှစ်လောက် ရှိသည့် အထိ ဘာမှ မဖြစ်တော့ သူ့ စိတ်ထဲမှာ အလျင် ယောက်ျားရဲ့ ရန်က အေးပြီလို့ သူ ထင်နေတယ်၊ ပြီးတော့ လူတစ်ယောက်ရဲ့ သေစာရင်းကို ယူပြီး သူ့ ယောက်ျား သေပြီလို့ နောက်အိမ်ထောင်ကို ပြောပြတယ်၊ ဒီတုန်းမှာ သူ ဘယ်ရောက်နေတယ် ဆိုတာကို သူ့ ယောက်ျားဟောင်းက သိသွားတယ်၊ သူ့ ယောက်ျားက မသိရင်လည်း အဲဒီ ရောဂါသည်ကြီးကို စောင့်ရှောက်နေတဲ့ မိန်းမကြီးက သိသွားတယ်၊ သူတို့က သူ့ဆီ စာရေးပြီး ငွေတောင်းတယ်၊ မပေးရင် သူတို့ ကိုယ်တိုင် လိုက်လာပြီး သူ့ အကြောင်းတွေကို ဖော်မယ်လို့ ခြိမ်းခြောက်တယ်၊ ဒါနှင့် သူ့ ယောက်ျားဆီက ပေါင်တစ်ရာ တောင်းပြီး ပေးတယ်၊ ဒါပေမဲ့ ဒီလောက်နှင့် မကျေနပ်တော့ လိုက်လာတယ်၊ သူတို့ အိမ်နားမှာ လူသစ်တွေ ရောက်တယ်လို့ သူ့ မိန်းမကို ပြောတဲ့ အခါကျတော့ သူ့ နောက်ကို လိုက်နေတဲ့ လူတွေ ရောက်နေပြီ ဆိုတာ မိန်းမက သိတယ်၊ ညကျတော့ မိန်းမက သူ့ ယောက်ျား အိပ်နေတုန်းမှာ တိတ်တဆိတ် သွားပြီး သူ့ကို လိုက်မနှောင့်ယှက်ဖို့ သွားပြောတယ်၊ ဒါပေမဲ့ မအောင်မြင်ဘူး၊ ဒါနှင့် နောက်တစ်နေ့ မနက်ကျတော့ တစ်ခေါက် သွားပြန်တယ်၊ အထွက်ကျတော့ သူ့ ယောက်ျားနှင့် ပက်ပင်းတိုးနေတယ်၊ ဒီတော့ မိန်းမက နောက်မသွားတော့ပါဘူးလို့ ကတိပေးတယ်၊ ဒါပေမဲ့ မိန်းမရဲ့ စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေတယ်၊ ဒါနှင့် နောက် နှစ်ရက်လောက် ကြာတော့ အဲဒီ မိန်းမဟာ နှစ်ထပ်တိုက်ကို တစ်ခေါက် သွားပြန်တယ်၊ ဟိုက အတင်းအကျပ် တောင်းလို့ သူ ရိုက်ထားတဲ့ ဓာတ်ပုံကိုလည်း ယူသွားရတယ်၊ သူတို့ နှစ်ယောက် စကား များနေကြတုန်းမှာ အိမ်ကလူ ပြန်လာလို့ အိမ်ဖော်မကလေးက နောက်က လိုက်ခေါ်တယ်၊ ဒီတော့ မိန်းမက သူ့ ယောက်ျား လိုက်လာမှာ စိုးတဲ့



mgyoe.com

mgyoe.com
SAMPLE BOOK
အတွက် အိမ်ထဲက ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့ပြီး အိမ်ကို ပြန်လာခဲ့တယ်၊ ကျုပ် ထင်ပါတယ်၊ အဲဒီနေ့ ညနေ တစ်ခေါက် သွားကြည့်လို့ ရှိရင် အိမ်မှာ လူတွေ ပြန်ရောက်နေတာကို တွေ့ရမှာပါ၊ ကျုပ် ထင်မြင်ချက်ကို ဘယ်လို သဘောရသလဲ'

'ဒါကတော့ တွေးလုံးပဲ ရှိသေးတယ်လေ'

'သို့သော်လည်း ကျုပ် တွေးလုံးထဲမှာ အချက်အလက်တွေ ပါနေတယ်နော်၊ အချက်အလက်သစ်တွေ ပေါ်လာတဲ့ အခါကျတော့လည်း တစ်မျိုး စဉ်းစားရမှာပေါ့ဗျာ၊ ကျုပ်တို့ မိတ်ဆွေဆီက နောက်ထပ် ဘာမှ သတင်း မထူးခင် ခုလောလောဆယ်မှာတော့ ကျုပ်တို့ ဘာမှ လုပ်လို့ မရသေးဘူးဗျ'

သို့ရာတွင် ကျွန်ုပ်တို့မှာ ကြာကြာ မစောင့်လိုက်ရချေ။ ကျွန်ုပ်တို့ လက်ဖက်ရည် သောက် အပြီးတွင် ကြေးနန်း ရောက်လာလေ၏။

'နှစ်ထပ်တိုက်တွင် လူရှိဆဲ၊ ပြတင်းပေါက်မှ မျက်နှာကို မြင်ရ၊ ခုနစ်နာရီတွင် ကြုံမည်၊ ဘာမှ မလုပ်သေး' ဟု ကြေးနန်းတွင် ပါရှိလေ၏။

မီးရထားပေါ်မှ ကျွန်ုပ်တို့ ဆင်းလာသည့် အခါ၌ ဂရန့် မွန်ရိုးသည် ကျွန်ုပ်တို့ကို စင်္ကြံတွင် ရပ်၍ ကြိုဆိုလျက် ရှိလေ၏။ မီးရထား ဘူတာရုံရှိ မှန်အိမ်များမှ အရောင်ထဲတွင် သူ့ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်ကာ ကတုန်ကယင် ဖြစ်လျက် ရှိသည်ကို တွေ့ရပေ၏။

ဂရန့် မွန်ရိုးသည် ရှားလော့ဟုမ်း၏ အင်္ကျီ လက်ဖျားကို လှမ်းဆွဲလိုက်ရင်း

'လူတွေကတော့ ခုထိ ရှိနေတုန်းပဲ မုံထောက်ကြီး၊ ဘူတာရုံ လာရင်း လှမ်းကြည့်ခဲ့တော့ မီးရောင်တွေ မြင်ခဲ့ရသေးတယ်၊ ကျွန်တော်တော့ အပြတ်ရှင်းပစ်လိုက်ချင်ပြီ ခင်ဗျာ'

'နို့ နေစမ်းပါဦး၊ ခင်ဗျားက ဘယ်လို စိတ်ကူးလို့တုံး'

သစ်ပင်တို့ တန်းစီ ပေါက်နေသည့် ခပ်မှောင်မှောင် လမ်းကြားကလေး အတိုင်း လျှောက်လာခဲ့စဉ် ရှားလော့ဟုမ်းက မေးလိုက်ခြင်း ဖြစ်၏။

'အိမ်ထဲကို ကျွန်တော် ကိုယ်တိုင် အတင်း ဝင်ပြီး ဘယ်လို လူတွေလဲ ဆိုတာ ကြည့်ရရင် ကောင်းမလားလို့ စိတ်ကူးနေတယ် ခင်ဗျ၊ စုံထောက်ကြီးတို့ နှစ်ယောက်က သက်သေ အဖြစ် လိုက်စေချင်တယ်'

'ခင်ဗျား မိန်းမက ဒီကိစ္စကို ဝင်မရှင်းပါနှင့်လို့ ပြောထားသည့်တိုင် ခင်ဗျား ကိုယ်တိုင် ဝင်ရှင်းဖို့ ဆုံးဖြတ်ပြီးပြီ ဆိုပါတော့'

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်တယ် ခင်ဗျ၊ ကျွန်တော် ကိုယ်တိုင် ဝင်ရှင်းဖို့ ဆုံးဖြတ်ထားတယ်'

'အင်း ခင်ဗျား မှန်ပါတယ်လေ၊ မရေရာတဲ့ သံသယထက်တော့ ကောင်းကောင်းဆိုးဆိုး အမှန်ကို သိရတာက ပိုကောင်းပေတာပေါ့၊ တရားဥပဒေ မျက်စိနှင့် ကြည့်ရင်တော့ ကျုပ်တို့က အမှားဘက်ကို ရောက်နေတယ်ဗျ၊ သို့သော်လည်း စမ်းကြည့်သင့်တယ်တော့ ထင်တာပဲ'

ထိုညမှာ အလွန် မှောင်မိုက်သည့် ည ဖြစ်၍ ပေတစ်ရာ လမ်းမကြီးမှ ဆင်းကာ ဘီးရာကြောင့် ဇောက်တွေ ဖြစ်လျက် ရှိသည့် လမ်းကြားကလေးသို့ ချိုးဝင်လိုက်သည့် အခါတွင် မိုးဖွဲကလေးများ တဖွဲဖွဲ ကျလာလေ၏။ သို့ရာတွင် မစ္စတာ ဂရန့် မွန်ရိုးက ရှေ့မှ တစိုက်စိုက် သွားလျက် ရှိသဖြင့် ကျွန်ုပ်တို့မှာ နောက်မှ မနည်း လိုက်လာခဲ့ကြရပေ၏။

မစ္စတာ ဂရန့် မွန်ရိုးက သစ်ပင်များ ကြားမှ တလက်လက် မြင်နေရသည့် မီးရောင်များကို ညွှန်ပြရင်း

'အဲဒီ မီးရောင်တွေက ကျွန်တော့် အိမ်က မီးရောင်တွေ ခင်ဗျ၊ ဟောဟိုရှေ့က မီးရောင်က ခု ကျွန်တော်တို့ ဝင်မယ့် နှစ်ထပ်တိုက်က မီးရောင်တွေ'

စကား ပြောရင်း လမ်းချိုး တစ်ခုကို ကွေ့လိုက်ရာ ရှေ့တွင် မားမားကြီး ရပ်နေသည့် နှစ်ထပ်တိုက်ကြီးကို ဘွားခနဲ တွေ့လိုက်ရ၏။ မည်းမှောင်သည့် နောက်ခံထဲမှ အလင်းရောင်တန်းကလေး ကျနေသည်ကို ကြည့်ခြင်းအားဖြင့် တံခါး ဖွင့်ထားကြောင်း သိသာနိုင်ပေ၏။ အပေါ်ထပ်မှ ပြတင်းပေါက် တစ်ပေါက်မှာမူ မီးရောင်တွေ ထိန်လျက် ရှိလေ၏။ လှမ်းကြည့်လိုက်သည့် အခါတွင် ပြတင်းပေါက်တွင် ဖြတ်သွားသော အရိပ် တစ်ခုကို ခန်းဆီးပေါ်တွင် ရိပ်ခနဲ မြင်လိုက်ရလေ၏။

'အဲဒီ သတ္တဝါပေါ့၊ အထဲမှာ လူတစ်ယောက် ရှိနေတယ် ဆိုတာကို မြင်ပြီ မဟုတ်လား၊ ကဲ လိုက်ခဲ့ကြဗျာ၊ ရောက်တော့ သိရမှာပေါ့'

တံခါးနားသို့ ကျွန်ုပ်တို့ ရောက်သည့် အခါတွင် အမှောင်ထဲမှ မိန်းမ တစ်ယောက် ထွက်လာပြီး မီးရောင်ထဲတွင် ရပ်နေသည်ကို မြင်ရလေ၏။ ထို မိန်းမ၏ မျက်နှာကို ကျွန်ုပ်တို့ မမြင်လိုက်ရသော်လည်း လက်နှစ်ဖက်ကို ဆန့်တန်းလျက် ရှိပုံကို ကြည့်ခြင်းဖြင့် တစ်စုံတစ်ရာကို အောက်ကျို့ တောင်းပန်လျက် ရှိကြောင်း သိသာနိုင်ပေ၏။

'ဂျက်ရယ် ရှိကြီးခိုးပါရဲ့၊ မလုပ်ပါနှင့်၊ ရှင် လိုက်လာလိမ့်မယ် ဆိုတာ အယ်ဖီ အလိုလို သိနေပါတယ်၊ အကောင်းဘက်က တွေးပါ ဂျက်ရယ်၊ အယ်ဖီ

mgyoe.com

mgyoe.com SAMPLE BOOK


တောင်းပန်ပါတယ်၊ အယ်ဖို့ကို ယုံပါ၊ နောက်ကျရင် နောင်တ ရတာမျိုး မဖြစ်ချင်ပါနှင့်'

မွန်ရီးက ခပ်ထန်ထန်ဖြင့်

'မင်းကို ငါ ယုံခဲ့ပေါင်း များလှပြီ၊ ဖယ်၊ ငါ့သာသာ ငါရှင်းမယ်၊ မင်း ဝင်မရှုပ်နှင့်၊ ခု ငါ့မိတ်ဆွေတွေနှင့် ဒီကိစ္စကို အပြတ် ရှင်းမယ်၊ ဖယ်'

ဂရန့် မွန်ရီးက သူ့ မိန်းမကို တွန်းဖယ်ပြီး ရှေ့က ဝင်သွားသည်တွင် ကျွန်ုပ်တို့လည်း နောက်မှ လိုက်လာခဲ့ကြလေ၏။ တံခါးကို တွန်းဖွင့်လိုက်သည့် အခါ၌ အသက် ကြီးကြီး မိန်းမ တစ်ယောက် ပြေးထွက်လာပြီး ရှေ့မှ ဆီးကာ ထားလေ၏။ သို့ရာတွင် ဂရန့် မွန်ရီးသည် ထိုမိန်းမကြီးကိုလည်း တွန်းထိုး ဖယ်ရှား ပစ်ခဲ့လေ၏။ ကျွန်ုပ်တို့သည် လှေကား အတိုင်း အပေါ်ထပ်သို့ တက်လာခဲ့ကြသည်တွင် ဂရန့် မွန်ရီးသည် မီးရောင် လင်းနေသည့် အိမ်ခန်းထဲသို့ ပြေးဝင်သွားသည့် အတွက် ကျွန်ုပ်တို့လည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြလေ၏။

အခန်းမှာ ကျယ်ကျယ်လွင့်လွင့် ရှိပြီး ကောင်းစွာ ပြင်ဆင်ထားလေ၏။ ဖယောင်းတိုင် နှစ်တိုင်သည် စားပွဲပေါ်တွင် လင်းလျက် ရှိ၍ အခြား ဖယောင်းတိုင် နှစ်တိုင်ကိုလည်း နာရီစင်ပေါ်တွင် ထွန်းညှိထားလေ၏။ ထောင့်တစ်ထောင့်ရှိ



*ကျွန်ုပ်တို့ကို တအံ့တသြ ကြည့်နေသည့်*
*နီဂရိုး သူငယ်မလေး တစ်ယောက်ကို တွေ့ရလေ၏။*



mgyoe.com

mgyoe.com SAMPLE BOOK

ခုံစောင်း တစ်လုံးတွင်မူ သူငယ်မလေး တစ်ယောက်သည် တကုန်းကုန်းဖြင့် စာရေးလျက် ရှိလေ၏။ ကျွန်ုပ်တို့ ဝင်လာသည်ကို မြင်သည့် အခါတွင် သူငယ်မလေးသည် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်လေ၏။ အနီရောင် ဂါဝန်ကို ဝတ်ထားပြီး လက်အိတ် အဖြူ စွပ်ထားသည်ကို မြင်ရပေ၏။ ထိုမိန်းကလေးက ကျွန်ုပ်တို့ အနီးမှ ကွေ့ပတ် ထွက်မည် အပြုတွင် ကျွန်ုပ်မှာ ထိတ်လန့်အံ့သြခြင်း ဖြစ်လွန်းလှသဖြင့် ယောင်၍ပင် အော်လိုက်မိသေး၏။ ကျွန်ုပ်တို့ဘက်သို့ လှည့်လိုက်သည့် ထိုသူငယ်မလေး၏ မျက်နှာမှာ ထူးဆန်းသည့် အသွေးအရောင် ရှိရုံမျှမက မည်သည့် ခံစားချက်ကိုမျှ ဖော်ပြခြင်း မရှိသည့် မျက်နှာသေကြီး ဖြစ်လေ၏။

ရှားလော့ဟုမ်းသည် တစ်ချက်မျှ ရယ်လိုက်ပြီးနောက် ကလေးမ၏ နားရွက် နောက်ကို လှမ်းဆွဲလိုက်သည်တွင် သူ့ မျက်နှာပေါ်တွင် တပ်ထားသည့် မျက်နှာဖုံးသည် ကွာကျသွားကာ အသား မည်းမည်း သွား အဖွေးသား ပေါ်အောင် ပြုံးရင်း ကျွန်ုပ်တို့တစ်တွေကို တအံ့တသြ ကြည့်နေသည့် နီဂရိုး သူငယ်မလေး တစ်ယောက်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ သူ ပျော်နေပုံကို ကြည့်၍ စိတ်ကူးသွားကာ ရယ်လိုက်မိသော်လည်း ဂရန့် မွန်ရိုးမှာ သူ့ လည်ပင်းကို သူ့လက်ဖြင့် ဆုပ်ကိုင်ကာ ငေးငေးကြီး ကြည့်လျက် ရှိလေ၏။

'ဟင် ဒါက ဘာအဓိပ္ပာယ်လဲ၊ ဘယ်လို ဖြစ်တာလဲဟင်'

ဂရန့် မွန်ရိုး၏ ဇနီးသည် မာနကြီး၍ တင်းမာသော မျက်နှာထားဖြင့် အခန်းထဲသို့ ဝင်ရောက်လာကာ

'ကောင်းပြီ၊ ဒီလောက်တောင် သိချင်ရင် ကျွန်မ ပြောပြမယ်၊ ရှင်က ကျွန်မကို အတင်း ပြောခိုင်းနေတော့ ပြောလိုက်တာပဲ ကောင်းတယ်၊ ဒီတော့ ရှင်းသွားတာပေါ့၊ ကျွန်မ ယောကျ်ားဟာ အတ္တလန်တာမှာ ဆုံးခဲ့တယ်၊ ကလေးကတော့ ကျန်ရစ်ခဲ့တယ်'

'ဒါဖြင့် ဒါဟာ မင်းကလေးပေါ့'

မွန်ရိုး၏ မိန်းမသည် သူ့ ရင်အုံတွင် ဆွဲထားသည့် လော့ကက်သီးကို ဖွင့်လိုက်ပြီး

'ဒီလော့ကက်သီးကို ဖွင့်တာ ရှင် တစ်ခါမှ မမြင်ဖူးဘူး မဟုတ်လား'

'ဖွင့်လို့ ရမှန်းမှ ငါ မသိဘဲ'

လော့ကက်သီးမှ စပရိန်လေး တစ်ခုကို နှိပ်လိုက်သည့် အခါတွင် အဖုံးသည် ပွင့်လာလေ၏။ အထူး ချောမော ခံ့ညားပြီး ပါးနပ် ထက်မြက်ဟန်



mgyoe.com

mgyoe.com SAMPLE BOOK

ရှိသည့် ယောက်ျား တစ်ယောက်၏ ဓာတ်ပုံ ပေါ်လာလေ၏။ သို့ရာတွင် ထိုလူမှာ နီဂရိုး တစ်ယောက် ဖြစ်ကြောင်းကို ၎င်း၏ ရုပ်လက္ခဏာက ထင်ရှားစွာ ဖော်ပြလျက် ရှိလေ၏။

'အဲဒါ ဂျွန် ဟီဗရွန်ပဲ၊ သူ့လောက် မြင့်မြတ်တဲ့ ယောက်ျား ဆိုလို့ လောကမှာ တစ်ယောက်မှ မရှိဘူးလို့တောင် ထင်တယ်၊ ကျွန်မဟာ တစ်ဆွေတစ်မျိုးလုံးနှင့် အဆက်ဖြတ်ပြီး သူ့ကို လက်ထပ်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်မတစ်သက်မှာ နီဂရိုး တစ်ယောက်ကို လက်ထပ်ခဲ့ရမလား ဆိုပြီး တစ်ခါမှ နောင်တ မရခဲ့ဘူး၊ ကလေးက ကျွန်မထက် သူ့ အဖေ ဆွေမျိုးတွေကို ခင်တာကတော့ ကျွန်မ ကံလို့ပဲ အောက်မေ့ပါတယ်၊ ပြီးတော့ လူမျိုးကွဲနှင့် လက်ထပ်ရင် ထုံးစံ အတိုင်းပဲ၊ ကလေးက သူ့ အဖေထက်တောင် လူမျိုးကွဲနှင့် တူနေသေးတယ်၊ ဒါပေမဲ့ ဖြူသည် ဖြစ်စေ မည်းသည် ဖြစ်စေ ကျွန်မကလေးဟာ ကျွန်မကလေးပဲ၊ အမေရဲ့ ကလေးပဲ'

ကလေးမလေးက သူ့ အမေထံ ပြေးလာကာ အမေ့ ဝတ်စုံ ကြားထဲသို့ တိုးဝင်လျက် ရှိလေ၏။

'အမေရိကက ကျွန်မ ထွက်လာခဲ့တုန်းက သူ့ကို ထားပစ်ခဲ့တာ တခြားကြောင့် မဟုတ်ဘူး၊ ကလေးက ကျန်းမာရေး သိပ်မကောင်းလို့ ထားပစ်ခဲ့ရတာ၊ ရာသီဥတု ရေ မြေ အပြောင်းအလဲမှာ ရုတ်တရက် လိုက်လို့ မဖြစ်သေးဘူး ဆိုပြီး ထားပစ်ခဲ့တာ၊ ကျွန်မတို့ အိမ်မှာ အိမ်ဖော် လုပ်တဲ့ စကော့ အဘွားကြီး တစ်ယောက်ဆီမှာ ကလေးကို အပ်ထားခဲ့တယ်၊ ကျွန်မ ကလေးကို ကျွန်မ စွန့်ပစ်ဖို့ နည်းနည်းမှ စိတ်မကူးခဲ့ဘူး၊ ဒါပေမဲ့ ဂျက်နှင့် တွေ့လို့ ဂျက်နှင့် ကျွန်မ မေတ္တာမျှခဲ့ကြတော့ ကလေး အကြောင်းကို မပြောရက် မပြောရဲခဲ့ဘူး၊ ကလေး အကြောင်းကို ပြောလိုက်ရင် ကျွန်မကို ပစ်သွားလိမ့်မယ်လို့ ကျွန်မ ကြောက်ပြီး သူ့ကို မပြောရဲခဲ့ဘူး၊ ဒါနှင့် ကျွန်မ သူ့ကို လက်ထပ်ခဲ့ပြီး သူသိမှာ ကြောက်လို့ ကလေးလေးကို ကျွန်မ မျက်နှာ လွှဲခဲ့ရတယ်၊ ရှင်နှင့် ရတဲ့ သုံးနှစ် အတွင်းမှာ ကျွန်မဟာ ကလေး အကြောင်းကို ဖုံးထားခဲ့တယ်၊ ကလေးဟာ ကျန်းကျန်းမာမာ ရှိတယ် ဆိုတာကိုတော့ ကျွန်မရဲ့ ကလေးထိန်းဆီက မကြာခဏ သိရတာပေါ့လေ၊ နောက်ဆုံးတော့ ကျွန်မ သမီးကလေးကို ကျွန်မ မြင်ချင်တွေ့ချင်လာတယ်၊ ကျွန်မ သမီးလေးကို လွမ်းတဲ့ စိတ်ကို ဖြေဖျောက်ပါသေးတယ်၊ ဒါပေမဲ့ ကျွန်မ မရဘူးရှင်၊ ဂျက် သိသွားရင် ပြဿနာ ဖြစ်နိုင်တယ် ဆိုတာ သိပေမဲ့ သိကာမှ သိရော တစ်ပတ်လောက် ဖြစ်ဖြစ် ကျွန်မ သမီးလေးနှင့်



mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ချင်တယ်၊ ဒါနှင့် ကျွန်မ အထိန်းဆီကို ပေါင် တစ်ရာ ပို့လိုက်ပြီး ကျွန်မတို့ အနားမှာ ရှိတဲ့ နှစ်ထပ်တိုက် အကြောင်းကိုလည်း ရေးလိုက်တယ်၊ ကျွန်မနှင့် ဘာမှ မပတ်သက်တဲ့ အိမ်နီးချင်း တစ်ယောက်လို နေဖို့ ကျွန်မ သူ့ကို အကြောင်း ကြားလိုက်တယ်၊ ကျွန်မ ဘယ်လောက် ထိအောင် အကာအကွယ် ယူခဲ့သလဲ ဆိုရင် နေ့လယ်မှာ ကလေးကို အိမ်ပြင် မထွက်ခိုင်းဖို့တောင် အထိန်းကို ပြော ထားခဲ့တယ်၊ ပြီးတော့ အိမ်နီးနားချင်းက လူမည်းကလေးလို့ အပြော မခံရ အောင်လို့ ကလေးကို မျက်နှာဖုံး တပ်ပြီး လက်အိတ် ခြေအိတ်တွေ ဝတ်ထား ဖို့ အထိ ပြောထားခဲ့တယ်၊ တကယ်ကတော့ ဒီလောက် ကြိုတင် ကာကွယ်မှုတွေ မလုပ်ခဲ့ရင် အကောင်းသား၊ ခုတော့ ကျွန်မ အကြောင်းကို ရှင် အကုန် သိမှာ စိုးလို့ ကြိုတင် ကာကွယ်မှုတွေ လုပ်မှ ကျွန်မမှာ အထင်လွဲခံခဲ့ရတယ်။

'နှစ်ထပ်တိုက်မှာ လူသစ်တွေ ရောက်တယ်လို့ စပြောတာ ရှင်ပဲ၊ တကယ် တော့ ကျွန်မ မနက် အထိ စောင့်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ ကျွန်မမှာ ရင် တထိတ်ထိတ်နှင့်မို့ မအိပ်နိုင်ဘူး၊ ဒါနှင့် ရှင်တော့ သိမှာ မဟုတ်ဘူး ဆိုပြီး ညကြီးမင်းကြီးမှာ အသာကလေး ထွက်လာခဲ့တယ်၊ နောက်တစ်နေ့ မနက်ကျ တော့ ရှင် ကျွန်မကို မေးတယ်၊ ဒါပေမဲ့ ကျွန်မ တောင်းပန်လို့ ရှင် သဘောထား ကြီးကြီးနှင့် ဆက်မမေးခဲ့ဘူး၊ နောက်တစ်နေ့ ရှင် အိမ်ထဲကို အတင်း ဝင်လာ တော့ အထိန်းနှင့် ကလေး ဟာ နောက်ဖေးပေါက်က ထွက်ပြီး ရှောင်နေရတယ်၊ ကဲ ခုတော့ ရှင်လည်း အား လုံး သိပြီ၊ ရှင် ဘာလုပ် ချင်သလဲ၊ ရှင် ကြိုက်သလို ဆုံးဖြတ်ပါ'




*မွန်ရိုးသည် ကလေးငယ်ကို ကောက်ချီ၍ နမ်းရှုပ်လိုက်ပြီးနောက်...*

မစ္စက် မွန်ရိုးသည် လက်နှစ်ဖက်ကို ပိုက်ကာ အဖြေကို စောင့်လျက် ရှိ လေ၏။

တိတ်ဆိတ်နေသည် မှာ နှစ်မိနစ်မျှ ကြာသော် လည်း ကျွန်ုပ်တို့ အဖို့တွင်



mgyoe.com

mgyoe.com SAMPLE BOOK

မှု ကြာလှချေ၏ဟု ထင်မိပေ၏။ နောက်ဆုံးတွင် မစ္စတာ ဂရန့် မွန်ရိုးက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းကာ အဖြေ ပေးလိုက်ရာ သူ့ အဖြေမှာ နားမှ ကြားရသည်ထက် ကျွန်ုပ်တို့ အဖို့တွင် ပို၍ ပီတိ ဖြစ်စရာ ကောင်းလှပေ၏။ မွန်ရိုးသည် ကလေးငယ်ကို ကောက်ချီ၍ နမ်းရှုပ် လိုက်ပြီးနောက် လက်တစ်ဖက်ဖြင့် သူ့ မိန်းမကို ဆွဲခေါ်ကာ တံခါးဆီသို့ လှည့်လိုက်လေ၏။

'ကဲ အိမ်ရောက်တော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့ကွာ၊ ငါဟာ သူတော်ကောင်းကြီး တစ်ယောက် မဟုတ်ပေမဲ့ မင်း ထင်ထားတာထက်တော့ သဘောထားကြီးတဲ့ လူတစ်ယောက်ပါ'

ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့သည် သူတို့နှင့် အတူ လိုက်လာခဲ့ကြလေ၏။ လမ်းကြားကလေးသို့ ရောက်သည်တွင် ရှားလော့ဟုမ်းက ကျွန်ုပ်၏ အင်္ကျီလက်ဖျားကို ဆွဲကာ

'နော်ဗာရီမှာ နေတာထက် လန်ဒန်ကို ပြန်တာက ပိုပြီး အကျိုး ရှိလိမ့်မယ် ထင်တယ်ဗျ'

ရှားလော့ဟုမ်းသည် တစ်လမ်းလုံး ထိုအကြောင်းကို တစ်လုံးမှ မပြောတော့သော်လည်း အိပ်တော့မည်ဟု ဆိုကာ ဖယောင်းတိုင်ကို ကိုင်၍ သူ့ အခန်းဆီသို့ ဝင်လာခါနီးတွင်မှ ကျွန်ုပ်ဘက်သို့ လှည့်၍

'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်ကိုယ်ကျုပ် အထင်ကြီးတာမျိုး သို့မဟုတ် အမှု တစ်ခုကို ကြိုးစားပမ်းစား လိုက်သင့်လျက်နှင့် ပေါ့ပေါ့ဆဆ လုပ်မိတာမျိုးများ တွေ့ရင် ကျုပ် နားနားကို ကပ်ပြီး နော်ဗာရီက အဖြစ်အပျက်ကလေး မမေ့နှင့်နော်လို့ သတိ ပေးလိုက်စမ်းပါဗျာ၊ ခင်ဗျား ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး'


[မူရင်း ဝတ္ထု *The Adventure of The Yellow Face.* ရှေ့ဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'မသင်္ကာသော လင်မယား' အမည်ဖြင့် မြန်မာမှု ပြုပြီး။]



mgyoe.com

mgyoe.com SAMPLE BOOK

# ငွေကိုင်စာရေး လိမ်လည်မှု



အိမ်ထောင် ကျပြီးနောက် မကြာမီတွင် ကျွန်ုပ်သည် ပက်ဒင်တန် ရပ်ကွက်တွင် ဆေးခန်းကလေး တစ်ခန်းကို ဝယ်ယူခဲ့လေ၏။ ဆေးခန်းကို ရောင်းလိုက်သည့် ဒေါက်တာ ဖာကူးဟားမှာ တစ်ခါက ဆေးကုသမှု လုပ်ငန်းတွင် အတော် အောင်မြင်ခဲ့သော်လည်း အသက်အရွယ်ကြောင့် တစ်ကြောင်း၊ လေငန်း ရောဂါကြောင့် တစ်ကြောင်း ယခု အချိန်တွင် အလုပ်အကိုင် မကောင်းလှတော့ချေ။ အခြားသူများ၏ ရောဂါကို ပျောက်ကင်းအောင် ကုသမည့်သူသည် မိမိ ကိုယ်တိုင်ကလည်း ရောဂါ ကင်းရှင်း၍ ကျန်းမာ သန်စွမ်းရမည်ဟု အများက ယူဆသည့် အလျောက် ကိုယ့် ရောဂါမှ ကိုယ် ပျောက်အောင် ကုသခြင်း မပြုနိုင်သည့် ဆရာဝန် တစ်ယောက်၏ ဆေးပညာ အစွမ်းကို အများက မယုံမရဲ ဖြစ်ကြမည်မှာ ဓမ္မတာ ဖြစ်ပါသည်။ သို့ဖြင့် ထိုဆေးခန်းကလေးတွင် ဒေါက်တာ ဖာကူးဟား အလုပ်အကိုင် ကျဆင်းလာခဲ့လေရာ ထိုဆေးခန်းကို ကျွန်ုပ် ဝယ်လိုက်သည့် အချိန်တွင် တစ်နှစ်လျှင် ဝင်ငွေ ပေါင် တစ်ထောင့်နှစ်ရာမှ သုံးရာ အထိ ကျဆင်းလျက် ရှိလေ၏။ သို့ရာတွင် ကျွန်ုပ်မှာ အရွယ် ကောင်းတုန်း ဖြစ်ရကား ကြိုးကြိုးစားစား လုပ်လိုက်လျှင် နှစ် အနည်းငယ် အတွင်း ယခင်ကကဲ့သို့ ပြန်၍ အခြေအနေ ကောင်းလာနိုင်သည်ဟု အပြည့်အဝ ယုံကြည်လျက် ရှိပေ၏။

ကျွန်ုပ်သည် ထိုဆေးခန်းကလေးကို ဝယ်လိုက်ပြီးနောက် သုံးလလောက် နင်လား ငါလား လုပ်လိုက်သဖြင့် ဘေကာလမ်းသို့ မရောက်ဖြစ်သည့် အတွက် ကျွန်ုပ်၏ မိတ်ဆွေ ရှားလော့ဟုမ်းနှင့် မတွေ့ရသည်မှာလည်း အတန်ငယ် ကြာခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

လေပြီ။ ရှားလော့ဟုမ်း ကိုယ်တိုင်မှာလည်း အလုပ် ကိစ္စနှင့် ပတ်သက်ခြင်း မရှိလျှင် အပြင်သို့ ထွက်ခဲလှသည့် အတွက် ကျွန်ုပ်နှင့် သိပ် မတွေ့ဖြစ်တော့ချေ။ သို့တပြီးကား ဇွန်လ တစ်မနက်၌ ကျွန်ုပ်သည် ဗြိတိသျှ ဆေးပညာ ဂျာနယ်ကို ကိုင်ဖတ်နေစဉ် ခေါင်းလောင်းသံနှင့် အတူ ထူးသံ ညြဇာ ပြည့်ဝသော ကျွန်ုပ်၏ မိတ်ဆွေကြီး၏ အသံကို ကြားလိုက်ရသည့် အခါတွင် ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် အခန်းထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာပြီးနောက်

'အိုင်ဆေး ဝပ်ဆင်ရေ၊ တွေ့ရတာ ဝမ်းသာသဗျို့၊ ခင်ဗျား အမျိုးသမီးမှာလည်း လေးပွင့်ဆိုင် အမှုတုန်းက ကျုပ်တို့ အတွက် စိုးရိမ်လိုက်ရတာ၊ ခုတော့ ဒီစိုးရိမ်မှုတွေ ပျောက်ပြီ ထင်ပါရဲ့၊ ဟုတ်စ'

'ခုတော့ မစိုးရိမ်တော့ပါဘူးဗျာ၊ စိတ်အေးပါပြီ' ဟု ဆိုကာ ကျွန်ုပ်က ရှားလော့ဟုမ်းကို အားရပါးရ လက်ဆွဲ နှုတ်ဆက်ခြင်း ပြုလေ၏။ ရှားလော့ဟုမ်းက လှုပ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း

'ဆေးကုနေရတော့ စဉ်းစား တွေးတောရတဲ့ အလုပ်ကလေးတွေကို ဟိုတုန်းကလိုမှ စိတ်ဝင်စားသေးရဲ့လား မသိဘူး'

'ဝင်စားပေါ့ဗျာ၊ မနေ့ညတုန်းကပဲ ကျွန်တော့် မှတ်စုတွေကို ပြန်ကြည့်၊ အမှုတွေကို စာရင်း လုပ်ပြီး အမျိုးအစား ခွဲနေမိသေးတယ်'

'ဒါဖြင့် ခင်ဗျား မှတ်စု စာအုပ်ကလေးကို မပိတ်သေးဘူးပေါ့'

'မပိတ်ပေါင်ဗျာ၊ ရနိုင်ရင် နောက်ထပ် အတွေ့အကြုံကလေးတွေကို တောင် လိုချင်ပါသေးတယ်'



'အင်း ဟန်ကျလိုက်လေဗျာ

'ဒီနေ့ရမယ် ဆိုရင်ကော'

'အို ရပါတယ် ခင်ဗျာ၊ ဘောပါ'

'ဘာ မင် ဟမ် အထိ သွားရမယ် ဆိုရင်ကော'

'ခင်ဗျား သွားရင် သွားပါသဗျာ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဆေးခန်းကို ဘယ်လို လုပ်ပစ်ခဲ့မလဲ'

'ကျွန်တော့် ဆေးခန်းနားက ဆရာဝန် အပြင် သွားရင် လူနာတွေကို ကျွန်တော် ဝင်ကြည့်ရတယ်ဗျ၊ သူကလည်း ဒီအကြွေးကို ပြန်ဆပ်ဖို့ အဆင် သင့်ပါ'

ရှားလော့ဟုမ်းက ကုလားထိုင် နောက်မှီကို မှီလိုက်ရင်း မှေးထားသော မျက်လုံးများဖြင့် ကျွန်ုပ်ကို သေချာစွာ စိုက်ကြည့်လျက် ရှိရာမှ

'အင်း၊ ဟန်ကျလိုက်လေဗျာ၊ ဒါ့ထက် ခင်ဗျား ကြည့်ရတာ တစ်လောက နေထိုင်မကောင်း ဖြစ်ခဲ့ပုံ ရတယ် ဟုတ်စ၊ နွေရာသီမှာ အအေးမိပြီ ဆိုရင် အဆိုးသားဗျို့'

'ဟုတ်တယ်၊ လွန်ခဲ့တဲ့ အပတ်က အအေးမိလို့ သုံးရက်လောက် အိပ်ရာ ထဲ လဲခဲ့သေးတယ်၊ ခုတော့ ရှင်းရှင်း ပျောက်သွားပါပြီ'

'ဟုတ်ပါတယ်၊ ခုတော့လည်း တော်တော်ကြီး ကောင်းနေတာပဲ'

'နို့ ခင်ဗျားက ဘယ်လိုလုပ် သိသတုံး'

'ခင်ဗျားလည်း ကျုပ်နည်းတွေကို သိသားပဲ ဆရာကြီးရဲ'

'ကောက်ချက် ဆွဲကြည့်တယ်ပေါ့'

'ဟုတ်ပါ့'

'ဘယ်ဟာကို ကြည့်ပြီး ကောက်ချက်ဆွဲလို့လဲ'

'ခင်ဗျား စီးထားတဲ့ လွှာဖိနပ်ကို ကြည့်ပြီး ဆွဲတာပေါ့ဗျ'

ကျွန်ုပ်က စီးထားသည့် ဖိနပ်ကို ငုံ့ကြည့်လိုက်ရင်း

'နေစမ်းပါဦးဗျ၊ ဒါနှင့် ဘာဆိုင်လို့'

သို့ရာတွင် ကျွန်ုပ် မေးခွန်း မဆုံးမီ ရှားလော့ဟုမ်းက အဖြေ ပေးပြီးသား ဖြစ်နေလေပြီ။

'ခင်ဗျား စီးထားတဲ့ ဖိနပ်က အသစ်ကျပ်ချွတ်ဗျ၊ စီးထားတာ တစ်ပတ် လောက်ပဲ ရှိသေးတယ်၊ ဖိနပ် အောက်ခံခုံက မီး နည်းနည်း ကျွမ်းထားတယ်၊ ရေစိုလာလို့ မီးကင်ရာကနေပြီး ကျွမ်းသွားတာလို့ ထင်လိုက်မိသေးတယ်၊ ဒါပေမဲ့ ခြေခွင်နားမှာ ဆိုင်တံဆိပ် ကပ်ထားတဲ့ စက္ကူ တံဆိပ် အပိုင်းလေး ကျန်နေတယ်၊ မိုးရေ စိုလာခဲ့ရင် ဒီတံဆိပ်ကလေးဟာ ကွာကျသွားလောက်ပြီ၊ ဒီတော့ ခင်ဗျား ဟာ မီးဖိုဘောင်ပေါ်ကို ခြေတင်ပြီး ခြေထောက်ကို မီးကင်လို့ပဲ ဖြစ်ရမယ်၊ ဘယ်လောက်ပဲ အေးတယ် ပြောပြော နေထိုင်ကောင်းနေတဲ့ လူတစ်ယောက်ဟာ ဒီလို အချိန်မျိုးမှာ ခြေထောက်ကိုတော့ မီးကင်မှာ မဟုတ်ဘူး'



mgyoe.com

mgyoe.com SAMPLE BOOK

ယခု ကိစ္စသည်လည်း သူ တွေးခေါ် စဉ်းစားပုံ အတိုင်း ရှင်းပြလိုက်သည့် အခါတွင် ၄က်ပျောသီး အခွံ နွာစားရသည်ထက် လွယ်ကူလျက် ရှိသည်ကို တွေ့ရပေ၏။ ကျွန်ုပ်၏ မျက်နှာပေါ်တွင် ဖေါ်လာသည့် အတွေးကို ရှားလော့ ဟုမ်းက ချက်ချင်း ရိပ်မိသွားကာ စိတ်ပျက်သည့် ဟန်ဖြင့် ပြုံးလိုက်ရင်း

'နည်းကို ဆရာစား မချန်ဘဲ ရှင်းပြတော့ လူ အထင်မကြီးချင်ဘူးပေါ့ ဗျာ၊ တွက်နည်းကို မပြောဘဲ အဖြေလောက်တင် ပြောမှ လူတွေက အထင်ကြီး တတ်ကြတာကလား၊ ကဲ ဆို ဘာမင်ဟာမ်ကို လိုက်မယ် မဟုတ်လား'

'လိုက်မယ်လေ၊ အမှုက ဘာမှုလဲ'

'ရထားပေါ်ကျရင် ပြောပြမယ်လေ၊ အောက်မှာ အမှုသည်က ရထားလုံး နှင့် စောင့်နေတယ်၊ ခုချက်ချင်း လိုက်နိုင်တယ် မဟုတ်လား'

'ခဏလေးဗျ' ဟု ဆိုကာ ကျွန်ုပ်သည် ကျွန်ုပ်၏ လူနာများအား ကြည့် ပေးရန် ဆေးခန်း အနီးရှိ မိတ်ဆွေ ဆရာဝန်ထံ စာတိုကလေး တစ်စောင်ကို ရေးပြီးနောက် အပေါ်ထပ်သို့ တက်ကာ ဇနီးအား ပြောပြ၍ တံခါးဝတွင် ရပ်နေ သည့် ရှားလော့ဟုမ်း အနီးသို့ ပြန်ဆင်းလာခဲ့လေ၏။

'ခင်ဗျား အိမ်နီးချင်းကလည်း ဆရာဝန်နော်' ဟု ရှားလော့ဟုမ်းက ကြေး ဆိုင်းဘုတ်ကို မေးငေါ့ပြရင်း မေးလိုက်၏။

'ဟုတ်တယ်ဗျ၊ သူလည်း ကျွန်တော့်လိုပဲ ဆေးခန်း တစ်ခန်းကို ဝယ် လိုက်တာ'

'ဆေးခန်းက ရှေးတုန်းကတည်းက ဖွင့်ခဲ့တဲ့ လက်ဟောင်း ဆေးခန်းပေါ့'

'အင်း၊ ကျွန်တော့် ဆေးခန်းနှင့် အတူတူလောက်ပဲ ဖွင့်ကြတာပါပဲ၊ လက်ဟောင်း ဆေးခန်းတွေချည်းပေါ့၊ ဒီတိုက်ခန်း စဆောက်ကတည်းက ဖွင့် လာခဲ့တဲ့ ဆေးခန်းတွေ'

'ခင်ဗျား ဆေးခန်းက ပိုပြီး လူနာ အလာ များပုံ ရတယ်'

'ဟုတ်ပါလိမ့်မယ်၊ ခင်ဗျားက ဘယ့်နှယ်လုပ် သိသလဲ'

'လှေကားထစ်တွေကို ကြည့်ပြီး သိတာပေါ့ဗျ၊ ခင်ဗျား အခန်းက လှေ ကားထစ်တွေက အတက် အဆင်းများလို့ ခွက်ဝင်နေပြီး ဟိုဘက် လှေကား ထက် သုံးလက်မလောက် နိမ့်နေတယ်၊ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီ ရထား ပေါ်ကဟာက ကျုပ် အမှုသည်၊ မစ္စတာ ဟော်လ် ပိုင်းကရော့ဗျ၊ ကဲ ရထားဆရာ လေးရေ၊ ခပ်မြန်မြန်လေး မောင်းပေးစမ်းကွာ၊ တို့များ ရထား နောက်ကျမှာ စိုးလို့'

mgyoe.com

mgyoe.com SAMPLE BOOK

ရထားလုံးပေါ်တွင် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက် ရှိသည့် မစ္စတာ ပိုင်းကရော့မှာ ကိုယ်လုံးကိုယ်ပေါက် ကောင်းကောင်း၊ အသားအရေ စိုပြည်လျက် ရှိးသား ပွင့်လင်းသော မျက်နှာပေါ်တွင် အဝါရောင် နှုတ်ခမ်းမွေး ကျိုးတိုး ကျဲတဲ ပေါက်လျက် ရှိပေ၏။ တောက်ပ ပြောင်လက်သည့် ဦးထုပ် မြင့်မြင့်ကို ဆောင်းထားပြီး အနက်ရောင်ကို ဝတ်ထားသည့် အတွက် ကျွန်ုပ်တို့ ဗြိတိသျှ စစ်တပ်များ အတွက် စစ်သားကောင်းများ ဖြစ်ခဲ့ကြပြီး အင်္ဂလန်ကျွန်းတွင် အတော် ဆုံးသော အားကစားသမားများ ဖြစ်ခဲ့ကြသည့် ကော့ကနေး လူငယ် တစ်ဦး ဖြစ်ကြောင်း သိသာနိုင်ပေ၏။ ထိုလူငယ်၏ နီရဲ ဝိုင်းစက်သည့် မျက်နှာသည် ကော့ကနေး လူငယ်တို့ ဖုံးစံ ရွှင်လန်းမှု အပြည့် ရှိသည့်တိုင် နှုတ်ခမ်းများမှာမူ ငိုရ အခက် ရယ်ရ အခက် ဖြစ်နေသကဲ့သို့ ခပ်မဲ့မဲ့ ဖြစ်လျက် ရှိလေ၏။ ကျွန်ုပ် တို့ အားလုံး ဘာမင်ဟမ် ရထား ပထမတန်းတွဲပေါ်သို့ ရောက်သည့်အခါကျမှပင် ရှားလော့ဟုမ်းထံ လာရောက်သည့် အကြောင်းရင်းကို သိရခြင်း ဖြစ်လေ၏။

ရထား ထွက်သည့်အခါ ရှားလော့ဟုမ်းက

'ဘာမင်ဟမ်ကို တစ်နာရီနှင့် သယ်မိနစ် ကြာအောင် ခုတ်ရဦးမှာဗျ၊ ကဲ မစ္စတာ ပိုင်းကရော့ရေ၊ ဟောဒီက ကျုပ်မိတ်ဆွေကြီးကို ခင်ဗျား အဖြစ် အပျက် ထပ်ပြီး ပြောပြလိုက်စမ်းပါဦး၊ တတ်နိုင်ရင် ကျုပ်ကို ပြောတာထက် နည်းနည်း အသေးစိတ်တွေပါ ပါအောင်ပေါ့ဗျာ၊ ကျုပ် အဖို့လည်း ကိုယ် လိုက် မယ့် အမှုကို နောက်တစ်ခါ နားထောင်ရတာ အကျိုး ရှိပါတယ်၊ ဝပ်ဆင်ရေ အမှုကတော့ အရေးကြီးမယ် ဆိုရင်လည်း ကြီးနိုင်တဲ့ အမှု၊ အရေး မကြီးဘဲ အဖျား ရှူးသွားမယ် ဆိုရင်လည်း အဖျား ရှူးသွားနိုင်တဲ့ အမှုမျိုးဗျ၊ သို့သော် လည်း ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ အကြိုက်တွေ့မယ့် ဆန်းဆန်းပြားပြား အချက် ကလေးတွေတော့ ပါတယ်ဗျ၊ ကဲ မစ္စတာ ပိုင်းကရော့ရေ၊ အဖြစ်အပျက်ကို ပြောပြစမ်းပါဦး'

အသက် ခပ်ငယ်ငယ် မစ္စတာ ပိုင်းကရော့က ကျွန်ုပ်အား တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက်

'ကျွန်တော် အခံပြင်းဆုံးကတော့ ကျွန်တော့်ကို သက်သက်မဲ့ အရူး လုပ်သွားတာပဲ ခင်ဗျ၊ နောက်တော့လည်း အဆင် ပြေချင် ပြေသွားမယ်ပေါ့ ခင်ဗျာ၊ ကျွန်တော့် အနေနှင့်ကတော့ သည့်အပြင် အခြား လုပ်စရာ မရှိဘူးလို့ ထင်တာပဲ၊ ဒါပေမဲ့ ကျွန်တော့်မှာ ရထား တစ်စင်းလုံး ဆုံးခဲ့ပြီးမှ ဘာမှ မရ ဘဲ ပြန်ခဲ့တယ် ဆိုရင် ကျွန်တော် ညံ့ရာ ရောက်မှာပေါ့၊ ကျွန်တော် စကားတော့



mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းကောင်း မပြောတတ်ဘူးနော်၊ အဖြစ်အပျက်ကို ကျွန်တော် ပြောတတ်သလိုပဲ ပြောပါရစေ။

'ကျွန်တော်က ဒီရိတ်ပါး ဂါးဒင်း ရပ်ကွက်မှာ ရှိတဲ့ ကိုဖုံနှင့် ဂုဒ်ဟောက်စ် ငွေချေး အရောင်းဒိုင်မှာ အလုပ် လုပ်ပါတယ်၊ ဒါပေမဲ့ ဒီနှစ် နွေဦးပေါက်တုန်းကတော့ ဗင်နီဇွဲလား အစိုးရ ချေးငွေတွေကြောင့် ကျွန်တော်တို့ ကုမ္ပဏီ ပြုတ်သွားတာကို စုံထောက်ကြီးတို့ မှတ်မိလိမ့်မယ် ထင်ပါတယ်၊ အဲဒီ ကုမ္ပဏီမှာ ကျွန်တော် အလုပ် လုပ်ခဲ့တာ ငါးနှစ် ရှိပါပြီ၊ ငွေချေးတွေ ကျလို့ ကုမ္ပဏီ ပြုတ်တော့ အဲဒီ ကုမ္ပဏီက ကျွန်တော့်ကို အလုပ်အကိုင် ကောင်းမွန်ကြောင်း ထောက်ခံစာ ကောင်းကောင်း ရေးပေးလိုက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ စာရေးတွေ အလုပ် မရလို့ တလည်လည် ဖြစ်နေတာပေါ့ ခင်ဗျာ၊ အားလုံး နှစ်ဆယ့် ခုနစ်ယောက် ရှိပါတယ်၊ ကျွန်တော်လည်း တတ်နိုင်သမျှ ကြိုးစားပြီး အလုပ် လိုက်ရှာတယ် ခင်ဗျ၊ ဒါပေမဲ့ ခက်သားပဲဗျာ၊ ဘယ်နေရာ သွားသွား အလုပ်လက်မဲ့တွေ ပုံနေတော့ တော်တော်နှင့် အလုပ် မရပါဘူး၊ ကုမ္ပဏီမှာ လုပ်တုန်းက ကျွန်တော်က တစ်ပတ်ကို သုံးပေါင် ရလေတော့ ပေါင် ခုနစ်ဆယ်လောက် စုမိခဲ့တယ်၊ ဒါပေမဲ့ အလုပ် မရှိတဲ့ အတွင်း ရှိတာလေး ထိုင်စားနေတော့ နောက်ဆုံး ကုန်ရော ဆိုပါတော့ ခင်ဗျာ၊ ဘယ်လောက် အထိ အခြေအနေ ဆိုးသလဲ ဆိုရင် အလုပ် လျှောက်ဖို့ တံဆိပ်ခေါင်းဖိုးတောင် မနည်း ရှာယူရတဲ့ အခြေအနေ ရောက်လာတယ် ခင်ဗျ၊ သွားလိုက်ရတဲ့ ရုံးတွေ၊ အလုပ်တိုက်တွေ၊ ဖိနပ် နောက်မြီး တိုတာသာ အဖတ်တင်တယ်၊ အလုပ်ကတော့ မရဘူး ခင်ဗျ။

'နောက်ဆုံးတော့ လွန်းဗတ်လမ်းမှာ ရှိတဲ့ နာမည်ကျော် ငွေ အရောင်းအဝယ် ဒိုင်တစ်ခု ဖြစ်တဲ့ မော်ဆန်နှင့် ဝီလျံ ကုမ္ပဏီမှာ အလုပ် ရတယ် ခင်ဗျ၊ ငွေချေး အရောင်းအဝယ် လုပ်ငန်းဟာ စုံထောက်ကြီးတို့နှင့် သိပ်ဆိုင်တဲ့ လုပ်ငန်း တစ်ခုတော့ မဟုတ်ဘူးပေါ့ ခင်ဗျ၊ ဒါပေမဲ့ ခု ကျွန်တော် လျှောက်ထားတဲ့ ကုမ္ပဏီဟာ လန်ဒန်မှာဖြင့် အကြီးဆုံး ငွေချေး အရောင်းအဝယ် ဌာနပဲ ခင်ဗျ၊ ကုမ္ပဏီက စာရေး အလိုရှိတဲ့ ကြော်ငြာ ပါလာတော့ လျှောက်လွှာကို စာတိုက်က တစ်ဆင့် ပို့နိုင်တယ်လို့ ပါတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ထောက်ခံချက်နှင့် လျှောက်လွှာကို စာတိုက်ကနေပြီး ပို့လိုက်တယ်၊ ပို့လို့သာ ပို့ရတယ်၊ ရမယ်လို့တော့ သိပ်မထင်လှပါဘူး၊ ဒါပေမဲ့ ပို့ပြီး မကြာခင်မှာပဲ ပြန်ကြားချက် ရောက်လာတယ် ခင်ဗျ၊ တနင်္လာနေ့မှာ လာရောက် တွေ့ဆုံဖို့ အကြောင်း၊ ကျေနပ်လို့ ရှိရင် ချက်ချင်း အလုပ် ခန့်မယ် ဆိုတဲ့ အကြောင်း ပါ




mgyoe.com

mgyoe.com SAMPLE BOOK

လာတယ် ခင်ဗျ၊ ဘယ်လိုကနေပြီး ဘယ်လိုလုပ် ရတယ်လို့တော့ မပြောတတ်ဘူးပေါ့ ခင်ဗျာ၊ သူငယ်ချင်းတွေကတော့ မန်နေဂျာက လျှောက်လွှာပုံးကြီးထဲကို လက်နှိုက်ပြီး ပါလာတဲ့ လျှောက်လွှာရှင်ကို ခန့်တာ ဖြစ်မှာလို့တောင် ပြောနေကြပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော့် အဖို့ ကံဇာတာကလေး ပြန်တက်လာတော့ ကျွန်တော်လည်း အတိုင်းထက် အလွန် ဝမ်းသာမိတာပေါ့၊ လခကတော့ စစချင်း တစ်ပတ်ကို တစ်ပေါင် ခင်ဗျ၊ အလုပ်ကတော့ အလျင်ကုမ္ပဏီမှာ လုပ်ခဲ့ရတဲ့ အလုပ်မျိုးပါပဲ။

'ပြဿနာက စပါတော့မယ် ခင်ဗျာ၊ ကျွန်တော် နေတာက ဟန့်စတက် ရပ်ကွက်၊ အမှတ် ၁၇၊ တော့တားရတ်စ်လမ်း ခင်ဗျ၊ ကုမ္ပဏီက အလုပ်ခန့်စာ ရတဲ့ ညနေက ကျွန်တော်လည်း အခန်းထဲမှာ ထိုင် ဆေးလိပ် သောက်နေတုန်း အိမ်ရှင် အဘွားကြီး ရောက်လာပြီး လိပ်စာ ကတ်ပြားကလေး တစ်ကတ် လာပေးတယ်၊ ကြည့် လိုက် တော့ ကတ်ပြားပေါ်မှာ အာသာ ပင်းနား၊ စိန်ရွှေ ပွဲစားလို့ ရေးထားတယ် ခင်ဗျ၊ ကျွန်တော် သူ့ နာမည်ကို တစ်ခါမှလည်း မကြားဖူးဘူး၊ ကျွန်တော့်ဆီ ဘာကိစ္စလာမှန်းလည်း မသိဘူး၊ ဒါပေမဲ့ ဝင်ခွင့် ပေးလိုက်ပါလို့ အိမ်ရှင်အဘွားကြီးကို ပြောလိုက်တယ် ခင်ဗျ၊ ဝင်လာတော့ လူက ကိုယ်လုံး ကိုယ်ပေါက် မနိမ့် မမြင့်၊ ဆံပင် နက်နက်၊ မုတ်ဆိတ်မွေး နက်နက်၊ အသား ညိုညို၊ ခပ်သွက်သွက်ရယ် ခင်ဗျ၊ အချိန်ကို လုပြီး အလုပ် လုပ်နေရတဲ့ လူတစ်ယောက် ဟန်မျိုးနှင့်၊ စကားပြောရင်လည်း ခပ် သွက် သွက် ပြောတတ်တယ်။



'မစ္စတာ ပိုင်းကရော့ ထင်ပါရဲ့နော်'

' "မစ္စတာ ပိုင်းကရော့ ထင်ပါရဲ့နော်"



mgyoe.com

mgyoe.com SAMPLE BOOK

''ဟုတ်ပါတယ် ခင်ဗျာ'' လို့ ပြောရင်း ကျွန်တော်က ကုလားထိုင် ထိုးပေးတယ်။

''အလျင်တုန်းက ကိုဇုံနှင့် ဂုဒ်ဟောက်စ် ကုမ္ပဏီမှာ အလုပ် လုပ်တယ်နော်''

''ဟုတ်ပါတယ် ခင်ဗျာ''

''ခု မော်ဆန် ကုမ္ပဏီမှာ အလုပ် ရပြီ ဟုတ်စ''

''ဟုတ်ပါတယ်''

''ဟုတ်ပြီ ဟုတ်ပြီ၊ ကိစ္စကတော့ ဒီလို ခင်ဗျ၊ ဘဏ္ဍာရေးနှင့် ပတ်သက်လို့ ခင်ဗျား အင်မတန် ကျွမ်းကျင်တဲ့ အကြောင်းကို ကြားရလို့ပါ၊ ကိုဇုံနှင့် ဂုဒ်ဟောက်စ် ကုမ္ပဏီမှာ မန်နေဂျာ လုပ်သွားတဲ့ ပါကားကို မှတ်မိသေးတယ် မဟုတ်လား၊ သူကတော့ ဒီအကြောင်းကို ကောင်းကောင်း မပြောနိုင်ဘူး ခင်ဗျ''

''ဟုတ်ကဲ့ ခင်ဗျာ၊ ကြားရတဲ့ အတွက် ဝမ်းသာပါတယ်၊ ရုံးမှာ ကျွန်တော်က အထိုက်အလျောက်တော့ ကျွမ်းကျင်ပါတယ်၊ ဒါပေမဲ့ မြို့ထဲမှာ ကျွန်တော်နှင့် ပတ်သက်လို့ ဒီလောက်အထိ ပြောကြမယ်လို့တော့ လုံးလုံးကို မမျှော်လင့်ခဲ့ပါဘူး''

''ခင်ဗျားက မှတ်ဉာဏ် တော်တော် ကောင်းတယ်နော်''

''ဟုတ်ကဲ့ သိပ်မဆိုးပါဘူး'' လို့ ကျွန်တော်က မယုတ်မလွန် ဖြေပါတယ်။

''အလုပ် မရှိတဲ့ အခါတုန်းကရော၊ ခင်ဗျား ငွေဈေး အရောင်းအဝယ် ကိစ္စတွေနှင့် အဆက်အသွယ် မပြတ်ပါဘူးနော်''

''ဟုတ်ကဲ့ မပြတ်ပါဘူး၊ မနက်တိုင်း ငွေဈေးနှုန်း သတင်းကို ကျွန်တော် ဖတ်ပါတယ်''

''ဟုတ်ပြီဗျ၊ ဒါမျိုးမှ ကြိုက်တာ၊ ကြီးပွားမယ့်လူ ဆိုတာ ဒီလို ဖြစ်ရမယ်၊ ဒီတော့ စိတ်မရှိနှင့်ဗျာ၊ ခင်ဗျားကို စမ်းသပ် စစ်ဆေးကြည့်ချင်တယ်၊ ဒီတော့ ဘာမေးရမလဲ၊ ဟုတ်ပြီ၊ ဆိုင်ရာရှိုင်းယား ကုမ္ပဏီရဲ့ ရှယ်ယာ ဈေးက ဘယ်လောက် ရှိနေသလဲ''

''တစ်ရာ ငါးပေါင်ကနေပြီး တစ်ရာ ငါးပေါင်ခွဲနှုန်း ရှိတယ် ခင်ဗျ''

''နယူးဇီလန် ကွန်ဆိုလီဒိတ်တက် ကုမ္ပဏီ ရှယ်ယာဈေးကကော''

''တစ်ရာ လေးပေါင် ခင်ဗျ''

mgyoe.com SAMPLE BOOK
' "ဖြတ်သွေ့ ဘရုတ်ကင်းဟီးလ် ကုမ္ပဏီကကော"
' "ခုနစ်နှင့် ခုနစ် ဒသမ ခြောက် ခင်ဗျ"
'သူက လက်ကို မြှောက်ပြလိုက်ရင်း
' "အံ့သြလောက်ပါပေတယ်ဗျာ၊ ကျွန်တော် ကြားတဲ့ သတင်းနှင့် ကိုက်ပါတယ်၊ ဖြစ်မှ ဖြစ်ရလေဗျာ၊ ခင်ဗျားလောက် တော်တဲ့ လူမျိုးက ဘာမဟုတ်တဲ့ စာရေး ဝင်လုပ်နေရတယ် ဆိုတော့ သိပ်နှာတာပဲ"
'သူက ဒီလို ဖွင့်ပြောတော့ ကျွန်တော်လည်း အံ့အား သင့်နေတာပေါ့ ခင်ဗျာ။
' "အေးလေ ဒါက ခင်ဗျား အမြင်ကိုး၊ တခြားလူကတော့ ခင်ဗျား မြင်သလို မြင်ချင်မှ မြင်ကြပေမှာပေါ့၊ ကျွန်တော့်မှာတော့ ဒီစာရေး အလုပ်က လေးကိုတောင် မနည်းရအောင် ကျားကုတ် ကျားခဲ လုပ်ခဲ့ရတာ ခင်ဗျ"
' "တကယ်ကတော့ ခင်ဗျားက စာရေးနှင့် မတန်ပါဘူးဗျာ၊ လူမှန် နေရာမှန်ကို မရောက်ဘဲ ဖြစ်နေတာ၊ ကဲ ကျွန်တော့် ကိစ္စလေးကို ပြောပြမယ် ဗျ၊ ကျွန်တော် ပေးမယ့် လစာက ခင်ဗျား အရည်အချင်းနှင့် စာရင် သိပ်တော့ မပြောပလောက်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ မော်ဆန် ကုမ္ပဏီက ပေးထားတဲ့ လစာ နှင့် စာရင်တော့ ဆင်နှင့် ဆိတ်လောက် ကွာပါတယ်၊ နေစမ်းပါဦး၊ ခု ခန့်တဲ့ ကုမ္ပဏီမှာ ဘယ်တော့ အလုပ် စဆင်းရမလဲ"
' "တနင်္လာနေ့မှာ ခင်ဗျ"
' "အဲဒီနေ့မှာ ခင်ဗျား အလုပ် မဆင်းစေရဘူးဗျာ၊ အပျင်းပြေ ဖြစ်ဖြစ် လောင်းလိုက်ချင်တယ်"
' "ဘယ်လိုလဲ၊ မော်ဆန် ကုမ္ပဏီမှာ အလုပ် မဆင်းစေရဘူးလို့ ပြောတာလား"
' "ဟုတ်တယ်ဗျ၊ အဲဒီနေ့မှာ ခင်ဗျားဟာ ဖရန့်ကို မစ်ဒလင်း သံထည် လုပ်ငန်း ကုမ္ပဏီ လီမိတက်မှာ မန်နေဂျာ အလုပ် ရမှာဗျ၊ ကုမ္ပဏီက ပြင်သစ် ပြည်မှာတွင် ဌာနခွဲပေါင်း တစ်ရာ သုံးဆယ့်လေးခု ရှိတယ်၊ ဘရပ်ဆယ်နှင့် ဆန်ရီမိုမှာ ဖွင့်ထားတဲ့ တိုက်ခွဲတွေ မပါသေးဘူး"
' "ဟုတ်ရဲ့လား ခင်ဗျာ၊ ကျွန်တော်ဖြင့် ဒီကုမ္ပဏီ အကြောင်းကို မကြားဖူးပါဘူး"
' "ဟုတ်တယ်၊ ကြားတော့ ကြားဖူးမှာ မဟုတ်ဘူး၊ ကုမ္ပဏီက သိပ် ပြီးတော့ ကြေငြာတာတွေ ဘာတွေ မလုပ်ဘူး၊ ရှယ်ယာ ခေါ်တော့လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့် လူရင်းတွေ ကြားမှာ တိုးတိုးတိတ်တိတ်ပဲ ခေါ်တယ်၊ ဦးစီး ဦးကိုင် လုပ်သူကတော့ ကျွန်တော့် အစ်ကို ဟယ်ရီ ပင်းနားပဲ၊ ဘုတ်ဖွဲ့တဲ့ အခါကျတော့ သူက အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ် ဆောင်ရွက်တယ်၊ ကျွန်တော်က ဒီမှာ နှံ့နှံ့စပ်စပ် ရှိမှန်း သိတော့ ဒီလို လုပ်ငန်းမျိုးမှာ အရည်အချင်း ရှိတဲ့ လူငယ် တစ်ယောက်လောက် ရှာပေးပါလို့ အရှာခိုင်းတယ်ဗျ၊ ဒါနှင့် လိုက်စုံစမ်းတော့ ခင်ဗျား အကြောင်းကို ပါကားဆီက ကြားခဲ့ရတယ်၊ ဒါကြောင့် ခု ခင်ဗျားဆီ လိုက်လာတာပဲ၊ သိပ်တော့ များများ မပေးနိုင်ဘူးပေါ့ဗျာ၊ စစချင်း ပေါင် ငါးရာလောက်ပဲ ပေးနိုင်ဦးမယ်''

' ''ဗျာ၊ တစ်နှစ်ကို ပေါင် ငါးရာ ဟုတ်စ''

' ''ဒါက အစပဲ ရှိသေးတယ် ခင်ဗျ၊ ဒါပေမဲ့ ခင်ဗျား ကိုယ်စားလှယ်တွေ လုပ်ပေးမယ့် အရောင်းအဝယ် လုပ်ငန်း အားလုံးပေါ်ကလည်း ကော်မရှင် တစ် ရာခိုင်နှုန်း ရဦးမှာ၊ ဒီတော့ ပေါင်းလိုက်ရင် ကော်မရှင်ကိုက လခထက် များမှာပါ''

' ''ဒါပေမဲ့ ခက်တာက ကျွန်တော်က သံထည် ပစ္စည်းတွေ အကြောင်းကို ကောင်းကောင်းမှ နားမလည်တာ''

' ''ဖြစ်မှ ဖြစ်ရလေ ကျုပ်လူရယ်၊ ခင်ဗျားက စာရင်းအင်းတွေ ကိန်းဂဏန်း နိုင်နေတာပဲ''

'ကျွန်တော့် ခေါင်းထဲမှာ ချာချာ လည်နေတယ် ခင်ဗျ၊ ကုလားထိုင်ပေါ်မှာ ထိုင်နေတာတောင် ငြိမ်ငြိမ် မထိုင်နိုင်ဘူး၊ ဒါပေမဲ့ ချက်ချင်း ဆိုသလို ကျွန်တော့် ခေါင်းထဲမှာ သံသယ ဝင်လာတယ်။

' ''တစ်ခုတော့ ပွင့်ပွင့်လင်းလင်း ပြောပါရစေဗျာ၊ မော်ဆန် ကုမ္ပဏီက ကျွန်တော့်ကို ခု လခ ပေါင် နှစ်ရာပဲ ပေးတယ် ခင်ဗျ၊ ဒါပေမဲ့ မော်ဆန် ကုမ္ပဏီမှာ လုပ်ရတာက စိတ်ချရတယ်၊ ခု ခင်ဗျားတို့ ကုမ္ပဏီက ကျွန်တော် ကလည်း ကောင်းကောင်း မသိသေးတော့ ...''

'ဒီတော့ သူက ဝမ်းသာအားရနှင့်

' ''မှန်လိုက်လေဗျာ၊ ကျွန်တော်ကလည်း ဒီလို လူမျိုးကိုမှ လိုချင်နေတာ၊ ခင်ဗျားက အပြောသမား မဟုတ်ဘူး၊ အလုပ်သမား၊ လက်တွေ့ ပြမှ ကြိုက်တာ၊ ကောင်းပါတယ်၊ ကဲ ကြာတယ်ဗျာ၊ ရော့ ဟောဒီမှာ ပေါင် တစ်ရာ တန်၊ ကျုပ်တို့ အလုပ်ကို လက်ခံမယ် ဆိုရင် ခင်ဗျား လခ အတွက် စရန် အဖြစ် လက်ခံပါ''



mgyoe.com

mgyoe.com SAMPLE BOOK

' "များလှချည်လားဗျ၊ ကောင်းပြီလေ၊ ဒါဖြင့် ကျွန်တော် အလုပ် ဘယ်တော့ ဆင်းရမလဲ"

' "မနက်ဖြန် နေ့လယ် တစ်နာရီကျရင် ဘာမင်ဟမ်ကို အရောက် လာခဲ့ပါ၊ ဟောဒီမှာ ကျွန်တော့် အစ်ကိုကို ပေးဖို့ ကျွန်တော် စာတစ်စောင် ရေးလာခဲ့တယ်၊ ကုမ္ပဏီ ယာယီ ရုံးခန်းက ၁၂၆ ဘီ၊ ကော်ပိုရေးရှင်းလမ်းမှာ၊ အဲဒီမှာ ကျွန်တော့် အစ်ကို ရုံးထိုင်တယ်၊ ဟိုရောက်ရင် ကျွန်တော့် အစ်ကိုက ခင်ဗျား ကို နည်းနည်းပါးပါးတော့ စစ်ဆေးကြည့်လိမ့်မယ်၊ ဒါပေမဲ့ စတိ သဘောပါ၊ ခန့်မှာပါ"

' "ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ဖြင့် ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး"

' "ရပါတယ်၊ အကြောင်း မဟုတ်ပါဘူး၊ ကိုယ်နှင့် ထိုက်တန်လို့ ကိုယ် ရတာပဲ၊ ဪ တစ်ခု နှစ်ခုလောက်တော့ လုပ်စရာ ကျန်သေးတယ်၊ ထုံးတမ်းစဉ်လာ သဘောလေးပါ၊ ကျွန်တော့်ကို စာရွက်ကလေး တစ်ရွက် လောက်၊ အဲ စာရွက်ပေါ်မှာ သဘောတူညီချက်ကလေး ရေးပေးပါဗျာ၊ ဖရန်ကို မစ်ဒလင်း သံထည် ပစ္စည်း ကုမ္ပဏီ လီမိတက်တွင် တစ်နှစ်လျှင် ပေါင် ၅၀၀ ဖြင့် မန်နေဂျာ အဖြစ် လုပ်ကိုင်ရန် လုံးဝ သဘောတူပါကြောင်း ဆိုတဲ့ စာကလေး တော့ ရေးပေးလိုက်ပါ"

'ကျွန်တော်လည်း သူ ပြောတဲ့ အတိုင်း ရေးပေးလိုက်တယ် ခင်ဗျ၊ သူက စာရွက်ကို ယူပြီး အိတ်ထဲကို ထည့်လိုက်တယ်။

' "ဒီလောက်ဆိုရင် လုံလောက်ပါပြီ၊ မော်ဆန် ကုမ္ပဏီက အလုပ်ကို ကော ဘယ့်နှယ် လုပ်မလဲ"

' "လွယ်ပါတယ်၊ စာရေးပြီး နုတ်ထွက်လိုက်ရုံပေါ့"

' "ကျွန်တော်ကတော့ ဒီလို မဖြစ်စေချင်ဘူးဗျ၊ ကျွန်တော်က ခင်ဗျား အတွက် မော်ဆန် ကုမ္ပဏီက မန်နေဂျာနှင့် စကား များခဲ့ရပြီ၊ ခင်ဗျား အကြောင်း ကို သွားမေးတော့ သူက သိပ်မကြိုက်ဘူး၊ သူတို့ ကုမ္ပဏီက လူတော် လူကောင်း တွေကို ဖွဲ့ထုတ်နေတယ်၊ ဘာဖြစ်တယ်နှင့် ကျွန်တော့်ကို စွပ်စွဲတယ်၊ ဒီတော့ ကျွန်တော်လည်း စိတ်တိုလာပြီး လူကောင်း လိုချင် ဈေးကောင်း ပေးပေါ့ဗျလို့ ပြောတယ်၊ ဒီတော့ သူက ခင်ဗျားတို့ ဘယ်လောက် ပေးပေး ဟိုလူက လုပ်မှာ မဟုတ်ဘူး၊ ငွေမက်တဲ့ လူစား မဟုတ်ဘူးလို့ ပြောတယ်ဗျ၊ ဒီတော့ ကျွန်တော်က ဒီလောက် အပြောကြီးလှတာ ငါးပေါင်ကြေး လောင်းမလား၊ ကျုပ်တို့ အလုပ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ရရင် ခင်ဗျားတို့ကို လှည့်တောင် ကြည့်မှာ မဟုတ်ဘူးလို့ ပြောတယ်ဗျ၊ ဒီတော့ သူက လောင်းလိုက်ဗျာ၊ ဒီလူကို ကျူပ်တို့ ဝေတ်ပြတ်နေလို့ လမ်းမပေါ်က ကောက်ခေါ်ပြီး ခန့်ထားခဲ့တယ်၊ ဘယ်တော့မှ ဒီလောက် လွယ်လွယ်နှင့် လိုက်သွားမှာ မဟုတ်ဘူးလို့ ပြောကယ်၊ အဲဒါ သူ ပြောလိုက်တဲ့ စကား အတိအကျပဲ''

' ''ကျွန်တော့်ကို ဒီလိုပဲ ပြောသလား၊ တော်တော် လူပါးဝတဲ့ လူပါလား၊ တကယ်က ကျွန်တော်နှင့် တစ်ခါမှတောင် တွေ့ဖူးသေးတာ မဟုတ်ဘူး၊ တော်ပြီဗျာ၊ စာ မရေးတော့ဘူး၊ ဘာဖြစ်လို့ ရေးနေတော့မလဲ''


' ''ဟုတ်ပြီဗျ၊ ကတိ တည်တယ်နော်၊ တော်တော်ကြာ ပြောဘွားထဲက ကျွန်တော် မကောင်း ဖြစ်နေမယ်၊ ကဲ ကျွန်တော့် အတွက် ...... လူကောင်း တစ်ယောက် ရလို့ ကျွန်တော်တို့တော့ ဝမ်းသာတယ်ဗျာ၊ ဟောဒီမှာ စရန် အဖြစ် ပေါင်တစ်ရာရယ်၊ ကျွန်တော့် အစ်ကိုကို ပေးဖို့ စာရယ်၊ လိပ်စာကို သေသေချာချာ မှတ်ထားနော်၊ ၁၂၆ ဘီ၊ ကော်ပိုရေးရှင်းလမ်း၊ မနက်ပြန် ၆ နာရီ ပြန် တစ်ချက်ကို အရောက်သွားနော်၊ မေ့မနေနှင့်ဦး၊ ကဲ ဂွတ်နိုက်ဗျာ၊ ကံကောင်းပါစေ'' ဆိုပြီး သူလည်း ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားတယ် ခင်ဗျ။

'ဒါဟာ ကျွန်တော် မှတ်မိသလောက် သူနှင့် ကျွန်တော် ပြောခဲ့တဲ့ စကားတွေပါပဲ ခင်ဗျ၊ ဒေါက်တာ ဝပ်ဆင်ပဲ စဉ်းစားကြည့်ပါ၊ ပေါင်တစ်ရာ ဆိုတာ နည်းတဲ့ ငွေမှ မဟုတ်တာ၊ ကျွန်တော်လည်း မြိုးမြိုးမြက်မြက် ရလိုက်တဲ့ အတွက် တော်တော်လေးကို ဝမ်းသာပါတယ်၊ အဲဒီ ညက ငွေစက္ကူကလေးတွေကို ပိုက်ပြီး တော်တော်နှင့်တောင် အိပ်လို့ မရဘူး၊ ဒါနှင့် နောက်တစ်နေ့ မနက်ကျတော့ ဘာမင်ဟမ်ကို စောစော ထွက်တဲ့ ရထားနှင့် လိုက်လာခဲ့တယ်၊ ကိုယ်က စောရောက်ရင် ကောင်းတယ် ဆိုပြီး ခပ်စောစော ရောက်အောင် လာခဲ့တာပါ၊ ဘာမင်ဟမ်ကို ရောက်တော့ ကျွန်တော်လည်း ပစ္စည်းကလေးတွေကို နယူးလမ်းမှာ ရှိတဲ့ ဟိုတယ် တစ်ခုမှာ ချပြီး ပေးထားတဲ့ လိပ်စာ အတိုင်း ကော်ပိုရေးရှင်း လမ်းကို လာခဲ့ပါတယ်။

'ချိန်းထားတာက နာရီပြန် တစ်ချက် ခင်ဗျ၊ ဒါပေမဲ့ တစ်ချက် ထိုးဖို့ ဆယ့်ငါးမိနစ် အလို အထိ သူ ပြောတဲ့ နံပါတ် ၁၂၆ ဘီ ဆိုတာကို ရှာလို့ မတွေ့သေးဘူး၊ နောက်ဆုံးကျတော့မှ တိုက်ဆိုင်ကြီး နှစ်ဆိုင် ကြားထဲက အထဲကို ဝင်သွားတဲ့ လမ်းကြားကလေးထိပ်မှာ ၁၂၆ ဘီ ဆိုတဲ့ နံပါတ်ကို သွားတွေ့တယ်၊ အဲဒီ လမ်းကြားကလေး အတိုင်း ဝင်ပြီး ကျောက်တုံး လှေကား ခင်းထားတဲ့

mgyoe.com SAMPLE BOOK

လမ်းကလေး အတိုင်း အထက်ကို တက်သွားရတယ်၊ အပေါ်ကို ရောက်တော့မှ ကုမ္ပဏီ ရုံးခန်းတွေ၊ အလုပ်ခန်းတွေ အဖြစ် ငှားထားတဲ့ တိုက်တန်းလျားတွေကို တွေ့ရတယ်၊ ကုမ္ပဏီ နာမည်တွေ၊ အလုပ်အကိုင်ရှင်တွေရဲ့ နာမည်တွေကို ဆိုင်းဘုတ်တွေ ချိတ်ထားတယ် ခင်ဗျ၊ ဒါပေမဲ့ သူ ပြောတဲ့ ဖရန့်ကို မစ်ဒလင်း သံထည် ပစ္စည်း ကုမ္ပဏီ လီမိတက်ရဲ့ နာမည်ကိုတော့ မတွေ့ရဘူးခင်ဗျ၊ ကျွန်တော်လည်း စိတ်ဓာတ်တွေ ကျလိုက်တာ ခင်ဗျာ၊ မပြောပါနှင့်တော့၊ ကိုယ့်နှလုံးဟာ ဖိနပ်ထဲ ပြုတ်ကျသွားသလားတောင် အောက်မေ့ရတယ်၊ ငါ့ကို လိမ်များ သွားလေသလား ဘာလားနှင့် တွေးနေမိတယ်၊ ဒီတုန်းမှာ လူတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို လာနှုတ်ဆက်တယ် ခင်ဗျ၊ ရုပ်ကတော့ မနေ့ညက ကျွန်တော့်ဆီကို လာတဲ့ လူနှင့် တော်တော်ကလေး ဆင်တယ်၊ ကိုယ်လုံး ကိုယ်ပေါက်နှင့် အသံကလည်း တူတယ်၊ ဒါပေမဲ့ သူက မနေ့ညက လူနှင့် ကွာတာက မုတ်ဆိတ်ကို သပ်သပ်ရပ်ရပ် ရိတ်လို့၊ ဆံပင်ကလည်း ဟိုလူလောက် မထူဘူး၊ ခပ်ပါးပါး ရယ်။



'လူတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို လာနှုတ်ဆက်တယ်'

''မစ္စတာ ပိုင်းကရော့လား'' လို့ သူက မေးတယ်။

''ဟုတ်ပါတယ်''

''အတော်ပဲဗျာ၊ ကျွန်တော်လည်း ခင်ဗျားကို မျှော်နေတာ၊ ခင်ဗျားက စောရောက်နေတာကိုးဗျ၊ ဒီနေ့ မနက်ပဲ ကျွန်တော့် ညီဆီက စာရတယ်၊ ခင်ဗျား အကြောင်းကတော့ တော်တော်လေးကို ချီးကျူး ရေးလိုက်တာပဲဗျို့''

''ကျွန်တော်က ကုမ္ပဏီ ရုံးခန်းကို လိုက်ရှာနေတာ''

''ကျွန်တော်တို့ ကုမ္ပဏီ ဆိုင်းဘုတ်ကို မချိတ်ရသေး



mgyoe.com

mgyoe.com SAMPLE BOOK

ဘူး ခင်ဗျ၊ ကျွန်တော်တို့က ဒီ အခန်းကို အလျင် တစ်ပတ်ကပဲ ယာယီ ငှား ထားတယ်၊ လာဗျာ၊ ကျွန်တော်နှင့် လိုက်ခဲ့၊ ဟု ရောက်တော့မှ အေးအေးဆေး ဆေး စကား ပြောတာပေါ့''

'ဒါနှင့် ကျွန်တော်လည်း လှေကား အမြင့်ကြီး အတိုင်း သူနှင့် အတူ တက်လိုက်လာခဲ့တယ်၊ အပေါ်ထပ် ရောက်တော့ ဖုန်တွေ တက်နေတဲ့ အခန်းလွတ် ကလေးကို ကျွန်တော်တို့ ဖြတ်လာကြတယ်၊ အခန်းတွေထဲမှာ ကော်ဇောတို့ ဘာတို့လည်း ခင်းမထားဘူးဗျ၊ ခန်းဆီးတွေ ဘာတွေလည်း မရှိဘူး၊ ကျွန်တော် ထင်တာက တကယ့် ရုံးခန်းကြီး၊ စားပွဲကြီးတွေကလည်း ဖိတ်ဖိတ်တောက်လို့၊ စာရေးတွေကလည်း တစ်ပုံကြီး၊ စားပွဲတွေ အစီအရီနှင့်၊ ဒါပေမဲ့ ဟိုရောက်တော့ ဘာမှ မရှိဘူး ခင်ဗျ၊ မတ်တတ် ကုလားထိုင် နှစ်လုံးရယ်၊ စားပွဲ ခပ်သေးသေး တစ်လုံးရယ်၊ လယ်ဂျာ စာအုပ် တစ်အုပ်ရယ်၊ အမှိုက်ခြင်း တစ်လုံးရယ်၊ ဒါပဲ ရှိတယ်၊ ကျွန်တော်လည်း ကြည့်ပြီး အံ့အားသင့်နေတာပေါ့။

'သူက ကျွန်တော့် အခြေအနေကို ရိပ်မိသွားဟန်နှင့်

'' မစ္စတာ ပိုင်းကရော့ရေ၊ ဒါကို ကြည့်ပြီးတော့ စိတ်တော့ မပျက် နှင့်ဗျ၊ ရောမမြို့ကြီးကို တစ်နေ့တည်းနှင့် အပြီးတည်တာ မဟုတ်ဘူး၊ ကျွန် တော်တို့မှာ နောက်ခံ တောင့်ပေမဲ့ တခြား ရုံးခန်းတွေလို သားသားနားနား လုပ်မနေနိုင်ဘူး၊ ကဲ ထိုင်ဗျာ၊ ကျွန်တော့်ညီ ပေးလိုက်တဲ့ စာကို ဖတ်ကြရအောင်''

'ကျွန်တော်က စာကို ထုတ်ပေးလိုက်တော့ သူက စာကို သေသေချာချာ ဖတ်နေတယ် ခင်ဗျ။

'' ကျွန်တော့်ညီ အာသာကတော့ ခင်ဗျားကို တော်တော် သဘောကျ နေပုံ ရတယ်ဗျ၊ အာသာ ဆိုတဲ့ ကောင်ဟာ လူကဲခတ် ညံ့တဲ့ ကောင်တော့ မဟုတ်ဘူး၊ သူက လန်ဒန်မြို့ကို ကိုင်ပြီး ကျိန်ထားတော့ ကျွန်တော်ကလည်း ဘာမင်ဂမ် မြို့ကြီးကို ကိုင်ပြီး ကျိန်ရမှာပဗျာ၊ ကဲ ဒီတစ်ချီတော့ သူ့ အကြံ ဉာဏ်ကို ကျွန်တော် လက်ခံလိုက်မယ်၊ အခုအချိန်က စပြီး အလုပ် ဝင်ပြီလို့ပဲ သဘော ထားလိုက်တော့၊ ပါရီမှာ ကျွန်တော်တို့ ကုမ္ပဏီ ပိုင်တဲ့ သိုလှောင်ရုံတွေ ရှိတယ်ဗျ၊ အဲဒီကနေပြီး ပြင်သစ်ပြည်မှာ ရှိတဲ့ ဆိုင်ခွဲပေါင်း တစ်ရာ သုံးဆယ့် လေးဆိုင်ကို အင်္ဂလိပ် သံထည် ပစ္စည်းတွေ အားလုံး ဖြန့်ချိတယ်၊ ခင်ဗျား တာဝန်က အဲဒီ ပါရီ သိုလှောင်ရုံကို ကြီးကြပ်ဖို့ပဲ၊ ခု ပြင်သစ်မှာ ဖြန့်ဖို့ ပစ္စည်း တွေ ဝယ်နေတယ်၊ တစ်ပတ်လောက် ဆိုရင် ဝယ်လို့ ပြီးတော့မှာပါ၊ ဒီအတွင်းမှာ တော့ ခင်ဗျားက ဘာမင်ဟမ်မှာ ထိုင်ပြီး လိုတာလေးတွေ လုပ်ပေးရုံပါပဲ''



mgyoe.com

mgyoe.com SAMPLE BOOK

' "ဘယ်လို လုပ်ရမှာလဲ ခင်ဗျား"

'သူက အံဆွဲထဲက စာအုပ်နီနီ ထူထူကြီး တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီး

' "ဟောဒါက ပါရီက အထွေထွေ ကုန်စည်ဒိုင် လမ်းညွှန် စာအုပ်ကြီးဗျ၊ ကုမ္ပဏီ နာမည်တွေနှင့် သူတို့ ရောင်းဝယ်တဲ့ ကုန် အမျိုးအမည် စာရင်းတွေ ပါတယ်၊ အဲဒါ ခင်ဗျားအိမ် ယူသွားပြီး သံထည် ပစ္စည်း ရောင်းတဲ့ ကုမ္ပဏီတွေကို စာရင်း လုပ်ဖို့ပါပဲ၊ ဒီစာရင်းတွေက ကျွန်တော်တို့ အဖို့ အရေးကြီးတယ်"

' "ဒီစာရင်းတွေက မှတ်ပုံတင်ထားတဲ့ စာရင်းတွေပဲ၊ ကူးစရာ လိုသေးလို့လား"

' "သိပ် စိတ်မချရဘူးဗျ၊ တချို့ ကုမ္ပဏီတွေက ပျက်သွားပြီ၊ ပြီးတော့ ပြင်သစ် စနစ်က ကျွန်တော်တို့နှင့် သိပ်မတူဘူး၊ ဒီတော့ ကျွန်တော်တို့က ရွေးယူရမှာ၊ ဘာပဲဖြစ်ဖြစ်လေ ဒီစာရင်းတွေကိုသာ ကူးထားပါ၊ တနင်္လာနေ့ ဆယ့်နှစ်နာရီမှာ လိုချင်တယ်၊ ကဲ ဒါပါပဲ မစ္စတာ ပိုင်းကရော့၊ အလုပ် ကြိုးစားပြီး ထက်မြက်တယ် ဆိုရင် ခင်ဗျား အဖို့လည်း ရှေ့မှာ တက်လမ်းတွေ ရှိပါတယ်"

'ကျွန်တော်လည်း စာအုပ် ထူထူကြီး ချိုင်းကြား ညှပ်ပြီး ဟိုတယ်ကို ပြန်တယ် ခင်ဗျ၊ ကျွန်တော့် စိတ်ထဲမှာတော့ မရှင်းတရှင်း ဖြစ်နေတယ်၊ တစ်ဖက်ကနေ ကြည့်တော့ ကျွန်တော့်မှာ အလုပ် ဝင်နေပြီ၊ အလုပ် ဝင်လို့ ပေါင်တစ်ရာ စရန် ရနေပြီ၊ တစ်ဖက်ကနေ ကြည့်တော့လည်း သူတို့ ရုံးခန်းက ခပ်စုတ်စုတ်၊ ကုမ္ပဏီ နာမည် မရှိ ဘာမရှိနှင့်၊ အလုပ်ကြီး အကိုင်ကြီးသမား တစ်ယောက် အနေနှင့် အထင်ကြီးစရာ ဆိုလို့လည်း ဘာမှ မရှိ၊ ဒီလိုနှင့် ကိုယ့် အလုပ်ရှင်ရဲ့ အခြေအနေကို ဘဝင် မကျတကျနှင့် ပြန်လာခဲ့တယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ သူ့ ပိုက်ဆံ ယူမိပြီး သူ့ အလုပ်ကို လက်ခံမိပြီ၊ မတတ်နိုင်ဘူး ဆိုပြီး သူပြောတဲ့ အတိုင်း ကျွန်တော် အလုပ် စလုပ်ပါတယ်၊ တနင်္ဂနွေနေ့ တစ်နေ့လုံး သူ ပြောတဲ့ စာရင်းတွေကို ထိုင်ကူးတယ်၊ တနင်္လာနေ့သာ ရောက်ရော မပြီးသေးဘူး၊ အက္ခရာ စဉ် အလိုက် ကူးလာတာ အိတ်ချ်ကိုပဲ ရောက်သေးတယ်၊ ဒါနှင့် ကျွန်တော့် အလုပ်ရှင်ဆီကို တစ်ခေါက် ပြန်သွားတယ်၊ ခပ်စုတ်စုတ် ရုံးခန်းကလေးထဲမှာ ဟိုနေ့က အတိုင်း ထိုင်လို့ ခင်ဗျ၊ မပြီးရင် ဗုဒ္ဓဟူးနေ့ အထိ ဆက်ကူးပါ ဆိုတာနှင့် ကျွန်တော်လည်း ပြန်လာခဲ့တယ်၊ ဗုဒ္ဓဟူးနေ့ ရောက်တော့လည်း မပြီးဘူး ခင်ဗျ၊ ဒါနှင့် သောကြာနေ့ အထိ ဆက်ကူးပြန်ရော ဆိုပါတော့၊ အဲ မနေ့က အထိ ဆိုပါတော့လေ၊ မနေ့က ကျွန်တော့် အလုပ်ရှင် မစ္စတာ ဟယ်ရီ ပင်းနားဆီကို သွားတယ် ခင်ဗျ။

mgyoe.com